بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

သင်၏ဇနီးကို ပြောပြပါ

စိစစ်ကြီးကြပ်သူ

အလ်ဟာဂျ် မော်လာနာ ဟာဖိဇ် ကာရီ မွဖ်သီ မိုဟမ္မဒ် အေလ်ယားစ်

(အဇီဇီ၊ မဟ်မူဒီ)

ရှာဖွေစုဆောင်းတင်ပြသူ

ချမ်းမြေ့ကြည်သာ (သာစည်)

ကန့်သတ်

သင်တန်းသူများအတွက်သာ

ပန်ကြားအပ်ပါသည်-

- ချစ်နဗီမုဟမ္မဒ် (ﷺ) ၏အမည်ကို ဖတ်လေသောအခါ -

(စွလောလ္လာဟုအလိုင်းဟိဝစလ္လာမ်)

- နဗီတမန်တော်များ၏အမည်များကို ဖတ်လျှင် -

(အလိုင်းဟိစ္စလာမ်)

- စွဟာဗာဟ်၏ အမည်ကိုဖတ်လျှင် -

(ရသွေ့ယောလ္လာဟုအန်းန်ဟု)

- စွဟာဗီယာဟ်၏ အမည်ကိုဖတ်လျှင် -

(ရသွေ့ယောလ္လာဟုအန်းန်ဟာ)

- ဝလီသူတော်စင်တို့၏ အမည်ကိုဖတ်လျှင် -

(ရဟ်မသွလ္လာဟိအလိုင်းဟ်)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁	မေမွေ့စာအုပ်အသစ်လေးသို့ တမ်းခြင်း	၅
၂	သင်၏ဇနီးကိုပြောပြပါ။	၁၀
၃	ခင်ပွန်းလင်	၁၆
၄	ခင်ပွန်းလင်၏အဆင့်အတန်း	၂၁
၅	တန်ဖိုးကြီးမားလင်ယောကျ်ား	၂၃
၆	ဇနီးမယား၏ဝတ္တရား	၂၇
၇	အကောင်းဆုံးအမျိုးသမီး	၂၈
၈	သမီးတော်၏တာဝန်ကျပွန်မှု	၃၄
၉	မွန်မြတ်သောအမျိုးသမီး	၃၆
၁၀	ဟူရ်ကညာ၏ဘဒ်ဒိုအာ	၄၂
၁၁	အကာအွေ့ဒေအစ္စလာမ်မှ ကောက်နှုတ်တင်ပြချက်	၄၃
၁၂	လင်ခင်ပွန်းမကျေနပ်သောဇနီးတစ်ယောက်အကြောင်း	၄၇
၁၃	လင်ချစ်ဆေး	၅၁
၁၄	အမျိုးသမီးတို့ထံဒီးန်၏အေလင်မ်ဝင်ရောက်ရန်မှာ မည်မျှအရေးကြီးလှပါသနည်း။	၅၃
၁၅	နှစ်ဘဝ၏ ကျေးဇူးရှင်လမ်းပြရစူလ်၏ အမိန့်တော် “အကောင်းမြတ်ဆုံးအမျိုးသမီးဟူသည်မှာ”	၅၃
၁၆	သမီးတော်၏စိုးရိမ်ကြောက်ရွံ့မှု	၅၇
၁၇	အမလ် (၄) ရပ်ဖြင့် ဂျန္နသ်သို့ဝင်ကြရအောင်	၆၁
၁၈	အစ္စလာမ့်အိမ်ထောင်သည်အမျိုးသမီးများ၏ ထွဋ်မြတ်မှု အကျိုးကျေးဇူးများ	၆၃
၁၉	ဇနီး၏လုပ်ရပ်ဆိုးကြောင့် နန်းစွန့်ခဲ့ရသည့် နဗီ	၆၆
၂၀	အစ္စလာမ့်ရာဇဝင်မှ ဂန္ဓဝင်ဇနီးမြတ်	၇၁
၂၁	ရွေးချယ်ပါ	၈၁

၂၂	ဇနီးမယားတို့အတွက် နောက်ဆက်တွဲ လက်ဆောင်မွန်	၈၄
၂၃	လင်ယောကျ်ားနှင့် သင့်မြတ်စွာ ပေါင်းဖော်နည်း	၈၅
၂၄	ယောကျ်မနှင့် ချွေးမဆက်ဆံနည်း	၈၇
၂၅	အမျိုးသမီးများအတွက် သာသနာ့ပညာ၏ အရေးပါမှု	၉၁
၂၆	အမျိုးသားများထက် အမျိုးသမီးများအား သာသနာ့ပညာ ပို့ချရေးသည် သာပို၍အရေးကြီးခြင်း။	၉၂
၂၇	အမျိုးသမီးများအား ဒီးန်ရေးရာသင်ကြားပေးခြင်း၏အကျိုးကျေးဇူး	၉၄
၂၈	သာသနာ့ပညာနှင့် လောကီပညာ	၉၄
၂၉	ဒအ်ဝသ်သဗ်လိဂ်လုပ်ဖို့ အမျိုးသားများကဲ့သို့ အမျိုးသမီးများအပေါ်မှာလည်း တာဝန်ရှိသလား	၉၆
၃၀	အီမာန်ရှင်အမျိုးသမီးများနှင့် ဒီးန်နေ့အစွဲလာမ်၏အရေးပါမှု	၉၉
၃၁	အဘွားတို့၏သာသနာ့သောကမှ ပေါ်ထွန်းလာသည့် နဗီနှင့်မုဂ္ဂဒ်ဒိဒ်	၁၀၄

بسم الله الرحمن الرحيم

မေမေ့စာအုပ်အသစ်လေးသို့ တမ်းခြင်း

“အမေ့စာအုပ် အသစ်ထွက်ပြီဟေ့... အမေ့စာအုပ် အသစ်ထွက်ပြီဟေ့...” လွန်ခဲ့တဲ့ နှစ်(၂၅)လောက်က... ကျွန်တော့်အသက် (၁၂)နှစ်သားလောက်က... ကျွန်တော်တို့အိမ်မှာ ပျော်ရွှင်ပြီး မောင်နှမတတွေ ပြောနေကြတဲ့ စကားသံလေးတွေပါ။ ပြန်လည်ကြားယောင်နေဆဲ ပါပဲ။

လှမ်းကြည့်လိုက်တော့ အဖြူရောင်ပေါ်မှာ အနက်အကွက်ကြားဒီဇိုင်းလေးနဲ့ စာအုပ် နာမည်ကတော့ ကြင်နာခြင်းတွေ၊ ငြိမ်းချမ်းခြင်းတွေကို သယ်ဆောင်နေတဲ့ အပြာရောင်နဲ့ “သင်၏ဇနီးကို ပြောပြပါ”လို ရေးထားတယ်။

ဒီခေါင်းစဉ်ဟာ ကလေးတစ်ယောက်နားလည် ခံစား လိုက်နာဖို ခက်ခဲပေမယ့်... မေမေ့ စာအုပ်တိုင်းရဲ့ အမာခံပရိသတ်တစ်ဦးအနေနဲ့ ဒီစာအုပ်ကို ဖတ်ရှုတော့တာပဲ...။ ကိုယ်လက်-လှမ်းမမီတာက တကြောင်း....။ ကိုယ်နဲ့ မအပ်စပ်သေးတာက တကြောင်းဆိုတော့ ဟိုစဉ်အခါက ကျွန်တော် အဲ့ဒီစာအုပ်လေးရဲ့ တန်ဖိုးကို မသိခဲ့တာ အမှန်ပါပဲ...။

လွန်ခဲ့တဲ့ (၂၅)နှစ်ခန့်ကဆိုတော့ ကျွန်တော်တို့ လူမှုပတ်ဝန်းကျင်မှာလည်း အိမ်ထောင်ရေးကို သစ္စာတွေနဲ့ထိန်းသိမ်းကြတယ်၊ သွလားက်ဆိုတာကို ဝေါဟာရအဖြစ်နဲ့တောင် မသိသူတွေအများကြီးပါ။ ဇနီးမောင်နှံတွေကြားမှာ အိမ်ထောင်ရေး ပဋိပက္ခတွေဆိုတာ အဲ့ဒီ ပတ်ဝန်းကျင်မှာ တတော်ရှားခဲ့တာကို...။

ဒီလိုနဲ့ ကလေးဘဝကနေ (၁၀)ကျော်သက်ဘဝကို ကျော်ဖြတ်လာခဲ့ပါတယ်...။ ကျွန်တော်တို့နေထိုင်နေရတဲ့ ပတ်ဝန်းကျင်ကြီးဟာ ကျွန်တော်အရင်သိခဲ့တဲ့ အနေအထားတွေနဲ့ တခြားစီ ဖြစ်သွားတယ်။ ကိုးရီးယားကားတွေ၊ တခြားဇာတ်ကားတွေကပေးတဲ့ အတွေးတွေကြောင့် အိမ်ထောင်ရေး သစ္စာတွေ ပျက်သုဉ်းလာရတော့တယ်။ နောက်ဆက်တွဲအနေနဲ့ အိမ်ထောင်ရေး ပဋိပက္ခတွေဟာ ပတ်ဝန်းကျင်မှာ ဂယက်ထလာတော့တယ်။ ဖသ်ဝါဌာနတွေ၊ တရားရုံးတွေမှာ အများဆုံးမေးမြန်းကြတဲ့ ကိစ္စရပ်တွေဟာ အိမ်ထောင်ရေး ပြဿနာတွေ ဖြစ်လာတော့တယ်။

အိမ်ထောင်ရေးပေါ် သစ္စာတွေပျက်သုဉ်းရတဲ့ အဓိကအကြောင်းအရင်းကို လေ့လာကြည့်တဲ့အခါ ဇနီးမောင်နှံတစ်ဦးနဲ့တစ်ဦးဟာ နေကာနေ့မှာ ဖတ်ကြားလိုက်တဲ့ အာယသ်တော်

တွေ၊ ဟဒီးဆ်တော်တွေရဲ့ လမ်းညွှန်ချက်တွေကို မေ့ပစ်လိုက်ကြလိုပါပဲ။ ဆရာကြီးတွေ နေကာခွသ်ဗာမှာ ဖတ်ကြားတဲ့ အာယသ်တော်တွေနဲ့ ဟဒီးဆ်တော်တွေအားလုံးက သက္ကဝါ "အရှင်မြတ်ကို ရိုသေခန့်ညားပြီး အကြောက်တရားထားဖို့"၊ တစ်ဦးနဲ့တစ်ဦး ကြင်နာကြဖို့၊ အချင်းချင်းမေတ္တာထားကြဖို့ မှာတမ်းနေတာပါ။ သိုပေမယ့် ဒီအချက်တွေဟာ နေ့ရက်တွေ အိမ်ထောင်သက်တွေ ကြာညောင်းလာခဲ့တဲ့အခါ အမေ့ခံတွေ ဖြစ်သွားကြတယ်။

ဇနီးမောင်နှံအချင်းချင်းဟာ အနီးဆုံး သူစိမ်းတွေ ဖြစ်သွားကြတော့တယ်။ ဒီလိုခါးသီးတဲ့ အခြေအနေတွေကို ကုစားဖို့အတွက် ကုရ်အာန်၊ ဟဒီးဆ်နဲ့ ရှေးယခင်က အိမ်ထောင်ရေး သစ္စာရှင်တွေရဲ့ အကြောင်းအရာလေးတွေကို အခြေခံရေးသားထားတဲ့ စာအုပ်စာပေတွေဟာ အားဆေးတစ်ခွက်ပါပဲ။

ဒီကဏ္ဍအတွက် မိခင်မွန်ရေးသားထားတာ နှစ်အုပ်ရှိပါတယ်။ "သင်၏ဇနီးကို ပြောပြပါ"နဲ့ "သင်၏ဇနီးကို ကြင်နာပါ" ဇနီးမောင်နှံနှစ်ဦးလုံးဟာ ကိုယ်စီ ကျေပွန်ကြရမယ့် တာဝန်တွေကို လှလှ ပပ ရေးသားထားတာပါ။ အကြောင်းအရာတစ်ခုကို ဖတ်ချင်သဖွယ် ဖြစ်အောင် ရေးသားတတ်ခြင်းကတော့ မိခင်ကြီးကို အရှင်မြတ်ချီးမြှင့်ထားတဲ့ အနုပညာ တစ်ခုပါပဲ။ အတွေးအခေါ်ကောင်းပါတယ်၊ အဖွဲ့အနွဲ့ကောင်းပြီး၊ စာဖတ်သူကို ဆွဲခေါ်သွားတဲ့ ရေးဟန်တွေနဲ့ သူ့ခေတ်သူ့အခါမှာ အမျိုးသမီးတို့ရဲ့ ကလောင်သမိုင်း ထုဆစ်နိုင်ခဲ့သူမပါ။

ဒီစာအုပ်ကို ကျွန်တော်ရဲ့ ကျေးဇူးရှင်ဆရာကြီးလည်းဖြစ်၊ အစ်ကိုကြီးလည်းဖြစ်သူ ဂျာမေ့အဟ် အတ်စ်မားအ် အလ်အစ္စလာမီယာကျောင်းတော်ရဲ့ ကျောင်းအုပ်ဆရာ အလ်ဟားဂျ် ဟဇရသ် မော်လာနာ ကာရီ မုဖ်သီ အိလ်ယားစ် (အဇီဇီ၊ မဟ်မူဒီ)က စိစစ်ပေးခဲ့တာပါ။ နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း ပထမဆုံး edition အပြီး ဆက်လက် မရိုက်နှိပ်ဖြစ်ခဲ့တာကြောင့် လိုအပ်သူများက လိုအပ်သလို မိတ္တူများ ပွားပြီး ဖတ်ရွတ်နေခဲ့ကြပါတယ်။

ဟရမိုင်းန်စာပေကို တည်ထောင်သူ ချစ်မိတ်ဆွေ ဟဇရသ် မော်လာနာ ကာရီ မုဖ်သီ အဗ်ဒုလ်ဂနီ(နဒ်ဝီ၊ မဇ္ဈာဟ့ရီ)ကို အရှင်မြတ် နှစ်ဘဝတွင် ကောင်းသော အစားများ ချီးမြှင့် ပေးသနားတော်မူပါစေ။ ဆရာသည် ဤစာအုပ်ငယ်အား အပင်ပန်းခံကာ အသစ်တစ်ဖန် စာစီပေးခဲ့ပါတယ်။ မျက်နှာဖုံးဒီဇိုင်း၊ အတွင်း layout ပိုင်း အစအဆုံးကို ခေတ်မီနည်းစနစ်များနဲ့ တင့်တင့်တယ်တယ် စီမံပေးခဲ့ပါတယ်။ ဆရာအနေနဲ့ မိခင်မွန်ရဲ့ တခြားစာအုပ်တွေကိုလည်း ကြိုးစားပြီး ဆောင်ရွက်ပေးခဲ့ပါသေးတယ်။

မြင့်မြတ်တော်မူသော အရှင်မြတ် မူရင်းကျမ်းကို ပြုစုပေးခဲ့သော မိခင်မွန် (ချမ်းမြေ့ကြည်သာ-သာစည်)၊ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ မိမိတို့တတ်စွမ်းသမျှ စွမ်းရည်စွမ်းပကား အလှတရားများဖြင့် ပါဝင်အားဖြည့်ကူညီသူများအားလုံးနှင့် စာဖတ်ပရိသတ်အပေါင်းကို အရှင်မြတ် အကောင်းဆုံး အစားချီးမြှင့်ပေးသနားတော်မူပါစေ...

ဆုမွန်ဒိုအာပြုရင်းဖြင့်...

မုဟမ္မဒ် အာစွင်းမ် (နဒ်ဝီ၊အဗွလ်ဟစန်နီ၊မဇ္ဈာဟေ့ရီ)

ဟစ်ဂျ်ရီ (၁၄၄၅)ခု၊ ရဗီအွလ်အောက်ဝလ်လ(၆)ရက်

22/9/2023(Friday)

“သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်အစပြုပါ၏”

နဒီပိုင်ကမ္ဘရ်သခင် မုဟမ္မဒ်(ﷺ)အမိန့်တော် ရှိခဲ့သည်။ အအ်ရာဗီ ကျေးတောသား တစ်ဦးသည် ငါ၏ထံသို့ လာရောက်၍ လျှောက်မေးသည်မှာ -

“ကျွန်တော်မျိုးသည် မုစလ်မာန်အမှန်ဖြစ်၍ အီမာန် တိုးတက် မြဲခိုင်စေမည့်အကြောင်းကို အလိုရှိပါသည်။ ကိုယ်တော်သခင်မှ တန်ခိုးမုအ်ဇျဇာ တစ်ခု ပြတော်မူပါ”။ ထိုအခါ နဗီသခင်က “အသင် အဘယ်အရာကို အလိုရှိသနည်း”ဟု မေးတော် မူလေရာ-

“မည်သည့်အပင်မဆို ကိုယ်တော်၏ ထံတော်ပါးသို့ ရောက်အောင် ခေါ်ဆောင်၍ ပြတော်မူပါ”ဟု လျှောက်တင်လေ၏။ နဗီက “အသင်အလိုရှိသည့် အပင်အား အသင်ပင် ခေါ်ဆောင်ခဲ့ပါ”ဟု စေခိုင်းလေသော် - ထိုအအ်ရာဗီက သစ်ပင်တစ်ပင်၏ အနီးအပါး သို့သွား၍ -

“အို-သစ်ပင် သင့်အား နဗီပိုင်ကမ္ဘရ်က အပါးတော်သို့လာရောက်ရမည်”ဟု အမိန့်တော် ရှိပါသည်ဟူ၍ ပြောလေသော် ထိုသစ်ပင်သည် ၎င်း၏အမြစ် လေးမျက်နှာ စသည်တို့အား နှုတ်နဲ့ ချိုးဖြုတ်ပြီး အကိုင်းအလက်အရွက်ပေါင်းစုံတို့ကို စုရုံးဆွဲယူကာ သစ်တစ်ပင်လုံးမှာ နဗီသခင်၏ ရှေ့တော်မှောက်တွင် ရောက်လာလေပြီး ကျိုးငဲ့စွာဖြင့် “တစလင်မ်”နှင့် ရပ်နေလေ၏။

အအ်ရာဗီက - ကျွန်တော်မျိုး အီမာန်စွဲယူ ယုံကြည်ပါပြီ။ ထိုသစ်ပင်အား မူရင်းနေရာတွင် မူလအတိုင်း တည်ရှိစေတော်မူပါရန် လျှောက်တင်ပြန်လေသော် နဗီသခင်က အမိန့်ပေးသဖြင့် ထို သစ်ပင်သည် မူလနေရာသို့ ပြန်သွားပြီး မူလအတိုင်း တည်ရှိ လေ၏။ ထိုအခါ အအ်ရာဗီက -

“ယာ - ရစူလောလ္လာဟ် ကိုယ်တော်သခင်၏ ဦးခေါင်းတော်ကို ဖူးမျှော်ပြီးလျှင် ကိုယ်တော်သခင်၏ ခြေတော်အစုံအားနမ်းရှုံ့မှု(ဗူစာ) ပြုပါရစေ အခွင့်ပေးတော်မူပါ”ဟု ရိုသေလေးမြတ်စွာဖြင့် ခွင့်တောင်းခဲ့လေသည်။ နဗီသခင်က ခွင့်ပေးတော်မူသဖြင့် အအ်ရာဗီသည် ဖူးမြင်ဗူစာပြုခဲ့ရလေသည်။ ထို့နောက် ကိုယ်တော် သခင့်အား စဂျ်ဒါပြုလိုပါကြောင်း ခွင့်တောင်း၏။ သို့ရာတွင် နဗီသခင်သည် ခွင့်ပြုတော်မမူဘဲ ဤသို့ မိန့်တော်မူခဲ့လေသည်။

“အလ္လာဟ်အရှင်မြတ်က ဗျာဒိတ်ထား မိန့်ကြားတော်မူ သည်မှာ ငါအရှင်မြတ်မှတစ်ပါး အခြားသူတစ်ဦးကို စဂျ်ဒါပြု ဦးချသင့်သည်ဟု အမိန့်တော်ရှိလိုသည်ဖြစ်လျှင် ဇနီးမိန်းမတို့က မိမိတို့၏ လင်ခင်ပွန်းတို့ကိုသာ စဂျ်ဒါပြုသင့်၏” ဟူ၍ အမိန့်တော်ရှိလေသည် ဟု ကိုယ်တော် က မိန့်ခြွေတော်မူပြီးလျှင် ဆက်လက်၍ -

“ဤသို့ အမိန့်တော်ရှိခြင်းမှာ ဇနီးတို့တွင် လင်တို့၏ (ဟတ်ဂ်) တာဝန်ဝတ္တရား ကြီးမြတ်လှခြင်းကြောင့်ဖြစ်ကြောင်း” ဟု အအ်ရာဗီအား နဗီသခင်က မိန့်ကြားတော်မူခဲ့သည်။ ဟာဂ်၏အချိန်အခါသမယတစ်ခုတွင် (အီးဒ်နမာဇ် ခွတ္တဗာ) ဖတ်ကြားရာ၌ နဗီသခင်သည် ဤသို့ မိန့်ခြွေတော်မူခဲ့၏။

“အို - လူသားအပေါင်းတို့ ဧကန်အမှန် အသင်တို့၏ ဝတ္တရား ဇနီးမယားတို့အပေါ်တွင်ရှိ၍ ထိုဇနီးတို့၏ ဝတ္တရားသည်လည်း အသင်တို့အပေါ်တွင်ရှိလေသည်။ ဇနီးမယားတို့၏ (ဟတ်ဂ်) တာဝန်မှာ မိမိတို့၏ အိပ်ခန်းနေရာကို ထိန်းသိမ်းခြင်း (သစ္စာရှိခြင်း) အသင်တို့အလိုမရှိသူများ၊ မရောက်သင့်သူများ မရောက် မပေါက်စေရန် ထိန်းသိမ်းခြင်းဖြစ်၍ သင်တို့သဘောမတူသမျှ တရားနှင့် မညီသောအရာအပေါင်းကိုလည်း အိမ်သို့ မလာရောက်ကြစေနှင့် မသင့်လျော်သည့် အမှု ကိစ္စအပေါင်း ကိုလည်း မပြုလုပ်စေနှင့်။

အကယ်၍ ထိုတရားများနှင့်ကွဲလွဲလျှင် သင်တို့ အပေါ်တွင် အရှင်မြတ်က (ဟလာလ်) ခွင့်ပြုတော်မူသည်မှာ ထိုဇနီးမယား တို့အား မလွန်မကျူး အတော် အသင့် ဆုံးမရမည်။

ထိုဇနီးမယားတို့အပေါ်တွင် ပြုလုပ်ရမည့်သင်တို့၏(ဟတ်ဂ်) တာဝန်မှာ သင်တို့၏ စွမ်းအင်နှင့်အညီ ထိုက်လျောက်လျော်ညီစွာ ဝတ်စားတန်ဆာ အစားအသောက်တို့အား ကျွေးမွေး ပေးကမ်း ရခြင်းတို့ ဖြစ်လေသည်။

နဗီသခင် ဝဖာသ်ဖြစ် ကွယ်လွန်တော်မူပြီးသည့်နောက် အဆွဲဟာဘ်တော်အပေါင်း စုဝေးပြီး အစ်ဗ်နေ့ အဗ္ဗာစ်သခင်နှင့် တကွ (ကုရ်အာန်တဖ်စိရ်) ကို ရေးလျက်ရှိနေကြစဉ် အအ်ရာဗီ ဆင်းရဲသားတစ်ယောက်သည် ရောက်လာခဲ့ပြီး စလာမ် ဆိုကာ ဤကဲ့သို့ လျှောက်မေးခဲ့လေသည်။

“အို-ရစူလွလ္လာဟ်သခင်၏ အဆွဲဟာဗ်တော်အပေါင်းတို့ ရစူလ်သခင်၏ အမိန့်တော်တစ်ခု အား ကြားသိဖူးပါ၏လော။ (ဧည့်သည်သည် ဂျန္နသ်(သုခဘုံ)၏ သေ့ဖြစ်သည်။ အိမ်သို့ ဧည့်သည်ရောက်လာလျှင် အရှင်မြတ်က ထိုအိမ်ရှင်အတွက် ဂျန္နသ်၏တံခါးတစ်ပေါက်အား ဖွင့်ပေးတော်မူ၏)

ထိုအခါ နဗီသခင်၏ တပည့်အဆွဲဟာဗ်တော်များက “ငါတို့သည် အမှန်ပင် ထိုဟဒီးစ် မိန့်ခွန်းတော်အား ကြားနာခဲ့ရပါသည်”ဟု မိန့်ဆိုတော်မူပြီး ထပ်မံ၍ ရစူလ်သခင်၏ အမိန့်တော်အား မိန့်ကြားတော်မူကြလေသည်။ (မည်သူမဆို မုအ်မင်န်တစ်ဦးသည် ဧည့်သည် အဖြစ်နှင့် ရောက်လာလေသော် ထိုဧည့်သည်နှင့်အတူ ဖရစ်ရှ်သာ (၂) ပါးက ရေးမှတ်ကြသည်မှာ-

ဧည့်သည်စားသောက်သော ထမင်းလုပ်နှင့်အမျှ တစ်လုပ် ကုသိုလ်ပေါင်း တစ်ရာ ရေးမှတ်ပြီး ဂိုနာဟ်အကုသိုလ်ပေါင်း တစ်ရာကို ဖျက်သိမ်း၍ အဆင့်ဒရ်ဂျာပေါင်း တစ်ရာကို ထိုအိမ်ရှင်အတွက် မြှင့်ပေးတော်မူမည် ဖြစ်၏။ ဧည့်သည့်ပြန်သွားပြီးနောက် ရက်ပေါင်း(၄၀) အတွင်း ကျွေးမွေးသူ၏ ဂိုနာဟ်-အကုသိုလ်များကိုလည်း ရေးမှတ်ခြင်းမပြုတော့ပေ။ ၎င်းပြင် အရှင်မြတ်က ချမ်းသာခြင်းဖြစ်သော ရဟ်မသ်တော်၏အရှုဖြင့် မပြတ်ကြည့်ရှုတော်မူမည်ဖြစ်၏” ဟု အဆွဲဟာဗ်တော်များက မိန့်ကြလေသောအခါ ထို အအ်ရာဗီက-

“ကျွန်တော်သည် ထိုဟဒီးစ်တော်အား အဗီတွာလိဗ်၏သား အလီသခင်၏ထံတော်ပါးမှ ကြားသိခဲ့ရသောနေ့မှစ၍ အရှင်မြတ်၏ ထံတော်တွင် (ကစမ်) ကျိန်ဆို၍ ဧည့်သည်မပါလျှင် ထမင်း မစားတော့ပါ ဟု ကျိန်ဆိုခဲ့ပါကြောင်း” ပြောကြားလေသောအခါ ထိုအအ်ရာဗီ၏ ဇနီးမိန်းမသည် (မပ်စ်ဂျိဒ်)တံခါးဝ၌ ထိုင်နေသောကြောင့် ခင်ပွန်းလင်၏ ပြောဆိုသော စကားကြားရသည်နှင့် “ကျွန်မသည် မည်သည့်ဧည့်သည်ကိုမှ (ခစ်ဒ်မဒ်) မပြုစုလိုပါ။ မည်သည့် (မစ္စကီးန်) ဆင်းရဲသား၊ မည်သည့် (မုစာဖိရ်) ခရီးသွားကိုမှလည်း အိမ်၌ ဝင်လာတည်းခိုခြင်းအား သဘောမတူနိုင်ပါ။ ထိုအရာများအား မလိုက်နာ မပြုလုပ်သောကြောင့် ကျွန်မကို ကွာလိုက

ကွာပါ။ ဖြတ်လိုက ဖြတ်ပါ။ (သွလားက်) ပေးလိုကလည်း ပေးပါ။ ထိုအကြောင်းတို့ကြောင့် ကျွန်မသည် အသင်၏ထံသို့လိုက်လာခဲ့ရခြင်းဖြစ်ပါသည်"ဟု ဆိုလေရာ ထိုအခါ အအ်ရာဗီက-

"အို-ရစူလ်သခင်၏ တပည့် အဆွဟာဗ်တော်အပေါင်းတို့- ကျွန်တော်တို့လင်မယား၏ အကြား သင့်မြတ်ကြစေရန်အတွက် သွန်သင်ဟောပြော၍ ဆုံးမပေးကြပါ။ သို့တည်းမဟုတ်ပါက လည်း တစ်ယောက်ကို တစ်ယောက် ကင်းရှင်းပြတ်တောက်၍ (သွလားက်) မြောက်စေရန်ကို လျှင်လည်း ပြုလုပ်၍ ပေးတော်မူကြပါ" ဟု လျှောက်တင်ခဲ့လေသည်။

အဆွဟာဗ်တော်ကြီးများမှာ အံ့သြခြင်းကြီးစွာဖြင့် စကားမဆိုနိုင်အောင်ရှိနေကြပြီးလျှင် ဦးစွာပထမ အဘူဘက်ရ်သခင်က စတင်၍ ဟဒီးစ်သြဝါဒတော်တစ်ပုဒ်အား မိန့်ကြားပြောပြ တော်မူသည်မှာ "အို - အအ်ရာဗီ သင်၏ ဇနီးကိုပြောပြပါ။ ရစူလ်သခင် မိန့်ခဲ့သည်မှာ ဇနီးမယားတို့က မိမိတို့၏ လင်ယောကျ်ားအား ရှင်း ကွာ၊ ပြတ်(သွလားက်) ပေးပါဟု မည်သည့် အချိန်အခါမဆို တောင်းဆိုခဲ့ပါက လင်က သဘောမတူလျှင် ကေယာမသ်နေ့၌ ထို မိန်းမ၏ မျက်နှာသည် မဲမှောင်၍ ခန္ဓာကိုယ်အသားအရေသည် ပိန်ကပ် ခြောက်သွေ့၍သွားမည်ဖြစ်၏။ ထိုမိန်းမ၏လျှာကို လည်ဂုတ်မှ ဖောက်ထွက်စေပြီး ငရဲ၌ ဇောက်ထိုးဆွဲချလိမ့်မည်။ ထိုမိန်းမသည် နေ့မှာ ရိုဇာ၊ ညမှာ အေဘာဒတ်မပြတ် ပြုနေသော သူမပင် ဖြစ်ပါစေ ထိုစကားရပ်ဖြင့်ပင် ဤကဲ့သို့သော ပြစ်ဒဏ်အားခံစားရ မည်ဖြစ်လေသည်။

ထို့နောက် အုမရ်သခင်က မိန့်ပြန်သည်မှာ "အို-အအ်ရာဗီ သင်၏ဇနီးကို ပြောပြပါ။ ရစူလ်သခင်မိန့်ခဲ့သည်မှာ မည်သည့်မိန်းမ မဆို မိမိလင်ယောကျ်ားနှင့် ခွဲခွာ၍ တစ်ညအိပ်သော် အရှင်မြတ်က ထိုမိန်းမအား (အတ်စ်ဖလွတ်စ်စာဖိလီးန်) မည်သော ဒိဇင်ငရဲ၏ အောက်ဆုံးဆင့်တွင် အရှင်၏ အမျက်တော် ပြင်းထန်စွာရှခြင်းခံရသည့် ကာရွန်၊ ဟာမာန်နှင့်တကွ အတူတူခံစားစေတော်မူမည်ဖြစ်ပေသည်။ အကယ်၍ ထိုဇနီးသည် သူတော်စင်မိန်းမပင်ဖြစ်သော်ငြားလည်း ထိုကဲ့သို့ ခင်ပွန်းလင်နှင့် တစ်ညတာ ခွဲခွာ၍ အိပ်စက်ခြင်း၏ အပြစ်ဒဏ်အား ပြင်းထန်သော ငရဲတွင် ကျခံရမည်ဖြစ်လေသည်။

ထို့နောက် အွစ္စမာန်းသခင်က မိန့်ပြန်သည်မှာ -

"အို - အအ်ရာဗီ သင်၏ဇနီးကို ပြောပြပါ။ မည်သည့် မိန်းမ,မဆို လင်၏အခွင့်မဲ့ မိမိနေအိမ်မှ တစ်ခြားတစ်နေရာသို့ ထွက်ခွာသွားလျှင် ထိုမိန်းမ၏အပေါ်သို့ ရှိရှိသမျှနေရာနေရောင်နေပျောက်ကျ ရောက်သမျှသော နေရာအပေါင်းမှလည်းကောင်း၊ ပင်လယ်မြစ်

ချောင်းအင်းအိုင်အတွင်းရှိ ငါးသတ္တဝါအပေါင်းတို့မှလည်းကောင်း (လအဲနသ်) ပြု ကျိန်ဆဲလျက် ရှိကြပေမည်။”

ထို့နောက် အလီသခင်ကလည်း “အို - အအ်ရာဗီ သင်၏ဇနီး ကို ပြောပြပါ။ ရစူလ်သခင် မိန့်ခဲ့သည်မှာ အကယ်၍ ဇနီးမိန်းမသည် မိမိ၏ရင်သားတစ်ဘက်အား လှီးဖြတ်၍ ကဗားဗ် ပြုလုပ်ပြီး အခြား ရင်သားတစ်ဘက်ကို လှီးဖြတ်ကြော်ချက်ကာ လင်ယောကျ်ားအား ပြုစု သော်ငြားလည်း ယောကျ်ားမှ သဘောမတူ မကျေနပ်လျှင် ထို မိန်းမသည် ယဟူဒိ၊ နဆွ်ရာတို့နှင့် အတူ ငရဲ၌ ကျခံကြရမည်ဖြစ်၏။ ယဟူဒိနှင့် နဆွ်ရာတို့သည်ကား အရှင့်ကျမ်းတော်တို့မှ မျက်နှာလွဲခဲ့သူများ၊ အရှင်၏ အမျက်တော်(ဂဇဗ်) ပြင်းထန်စွာကျရောက်မည့်သူများ ဖြစ်ကြ လေသည်။

ထို့နောက် အိဗ်နုအဗ္ဗာစ်သခင်က မိန့်ပြန်သည်မှာ “အို - အအ်ရာဗီ သင်၏ဇနီးကို ပြောပြပါ။ ရစူလ်သခင်က မိန့်ခဲ့သည်မှာ-သူတော်ကောင်း အင်မ်ရားန်၏ သမီးတော်ဖြစ်သည့် သူတော်ကောင်းမ မရ်ယမ်သခင်မကြီးကဲ့သို့ အရှင်၏ ဝတ်ကျောင်းတော်ရိပ်၌ အမလ် အေဘာဒတ် များစွာအား မပြတ်ပြုနေသောသူဖြစ်ပါစေ လင်ခင်ပွန်းက ခင်းနှီးမွေ့ယာပေါ်သို့ ခေါ်လေရာ တစ်နာရီခန့်ဆိုင်းငံ့ပြီး မရောက်လာဘဲနေသည့်အပေါ်တွင် ပြင်းထန်သော (အဇဗ်) ခံကြရသူ၊ ဂိုနာရ်ဂါရ်အပေါင်းနှင့်တကွ (အတ်စ်ဖလွတ်စ်စာဖိလီးန်)မည်သော ဒိဇက်ခ် ငရဲ အောက်ဆုံးအဆင့်တွင် ဇောက်ထိုးဆွဲ၍ အချခံရပေမည်။

ထို့နောက် မိုအားဇ်ဗင်ဂျဗလ်သခင်က မိန့်ပြန်သည်မှာ - “အို - အအ်ရာဗီ သင်၏ ဇနီးကို ပြောပြပါ။ ရစူလ်သခင်မိန့်တော်မူသည်မှာ - အကြင်မိန်းမသည် လင်ခင်ပွန်း၏ နှာနှစ်ပေါက်မှ ယိုစီးသည့် သွေးပြည်တို့ကိုလည်းကောင်း၊ ခံတွင်းမှယိုစီးသည့် သွေးပြည်တို့ကိုလည်းကောင်း နှစ် (၁၀၀၀) ကြာ သုတ်သင်သန့်ရှင်း၍ ခစ်ဒ်မသ် ပြုစုနေသော်ငြားလည်း လင်မနှစ်သက်သော အမှုတစ်ခုပါရှိလျှင်ပင် ထိုမိန်းမအား အရှင်မြတ်က လုံခြုံသော မီးသေတ္တာအတွင်း၌ မီးဝက်အူ စွဲပြီး ဂျဟန္နမ်ငရဲအတွင်း၌ ပစ်ချပေမည်။

ထို့နောက် အဘူဟိုရိုင်ရာသခင်က မိန့်ပြန်သည်မှာ - “အို-အအ်ရာဗီ သင်၏ ဇနီးကို ပြောပြပါ။ ရစူလ်သခင်မိန့်ခဲ့သည်မှာ ဒါဝူးဒ်နဗီ၏သားတော် စိုလိုင်မံနဗီကဲ့သို့ ဥစ္စာပေါများ ကြွယ်ဝသော မိန်းမပင်ဖြစ်သော်လည်း မိမိလင်က ထိုဥစ္စာတို့အား တရားနှင့်အညီ သုံးစွဲသည်ကို ထိုမိန်းမက ငါ၏ပစ္စည်းတို့ကို ဤသို့ ဖျောက်ဖျက် သုံးစွဲပစ်ရပါမည်လောဟု ပြောဆိုရေရွတ်

မြည်တွန်း ခြင်းပြုပါလျှင် ထိုဇနီး၏ အနှစ်(၄၀)က ပြုထားသော ကောင်းမှုများ မှာ အသုံးမကျ အကျိုးမရ ဖြစ်လေ၏။

ထို့နောက်တွင် အဘူဇရ်သခင်က မိန့်ပြန်လေ၏။ "အို-အအ်ရာဗီ သင်၏ဇနီးကို ပြောပြပါ။ ရစူလ်သခင်က မိန့်တော်မူသည်မှာ အကြင်မိန်းမသည် ကောင်းကင်ရှိ (မခ်လူးက်)များ၊ မြေ ပေါ်ရှိ မခ်လူးက်များ၏ အရေအတွက်နှင့်အမျှပင် များပြားစွာအောဘာဒသ် မပြတ် ပြုနေသူဖြစ်ပါစေ။ လင်၏ စိတ်နှလုံးတွင် ကျဉ်းမြောင်း ပူလောင်စေရန် တစ်ခွန်းတစ်သံမျှ နှုတ်မှပြောဆိုချေသော် အရှင်မြတ်က ထိုဇနီး၏ လက်နှစ်ဘက်ကို လည်ဂုတ်မှ ဖောက်ထွက်စေပြီး ပူးတုတ်နှောင်တွဲ လျက် ခြေကိုလည်း မီးသံကြိုးနှင့် ပူးတုတ်လျက် အရှက်ကွဲစေရန် ရှေ့တိုးနောက်ငင် ဆွဲငင် တွန်းထိုးပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်စေမည်။ ထိုမိန်းမအား ရက်စက်ကြမ်းကြုတ်လှသော ငရဲ မှူး၏ လက်သို့အပ်နှင်းလျက် ပြင်းထန်သော အဇာဘ်များကို တစ်ဆင့်မှတစ်ဆင့်သို့ ပြင်းထန်စွာ ခံစားစေမည်။ တစ်ခဏမျှပင် သက်သာမှုမရှိသည့်နေရာ ငရဲတွင် ထိုကဲ့သို့ လင်ယောကျ်ားကို စိတ်ညစ်အောင်ပြောဆိုခဲ့သော ဇနီးမယားတို့ ကျခံရမည် ဖြစ်၏။"

ထို့နောက် စလ်မာန်ဖာရစီသခင်ကလည်း မိန့်ပြန်လေ၏။ "အို - အအ်ရာဗီ သင်၏ ဇနီးကို ပြောပြပါ။ ရစူလ်သခင်မိန့်တော်မူသည်မှာ အလွှာဟ်အရှင် မိန့်တော်မူထားသည်မှာ ငါမှတပါး အခြား သူတစ်ဦးအား စကျဲဒါဦးချုပြုခြင်းတွင် (ဟလာလ်) ပြုရန်ရှိလျှင် ဇနီး မိန်းမတို့အား မိမိတို့၏ လင်ယောကျ်ားကို စကျဲဒါပြုလော့ ဟု မိန့်ပေမည်။ ဤမျှလောက်ပင် ဇနီးမယားတို့ အပေါ်၌ လင်၏ (ဟတ်က်) မှာကြီးမြတ်လှပေ၏။"

ထို့နောက် အဆွဲဟာဗ်တော်တစ်ပါးက မိန့်ပြန်သည်မှာ -"အို - အအ်ရာဗီ သင်၏ ဇနီးကို ပြောပြပါ။ ရစူလ်သခင်က မိန့်ခဲ့သည်မှာ-အကြင်မိန်းမသည် အိုင်ယူဘ်နဗီ၏ ကိုယ်ခန္ဓာတော်တွင် ပြင်းထန်လှသည့် ကုဋ္ဌာနုနာ ရောဂါကဲ့သို့ ရောဂါမျိုးအား(၇)နှစ်ထိ တိုင်အောင်ပင် ခံစား၍ ထိုကာလတစ်လျှောက်လုံး လင်ယောကျ်ားကို ပြုစုခစ်ဒ်မဒ်လုပ်နေသော်ငြားလည်း ထို ရက်ကာလတာရှည်မှုအပေါ်တွင် သင်၏ ခစ်ဒ်မဒ်ပြုစုမှုကို မပြုနိုင်တော့ပြီ။ ဤမျှလောက်ပင် တာရှည်စွာ ပြုစုခဲ့ရပြီးဖြစ်လေသည်ဟု" ပြောမိခြင်းကြောင့် လင်ဖြစ်သူမှာ (၁) နာရီခန့်မျှ စိတ်မချမ်းမသာဖြစ်ခဲ့ရသည်ရှိသော် ထိုဇနီးမိန်းမအား ကြီးမားသည့် အဇာဗ်အပြစ်ဒဏ်ခံနေရသူ ဂျာဒူဂါရ်များ၊ မုသားပြောဆိုဟောပြောတတ်သည့် (ကာဟင်နမ်) မှော်ဆရာ၊ ဗေဒင်ဆရာများ နှင့်အတူ (အတ်စ်ဖလွတ်စ်စာဖိလီးန်) မည်သော ဒိဇပ်ဂ် ငရဲအောက်ဆုံးနေရာ၌ ကျခံရပေမည်။

ထို့နောက် စအီးဒ်သခင်က “အို - အအ်ရာဗီ သင်၏ ဇနီးကို ပြောပြပါ။ ရစူလ်သခင်က မိန့်ခွန်းမတို့သည် လင် တို့က ငင်းတို့၏ ဝင်ငွေအင်အားနှင့် တိုင်းထွာ၍ ပေးအပ်ဆင်မြန်းသော ဝတ်စားတန်ဆာ၊ ကျွေးမွေးသောစားဖွယ်သောက်ဖွယ်ရာတို့အား လောဘထားပြီး အားမရ၊ မတင်းတိမ် ရောင့်ရဲမှု မရှိကြဘဲ တကျက်ကျက် တပူပူနှင့် လင်၏အပေါ်တွင် သဘောမတူကြပါလျှင် အရှင်မြတ်ကလည်း ထိုသို့သော ဇနီးမယားတို့အပေါ်တွင် သဘောတူတော်မမူပေ။ ထိုမိန်းမသည် အပြစ်ရှောင်ကြဉ်သူ သူတော်ကောင်းမပင် ဖြစ်သော်လည်း လင်၏အပေါ်တွင် သဘောမတူသော ပြစ်မှုကြောင့် ထိုမိန်းမ၏ ပြုခဲ့သမျှသော ကောင်းမှုကုသိုလ်အား အရှင်မြတ်က သဘောတူတော်မူမည် မဟုတ်ပေ။

ထို့နောက် အဗ္ဗဒွလ္လာဟ်ဗင်နှ်အဗ္ဗာစ်သခင်က မိန့်ပြန်သည်မှာ “အို - အအ်ရာဗီ သင်၏ ဇနီးကို ပြောပြပါ။ ရစူလ်သခင်က မိန့်ခွန်းသည်မှာ မိုးကောင်းကင် (၇) ထပ်ရှိ (ဖရစ်ရှ်သာ) ကောင်းကင်တမန်များ၏ အရေအတွက်အား(၇)သိန်းတိုးပြီး ထိုမျှလောက် အရေ အတွက်များစွာရှိသည့် ကောင်းကင်တမန်အပေါင်းတို့က ထိုမိန်းမပေါ်၌ လအ်နသ်ပို့ ကျိန်ဆဲကြလိမ့်မည်။ ထိုမိန်းမတို့သည်ကား အခြားမဟုတ်၊ လင်ယောကျ်ား၏ ပစ္စည်းဥစ္စာအပ်နှံထားရာကို ထိမ်ချန်ကဲ့ဝ့က် (ခေယာနသ်) အလွဲသုံးစား ပြုခဲ့ကြသူမများ ဖြစ်ခဲ့ကြသည်။”

ထို့နောက် အဗ္ဗဒွလ္လာဟ်ဗင်နှ် မပ်စ်အူးဒ်သခင်ကလည်း - “အို - အအ်ရာဗီ သင်၏ ဇနီးကို ပြောပြပါ။ ရစူလ်ကိုယ်တော်မိန့်တော်မူခဲ့သည်မှာ ခင်ပွန်းလင်တို့က ငင်းတို့၏ မိတ်ဆွေများ၊ ဧည့်သည်များအား ကျွေးမွေးပြုစုကြသောအခါတွင် အကြင်ဇနီးမယားတို့မှ သဘောမတူ ငြူစူကြလေသောအခါ အဖန်ဆင်းခံအားလုံးတို့၏ (လအ်နသ်)ကျိန်စာမှာ ထိုမိန်းမတို့အပေါ်သို့ ကျရောက်လေမည် ဖြစ်ပေ၏။”

ထို့နောက် ဟစံဗင်နှ် သာဗီ အန်စွာရီသခင်က မိန့်ပြန်သည်မှာ “အို - အအ်ရာဗီ သင်၏ ဇနီးကို ပြောပြပါ။ ရစူလ်သခင်မိန့်တော်မူခဲ့သည်မှာ လင်၏ဒေါသဖြစ်ခြင်းခံရသော မိန်းမ၏ အပေါ်တွင် အရှင်မြတ်ကလည်း ဒေါသဖြစ်တော်မူ၏။ လင်က ဇနီးအပေါ်တွင် ချစ်ခင် နှစ်သက်ကျေနပ်၍ ဝမ်းမြောက်ဝမ်းသာရှိခဲ့ပါလျှင် အရှင်မြတ်ကလည်း ထိုဇနီးမိန်းမအပေါ်တွင် ကျေနပ်နှစ်သက်တော်မူပေမည်။ ထိုဇနီးသည် ယမန်နိုင်ငံအား အစိုးရသော ဘုရင်မင်း၏ သမီးတော်ကဲ့သို့ပင် ကြီးကျယ်သောသူမ ဖြစ်ပါစေ မိမိတို့၏ လင်က သဘောတူမှသာလျှင် အရှင်မြတ်က သဘောတူတော်မူမည် ဖြစ်လေသည်”။

ထို့နောက် ကသာဒဟ်သခင်ကလည်း “အို-အအ်ရာဗီ သင်၏ဇနီးကို ပြောပြပါ။ ရစူလ်သခင်က မိန့်ခဲ့သည်မှာ - လင်ယောကျ်ား စိတ်ဆိုးစေရန်အတွက် စကားတစ်ခွန်းတစ်ပါဒ ပြောမိ၍ ယောကျ်ားမှ ဒေါသအမျက်ထွက်ပြီး စိတ်ဆိုးလေသော် ထိုမိန်းမ၏ အမည်ကို (မုနာဖိကူးန်) သာသနာ့အရေခြုံ-အယောင်ဆောင်သူအသင်း၊ (မုရှ်ရိကူးန်) တုဖက်နှိုင်းယှဉ်ကိုးကွယ်သူများ၏ အသင်းတွင် အမည် ရေးသားစေပြီးလျှင် ပြင်းထန်လှသော ငရဲဘုံတွင်ခံစားရမည့် အကြောင်းကို ထိုသူမသည် ဤလောကဒွန္နယာမှ မထွက်ခွာမီ (မသေမီ)ကတည်းကပင် ရေးမှတ်ထားခြင်းအား ခံရမည် ဖြစ်လေသည်။

ထို့နောက် ဟစ်ဗင်န် အလီ သခင်ကလည်း “ အို - အအ်ရာဗီ သင်၏ဇနီးကို ပြောပြပါ။ ရစူလ်သခင်မိန့်တော်မူခဲ့သည်မှာ အရှင်မြတ်က ဖရစ်ရှ်သာအပေါင်းအား အမိန့်တော်ရှိလေသည်။ အို-ဖရစ်ရှ်သာအပေါင်းတို့ အကြင်မိန်းမသည် မိမိ၏လင်ကို မခံချင်အောင် ဒေါသအမျက်ထွက်လေအောင် စကားတစ်ခွန်းကို ပြောမိချေ၏။ ထိုမိန်းမ၏ဘက်သို့ ကယာမသ်နေ့တွင် ငါအရှင်မြတ်၏ ရဟ်မသ်တော်အရှုဖြင့် ကြည့်ခြင်းမှာ မဆိုင်ပြီ ဖြစ်လေသည်။”

ထို့နောက် စအီးဗင်န် မို့စိုင်ယစ်ဗ် သခင်က မိန့်ပြန်သည်မှာ - “အို-အအ်ရာဗီ သင်၏ ဇနီးကို ပြောပြပါ။ ရစူလ်သခင်မိန့်တော်မူခဲ့သည်မှာ အလွှာဟ်အရှင်က မိန့်မြွက်တော်မူထားသည်မှာ မိန်းမတို့၏အပေါ်တွင် ဂျန္နသ်သုခဘုံအား (ဟရာမ်)ပြုတော်မူမည်။ ဂျန္နသ် သုခဘုံအတွင်းသို့ သွတ်သွင်းတော် မမူပေ။ သို့ရာတွင် ထိုမိန်းမတို့၏ ပြုခဲ့လေသမျှသော အမှုကိစ္စ(၁၀၀) တွင် တစ်စုံတစ်ခုသော ကိစ္စတစ်ခုအား သူမလင်မှသဘောတူ ကြည်ဖြူခဲ့ပါလျှင် ငါအရှင်မြတ်က လည်း (ထိုဇနီးမိန်းမအပေါ်၌) နှစ်သက်သဘောတူ ကြည်ဖြူတော်မူပြီးလျှင် ချမ်းသာပေးသနားတော်မူလျက် ဂျန္နတ်သုခဘုံ အတွင်းသို့ သွတ်သွင်းချီးမြှင့်တော်မူမည် ဖြစ်လေသည်။”

ဤကဲ့သို့ ရစူလ်သခင်၏ တပည့်အစွဟာဗ်တော်အပေါင်းတို့မှ ချစ်ရစူလ်သခင် အမိန့်တော်ရှိခဲ့သည့် ဟဒီးစ်ဩဝါဒတော်များကို အသီးသီး တင်ပြ၍ ဟောပြောသွန်သင်ဆုံးမ တော်မူကြသည့်အပေါ် ထိုအအ်ရာဗီ၏ ဇနီးမယားမှာ တရားကျနားဝင်ခဲ့ပြီးလျှင် ဤသို့ လျှောက်တင်ခဲ့လေသည်။

“အို-ရစူလ်သခင်၏ အဆွဲဟာဗ်တော်အပေါင်းတို့ ကျွန်မ၏ လင်ယောကျ်ားအား ကျွန်မ၏ အပေါ်တွင် စိတ်နာမှုအပေါင်းမှ ပြေကျေအောင် တောင်းပန်၍ ပေးတော်မူကြပါ”။

ကျွန်မသည် ရှေးအထက်က မိုက်ရိုင်းဆိုးသွမ်းခဲ့မှုများမှ တရားကျပါပြီ။ နောင်တ,တရား-လည်းရခဲ့ပါပြီ။ နောင်အခါတွင်လည်း ထိုဆိုးသွမ်းသော အကျင့်စရိုက်မလေ့ဆိုးအပေါင်းကိုလည်း

စွန့်လွှတ်ပြီးလျှင် ကျွန်မ၏ခင်ပွန်း မကျေနပ်၊ မနှစ်သက်သော စကားရပ်တို့ကိုလည်း မပြောမဆိုတော့ပါ”။

“လင်ယောကျ်ား၏ အမိန့်အား ရှိသေစွာနာခံ၍ အတည်ပြုပါမည်။ နောင်မသေမီစပ်ကြားတွင် ခင်ပွန်းလင် စိတ်နာကျင်ပြီး အမျက်ထွက်စေမည့် အပြုအမူ၊ အပြောအဆိုတို့ကိုလည်း မပြုလုပ် မပြောဆိုတော့ပါကြောင်း” ကိုဝန်ချ၍ တောင်းပန် အာမခံလေ၏။

ခင်ပွန်းလင် အအိရာဗီသည်လည်း ထိုကဲ့သို့သော ဇနီးမယား၏ ဝန်ချတောင်းပန်မှုအပေါ်တွင် ဝမ်းမြောက်ကြည်နူးစွာဖြင့် ထိုဇနီး၏ နောင်တ,တရားနှင့် အမှားဝန်ချတောင်းပန် ပြောဆိုခဲ့သည့် စကားရပ်များကို ကျေနပ်ကြည်ဖြူစွာ ထောက်ထားလျက် ဇနီးမယား အပေါ်တွင် သနားကရုဏာဆယ်ဆမက တိုးတက်ချစ်ခင်လာပြီးလျှင် ကျေနပ်နှစ်သက်ပိုမို၍ပင် စုံမက်မြတ်နိုးကာ မိမိ၏ ဇနီးမယား အပေါ်မှာ စိတ်ပြေကျေနပ်ပြီးဖြစ်ပါကြောင်းကို အဆွဲဟာဗ်တော် အပေါင်းအား လျှောက်ထားပြောဆိုခဲ့လေသည်။ (၉၀ဂျိရ်ကျမ်း)

ခင်ပွန်းလင်

ခင်ပွန်းလင်ဆိုသည်မှာ သမီးရှင်မိဘနှစ်ပါး၏ လက်ဝယ်မှ နေကာဟ်ပြု လက်ထပ်ထိမ်းမြားကာ ထိုသမီး၏ တာဝန်အရပ်ရပ်အား လက်ပြောင်းလွှဲယူ တာဝန်ထမ်းရွက်ခဲ့ပါသော ကျေးဇူးရှင်ပင် ဖြစ်လေသည်။ ပထမက သမီးသည် မိဘ(၂)ပါး၏ ကျေးဇူးတရား အောက်တွင်ရှိနေခဲ့ပေ၏။ မိခင်ကလည်း မိခင်အလျောက် သမီး အပေါ်၌ တာဝန်ကျပွန် ကျေးဇူးပြုခဲ့ပြီး ဖခင်သည်လည်း ဖခင်အလျောက် သမီးအပေါ်တွင် ဖခင်၏တာဝန်ကို ကျပွန်၍ ကျေးဇူးပြုခဲ့ကြသည်သာ ဖြစ်လေသည်။

သမီးကညာများ(ဘာလစ်ဂ်) ချိန် အရွယ်ရောက်လာလေသောအခါ သမီး၏အရှက်အိန္ဒြေသိက္ခာနှင့် ပတ်သက်၍ မိခင်ဖခင်တို့မှာ အပြည့်အဝ တာဝန်ယူစောင့်ရှောက်မှု၊ လုံခြုံမှုမပေးနိုင်ခဲ့ကြတော့ပေ။ မိန်းမသားတို့၏ သဘာဝအရှက်တရားသည် အဓိကပင်ဖြစ်လေသည် မဟုတ်လော။ မိဘတို့သည် သမီး၏အရှက်အိန္ဒြေကို လုံခြုံစေရန်အတွက် နေကာဟ်ပြုလက်ထပ်ပေးပြီး ခင်ပွန်းလင်၏ လက်ဝယ်သို့ အပ်နှင်းခဲ့လေသည်။ ထိုအချိန်မှ ခင်ပွန်းလင်သည် စတင်၍ ထိုဇနီးမယား၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အရှက် သိက္ခာစသည်တို့ကို တာဝန်ယူခဲ့ရပြီး အန္တရာယ်အသွယ်သွယ်ကိုလည်း တံတိုင်းသဖွယ် ကာကွယ်စောင့်ရှောက်သမှုများ ပြုခဲ့ကြရလေသည် ဖြစ်ပါ၏။

မိဘ(၂)ပါးမှ တာဝန်ယူခဲ့ရသော သမီးတစ်ယောက်အား နေကာဟ်ပြုပြီးနောက် ဇနီးမယားဖြစ်သည်နှင့် ခင်ပွန်းလင်တစ်ဦးတည်းက တာဝန်ယူခဲ့ရရှာလေသည်။ ဤသည်ကို အလေးအနက်ထား စဉ်းစားကြပြီး ဇနီးမယားတို့က လင်ခင်ပွန်းတို့၏ ကျေးဇူးတရားများကို တွေးဆမျှော်မြင်၍ သိတတ်စေချင်ပါသည်။ ထိုခင်ပွန်း လင်ယောကျ်ားမှာ ဇနီးမယားနှင့်တကွ မွေးဖွားလာသမျှသော သားသမီးများအတွက် အဖက်ဖက်မှ တာဝန်ယူဆောင်ရွက်ခဲ့ကြပြီး အဆင့်ဆင့် ပြုစုပျိုးထောင်ပေးခဲ့ရှာလေသော ကျေးဇူးရှင်လည်း ဖြစ်ပေသည်။ မိသားစု၏ တာဝန်တို့အား တစ်ကိုယ်တည်း မငြီးမငြူ ထမ်းရွက်ယူရင်း ဇနီးမယားနှင့် သားသမီးတို့ အပေါ်တွင် ဖြူစင်စေတနာထားခဲ့ရှာလေသော ကျေးဇူးရှင်များလည်း ဖြစ်လေသည်။

အချို့ခင်ပွန်းလင်တို့သည် ကံမကောင်းအကြောင်းမလှသောကြောင့် ဇနီးဆိုး၊ သားသမီးဆိုးတို့၏ ဆိုးသွမ်းမှုဒဏ်ကို ခံယူနေကြရသော်ငြားလည်း စေတနာမပျက်၊ တာဝန်မပျက် ရှာဖွေလုပ်ကိုင် ကျွေးမွေးနေခဲ့ကြ၏။ အမှန်တကယ် ခင်ပွန်းလင်များသည် ဇနီးဖြစ်သူအား သူမ၏မိဘ (၂) ပါးထံမှ လက်ပြောင်းယူပြီး ကျေးဇူးပြုနေကြသော ကျေးဇူးရှင်ကြီးများသာ ဖြစ်လေသည်။ ထိုလင်ခင်ပွန်းတို့၏ မိသားစုတွက် အနစ်နာခံ စတေးမှုများကိုကား ကာယကံရှင် ခင်ပွန်းလင်တို့သည်သာလျှင် ပိုမိုခံစားသိမြင်တတ်ကြပေမည်။

ထိုကျေးဇူးရှင် ခင်ပွန်းလင်တို့ အိုမင်းမစွမ်းလာလေသောအခါ ပို၍ပင် သနားဖွယ်ရာဖြစ်၏။ ဇနီးဆိုးနှင့် သားသမီးဆိုးတို့ကြောင့် ပစ်ပယ်ခြင်းခံရကာ အိုမင်းမစွမ်းဘဝမှာ အထီးကျန်၍ ဒုက္ခရောက် နေကြသော ခင်ပွန်းလင်တို့ကိုလည်း များစွာပင် မြင်တွေ့နေကြရလေသည်။ မီးဇာကုန်ဆီခန်းပြီး အိုမင်းမစွမ်းဖြစ်လာသောအခါ မိမိ ရှာဖွေပေးကျွေးမှု မပြုနိုင်သောအခါ၌ ဇနီးဆိုးနှင့် သားသမီးဆိုးတို့ကြောင့် ထားရာနေ၊ စေရာသွားဘဝသို့ ရောက်ရှိသွားကြရလေကုန်သော ခင်ပွန်းလင်တို့မှာလည်း မနည်းလှပေ။

ဤသည်မှာ သာသနာ့အသိတရား ခေါင်းပါးကြသော ဇနီးနှင့် သားသမီးတို့၏ ပြုမူဆက်ဆံမှု တစ်ရပ်ပင်ဖြစ်၏။ နုပျိုစဉ်ကာလက ရှိရှိသမျှစွမ်းရည်စွမ်းပကားကို အလုံးစုံ အကုန်ရင်းနှီးသုံးစွဲပြီး ဤသားသမီးတို့အတွက် လုပ်ကိုင်ဆောင်ရွက် ကျေးဇူးပြုခဲ့လေသည်ကို ဇနီးနှင့် သားသမီးများက ပြန်လည်စဉ်းစားမြင်ယောင်သင့်ပေသည်။ အချို့လင်ယောကျ်ားတို့သည် ဇနီးနှင့် သားသမီးတို့အတွက် မိဘ-နှစ်ပါးနှင့် ဆွေမျိုးမိတ်သင်္ဂဟများကိုပင် ရန်သူ လုပ်ခဲ့ကြပေသေး၏။ (ဤသို့လည်း မလုပ်အပ်ပေ။ ရှရီအသ်အရ သူနေရာနှင့်သူ အားလုံး၏ တာဝန်များအား ကျေပွန်ကြရမည်သာ ဖြစ်လေသည်။)

အလွှာအသီးသီးမှ ခင်ပွန်းလင်တို့မှာ စီးပွားဥစ္စာရှာဖွေမှုဌ္ဌ နည်းလမ်းပေါင်းမျိုးစုံနှင့် ဇနီးသားသမီးတို့ ဂုဏ်ရှိစေရန်အတွက် အဖက်ဖက်မှ ကြိုးစားရုန်းကန်၍ ဒုက္ခများ ခံနေကြသည်ကိုလည်း ပတ်ဝန်းကျင်တွင် တွေ့မြင်၍ နေရလေသည်။

သက္ကဒိးရ်စိမံရာ အကြောင်းတရား ကောင်းစားကြသည့် အချို့ ခင်ပွန်းလင်များမှာ သက်မွေးဝမ်းကြောင်းရှာဖွေမှုတွင် သက်သာနုနယ်စွာ ရှိခဲ့ကြသကဲ့သို့ အချို့သော ခင်ပွန်းလင်များမှာကား ကြမ်းတမ်းသော ဘဝနှင့် ခါးသီးလှစွာ တိရိစ္ဆာန်နှင့်ပင် ရုန်းကန်ယှဉ်တွဲ ဒုက္ခထဲမှာ သက်မွေးမှုရှာ မသာယာကြရှာပေ။

သနားစရာအချို့ခင်ပွန်းလင်များမှာ ဇနီးသားသမီးတို့အတွက် အသက်ဘေးနီးကပ် အန္တရာယ် အထပ်ထပ်ကိုရင်ဆိုင်၊ အလုပ်နှင့် လက်မပြတ်အောင် ကြိုးပမ်းရင်း ရုတ်တရက် ချက်ချင်းဆိုသလို အသက်ကိုအပ်နှင်းပေးဆပ် စတေးကြလျက် မိမိအတွက် (အာခေရတ် အောင်မြင်မှု) ဘာတစ်ခုမှ မကြိုးပမ်းလိုက်ရရှာဘဲ ဘဝ၏နိဂုံး ချုပ်ငြိမ်းသွားခဲ့ရသော လင်ယောကျ်ားများလည်း မနည်းလှပေ။

ဩော် - အိမ်ထောင်ပြုစ ကနဦးကပင် မိမိ၏ဘဝအား ဇနီး မယားနှင့်ရင်သွေးများအတွက် စွန့်ရက်စွန့်စား စတေးထားပြီး ကျေးဇူးတရား ကြီးမားလှစွာသော ကရုဏာတော်ရှင် မွေးဖခင်နှင့် ခင်ပွန်းလင် ကျေးဇူးရှင်တို့ပင် ဖြစ်ပါလေ၏။

ဇနီးသားသမီးတို့၏ ပျော်ရွှင်သာယာရေးကို နည်းမျိုးစုံဖြင့် ဖန်တီးပေးရင်း ကြွေးပင်လယ်တွင်းဌ္ဌ နစ်ဆင်းသွားခဲ့ရရှာသော လင်ယောကျ်ားတို့မှာလည်း အများကြီးပင် တွေ့နေရပါ၏။ ဤကဲ့သို့ မိသားစုအတွက် ရှာဖွေကြိုးပမ်းဆောင်ရွက်ရင်း ခင်ပွန်းလင်တို့မှာ (အမလ်-အေဘာဒတ်) များ မိမိတို့အတွက် မလုပ်ဆောင်နိုင်လောက်အောင်ပင် အချိန်တွေ လစ်ဟင်းစေခဲ့ပြီး ဇရာအိုယိုယွင်း၍ မကြာမီ ကာလအတွင်း ခန္ဓာကြွေသက်ဆင်းလို့ မြေကြွင်းအောင်းရတော့မည့် အရွယ်သို့တိုင် ဆိုက်ရောက်သွားခဲ့ကြပေပြီ။ ယခုအချိန်သမယ ထိုသူတို့၏ဘဝဟာ အကူအညီအလိုအပ်ဆုံးကာလပင် ဖြစ်ပေတော့၏။

ကျေးဇူးရှင် ခင်ပွန်းလင် ဇရာထောင်း၍ မှီခိုခံဘဝရောက်လာလေသောအခါတွင် သာသနာ့ အသိတရားမရှိကြသည့် မိုက်ရိုင်းလှသော အချို့ဇနီးသားသမီးများသည် ပြုစုရန် အလှည့်ကြုံလေသောအခါဌ္ဌ ခါးသီးရက်စက်စွာပင် စွန့်ပယ်ကြတော့သည်ကို ဝမ်းနည်းဖွယ်-ရာပင် တွေ့မြင်နေကြရလေသည်။ ခင်ပွန်းလင်တို့မှာ အိမ်၏ အရှင်သခင်ဘဝမှ (ကျီးစောင့်ကြက်နှင်) အဖြစ်နှင့် အသုံးမကျသည့်ဘဝသို့ လျော့ကျသွားခဲ့ပြီး ဇနီးသားသမီးများ၏ မရှိမသေ

ဟစ်အော်ငေါက်ငမ်းနေမှုများကိုလည်း တွေ့ကြုံကြရသည်။ ဤသည်တို့၏ အဓိကအချက်မှာ ကား (ဒီးန်၏အေလင်မ်) သာသနာတော်၏ အသိတရားမရှိကြခြင်းသည် အရင်းခံအကြောင်းရင်း ပင်ဖြစ်လေသည်။

ထို့ကြောင့် ထိုဇနီးသားသမီးတို့အတွက် သာသနာ့အသိတရားများ ရရှိကြစေရန်အလို့ငှာ နေ့ (သို့မဟုတ်) ညစဉ်အိမ်တွင် (တအ်လင်မ်) ပြုလုပ်ကြရန်မှာ အလွန်ပင်အရေးကြီးလှပေသည်။ မိမိတို့ ကိုယ်တိုင် လက်တန်းသွန်သင်ဆုံးမနေကြခြင်းထက် ဤကဲ့သို့ တအ်လင်မ်ပြုလုပ်ခြင်းက ပိုမိုထိရောက်စူးရှလေသည်။တအ်လင်မ်ဖြင့် ကုရ်အာန်၏ နူရ်နှင့် ဟဒီးစ်၏ နူရ်အလင်းတရားများက မိသားစု တစ်ခုလုံး၏ နှလုံးသားတွင် တစိမ့်စိမ့်နှင့် ဝင်ရောက်လျက် အားလုံးမှာ လိမ္မာရေးခြားရှိသွားကြပေလိမ့်မည်မှာ အမှန်ပင်ဖြစ်ပါလေ၏။ မိမိတို့၏ တာဝန်များကိုလည်း သိသွားကြပေမည်။

တအ်လင်မ်ဖြင့် နှလုံးသား၌ အလင်းတရားများ ဝင်ရောက်လာသည်နှင့် ထိုနှလုံးသား အတွင်းမှ အမိုက်တရား၊ အမှောင်တရားများသည် တစတစနှင့် ထွက်ခွာသွားမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် အိမ်၏ တအ်လင်မ်အား မိသားစုမှ အထူးဂရုပြု ဆောင်ရွက်ကြရန် သင့်လှပေသည်။

“လူအချင်းချင်း၏ ကျေးဇူးတရာအား မသိတတ်သောသူသည် ငါအရှင်မြတ်၏ ကျေးဇူးတရားများကိုလည်း သိတတ်မည်မဟုတ်ပေ” ဟူသော အလိုသဘော သက်ရောက်သည့် အရှင်မြတ်၏ အမိန့်ဗျာဒိတ်တော်အရ အချို့သော သာသနာ့အသိတရားရှိကြသည့် ဇနီးသားသမီးတို့မှာကား အရှင်မြတ်ကို အကြောက်ထားကြပြီး ခင်ပွန်းလင်နှင့် ဖခင်ဖြစ်သူတို့၏ ကျေးဇူးတရားများကို နားလည် သိမြင်တတ်ကြလေသည်။ ကျေးဇူးကြွေးဟောင်းအား တန်ဘိုးထားကာ ပြန်ပြောင်းတွေးမြင်ပြီးလျှင် လိုအပ်သမျှအား (ခစ်ဒ်မသ်) ပြုစုကြလေသည်။ ကျေးဇူးရှင်တို့အား ရေပူ၊ ရေချမ်း လိုအပ်သည်များကို ကမ်းလှမ်းကာ လေးစားမြတ်နိုး ပြုစုစောင့်ရှောက်ကြလေသည်။ ဇရာအို ကျေးဇူးရှင် ဖခင်နှင့် ဇရာအို ခင်ပွန်းလင်အား ချစ်စနိုးနှင့် ကျီစယ် ယုယပျော်ရွှင်စေကြသည်ကိုလည်း ကြည်နူးဖွယ်ရာ တွေ့မြင်နေကြရလေသည်။

ဤသည်မှာကား အရှင်သခင် ကျေနပ်နှစ်သက်သော အလွန်ပင် မင်္ဂလာရှိလှသည့် မျက်လုံးအေးမြဖွယ်ရာ မြင်ကွင်းများပင် ဖြစ်ပါလေ၏။ ဇနီးကောင်း၊ သားသမီးကောင်းများဟူသည်မှာ ကျေးဇူး ကြွေးဟောင်းများကို ပြန်လည်ပေးဆပ်သည့်အနေနှင့် စားနိုင်သည်များကို ရွေးချယ်ကျွေးမွေး၍ ယုယကြင်နာစွာ ဖေးမ တွဲခေါ်ပြီး အညစ်အကြေးများကိုလည်း ရှဲရှာမှုကင်း

သုတ်သင်သန့်ရှင်း၍ ပေးကြရပေမည်။ ယခုချိန်ခါ ပထမ မိမိက အိုမင်းမစွမ်းသူတို့အား ပြုစု ယုယခဲ့ပါသော် မိမိကိုယ်တိုင်ပင် အိုမင်းမစွမ်း ဖြစ်လာသောဘဝသို့ ဆိုက်ရောက်လာသည့် အခါတွင် မိမိအား ပြုစုမည့်သူမှာ အလိုလိုပင် ရောက်ရှိလာလိမ့်မည်ဖြစ်ပေသည်။ အတုံ့အလှည့် (ဗဒလံ၊ ဗဒလာ) ဖြစ်ပေသည်မဟုတ်လော။ တစ်နေ့သောအခါတွင် မိမိတို့သည်လည်း အို ဦးမည်၊ နာ ဦးမည်၊ သေဆုံးရဦးမည် ဖြစ်လေသည်။

“ဝဋ်လည်သည်” ဟူသော စကားပုံတစ်ခုအား ကြားဖူးကြပေလိမ့်မည်။ ဝဋ်ဆိုသည်မှာ အဘယ်နည်း။ ဝဋ်ဆိုသည်မှာ (ကိုယ်ပြုခဲ့သော အလုပ်အတိုင်း ကိုယ့်အပေါ်တွင် ပြန်လည် သက်ရောက် ခံစားရခြင်း)ကို ဆိုလိုပေသည်။ ဤလောကတွင် ဝဋ်ဆိုသည်မှာ အမြဲ လည်ပတ် လျက် ရှိနေပေသည်။ ငရဲသည်ကား နောက်မှရောက်ရှိလာမည်ဖြစ်၏။ ထို့ကြောင့် ဝဋ်လည်မည် ကို ကြောက်ရွံ့ကြရမည်။ မဟုတ်မမှန်တာ မလုပ်ရ။ နိုင်တိုင်းလည်း မကျင့်ရ။ မည့ဉ်းပန်းရ။ မနှိပ်စက်ရ။ သံသရာလည်၍ မိမိ၏ထံသို့ မိမိ၏ လုပ်ရပ်မျိုးအတိုင်း ပြန်လည် ရောက်ရှိ ခံစားကြရမည်ကို စဉ်းစားတွေးမြင်သုံးသပ်လျက် (အဒလ်)ဟူသော တရားမျှတမှု ကိုယ်ချင်းစာ တရားများကို လက်ကိုင်ထားကြရမည် ဖြစ်လေသည်။ ကိုယ်ချင်းစာနာခြင်းသည်ပင် တရားစစ် တရားမှန် ဖြစ်သည် မဟုတ်ပါလော။

အလ္လာဟ်အရှင်မြတ်က ဤဒွန္ဒယာလောကအား ကျွန်ုပ်တို့၏ လက်ဝယ်သို့ အလဟဿ အကျိုးမဲ့ အပ်နှံထားသည် မဟုတ်ပေ။ ဤလောကသည် စမ်းသပ်ခန်းဖြစ်ပြီး ကျွန်ုပ်တို့အား အရှင်သခင်က စမ်းသပ်စစ်ဆေး စာမေးပွဲ ယူနေခြင်းသာ ဖြစ်ပါကြောင်းကို မေ့လျော့၍ မထားပါ နှင့်။ ဤစမ်းသပ်ခန်းအတွင်းမှာ (မောင်သ်)ဟူသည့် အချိန်ပြည့်သော ခေါင်းလောင်း ထိုးလိုက်သည်နှင့် (သေသည်နှင့်) ဤစာမေးပွဲခန်းအတွင်းမှာ ပြန်လည်ထွက်ခွာ သွားကြရ ပေလိမ့်မည်။ မိမိတို့၏ ပိုင်ရှင်အစစ်အမှန်ထံသို့ ပြန်သွားကြရမည်။ ဤဒွန္ဒယာ၌ မိမိတို့ ကြိုးပမ်းလုပ်ဆောင်ခဲ့ရာ (ကောင်းမှုနှင့် မကောင်းမှု)၏ အစားကို ချိန်းချက်ထားသော ကေယာမသ်နေ့ကြီးတွင် မိမိတို့၏ အရှင်သခင်က ပြည့်ဝစွာပင် အစားပြန်ပေးမည် ဖြစ်ပေသည်။

ထိုကဲ့သို့ ကောင်းမှု၏အစား၊ မကောင်းမှု၏အစားများကို အပြည့်အဝပေးအပ်မည့် ထိုနေ့ကြီးသို့ မရောက်ခင် မိမိမကွယ်လွန် မသေဆုံးမီတွင် ဤလောက၌ မိမိတို့၏ လုပ်ရပ်များ၏ အစား တန်ပြန်မှုဒဏ်သည် ပြန်လည်သက်ရောက်လာတတ်ပေသည်။ ဤသည်ကို လူတို့က အလွယ်တကူပင် “ဝဋ်လည်သည်”ဟု ဆိုစမှတ် ပြုကြ လေသည်။

ကျေးဇူးရှင်ခင်ပွန်းလင်နှင့် ဖခင်များကို မရှိမသေ မလေးမစားနှင့် ပစ်ထားကြပါလျှင် မိမိကိုယ်တိုင် ခြေလက်မမြဲ၊ အိုလဲကုန်းကွ၊ ဇရာကျ၍ အိုမင်းမစွမ်းဖြစ်လာကြလေသော် မပျက်မယွင်း သားသမီးအတွင်းမှ ပြန်လည်၍ ပစ်ထားခြင်းအား ကိုယ်တိုင်တွေ့ဆုံ မုချ ကိုယ်တွေ့ကြုံကြိုက်ခံစားရမည်မှာ အမှန်ပင် ဖြစ်လေသည်။ ဤသည်မှာကား တူညီသော အကျိုးပေးခြင်းမျိုးပင် ဖြစ်ပါ၏။ ကိုယ်ပြုသမျှ ခံရမည်။ မယုံလျှင် လုပ်ကြည့်။ ငရဲလည်းရှိ။ ဝဋ်လည်း ရှိ၏။

အရှင်မြတ်က ခင်ပွန်းလင်သည် ဇနီးမယားတို့အပေါ်တွင် ဦးစီးသူအဖြစ် ကွပ်ကဲသူ အဖြစ်နှင့် ခန့်အပ်ထားတော်မူ၏။ ထို့ကြောင့် ဇနီးမယားတို့သည် လင်ခင်ပွန်းတို့အား မိမိတို့၏ ဦးစီးကွပ်ကဲသူများအဖြစ် ကျေးဇူးရှင်များအဖြစ်နှင့် တန်ဘိုးထား လေးစားရိုသေချစ်ခင်၍ လင်-ယောကျ်ား၏အမိန့်များကို နာခံကြရမည် ဖြစ်ပေသည်။

ထို့ကြောင့် ဇနီးမယားတို့အား မှာကြားလိုသည်မှာ ဤလောကီ ယာယီဘဝတွင် ယာယီခဏ ဒုက္ခခံယူကြလျက်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုများကို ရှာဖွေကြ၍ မိမိ၏ အရှင်သခင်ထံသို့ ပြန်နိုင်အောင် ကြိုးစားကြစေလိုပါသည်။ ခင်ပွန်းလင်တို့၏အပေါ်တွင် မမိုက်ရိုင်းကြပါရန်နှင့် အောက်ပါရစူလ်သခင်၏ မှာတမ်းချက် ဩဝါဒဟဒီးစ်တော်များကို ဖတ်ကြားမှတ်သားကြလျက် ရိုင်းစိုင်းသော စိတ်ဓါတ်များအား ပြုပြင်၍ သွားကြပါရန် လေးနက်စွာ ပန်ကြားအပ်ပါသည်။

ခင်ပွန်းလင်၏ အဆင့်အတန်း

တစ်နေ့သောအခါ ရစူလ်သခင်က - “ဇနီးမိန်းမတို့အား ကေယာမသ်နေ့တွင် ရှေးဦးစွာ နမာဇ်ဝတ်ပြုမှုနှင့် ပတ်သက်၍ စစ်မေးတော်မူပြီးနောက် လင်ယောကျ်ားတို့၏ တာဝန် ဝတ္တရား နှင့် ပတ်သက်၍ မေးတော်မူမည်ဖြစ်၏”ဟု မိန့်တော်မူလေသော် ဆွဟာဘာ သာဝကတော်ကြီး များက - “အို - ကိုယ်တော် မိန်းမတစ်ယောက်သည် နေ့တွင်ရိုဇာထားပြီး တစ်ညတာလုံး နမာဇ်၏အေဘာဒတ်၌ ရှိနေပါသည်။ သို့ရာတွင် သူမသည် လင်ယောကျ်ားနှင့် အိမ်နီးချင်းတို့အား ခိုက်ရန်ရှာကြံ လျက်ရှိနေပါသည်။ ထိုမိန်းမနှင့် ပတ်သက်၍ အမိန့်ရှိတော်မူပါ”ဟု လျှောက်တင်ကြလေရာ - “ထိုသူမသည်ကား ငရဲလားမည့် (ဒိဇခီ) ဖြစ်၏” ဟု ရစူလ် သခင်က မိန့်တော်မူခဲ့လေသည်။

အကြင်မိန်းမသည် အရှင်မြတ်၏အပေါ်နှင့် ကေယာမသ်၏ အပေါ်တွင် အီမာန်ယူပြီး သော် ထိုမိန်းမသည် သူသေတို့အတွက် (၃) ရက်ထက်ပို၍ မိမိခန္ဓာကိုယ်အား တင့်တယ်မှု (အလှအပ ချယ်သမှု)ကို စွန့်လွှတ်ပြီး ပူးဆွေးခြင်းအား (ဟရာမ်) ပြုတားမြစ်ထားလေသည်။ သို့ရာတွင် မိမိ၏ ခင်ပွန်းလင်ယောကျ်ားအတွက်မှာမူကား မိမိ၏တင့်တယ်မှုများကို စွန့်လွှတ်ပြီး ပူဆွေးခြင်းကို(ဟလာလ်) ပြုထားလေ၏။ (၃) ဦးသောသူ၏ ငိုကြွေးခြင်းမှာ အပြစ်ဂိုနာဟ် မထိုက်သက်ပေ။

၁။ ဇနာနှင့်ရသော သားက အဖအတွက်ငိုခြင်း။

၂။ တပည့်က (အုစ်သားသ်) ဆရာအတွက် ငိုခြင်း။

၃။ ဇနီးမယားတို့က လင်ယောကျ်ားတို့အတွက် ငိုခြင်း။

တို့ဖြစ်လေသည်။

မိန်းမတစ်ယောက်သည် ရစူလ်သခင်၏ ထံတော်ပါးတွင် ရောက်လာ၍ "လင်ခင်ပွန်း၏ ဝတ်အား မည်သို့ပြုရပါမည်နည်း" ဟု မေးလျှောက်လေရာ ရစူလ်သခင်က -"ကုလားအုတ် အစီးအနင်း၏အပေါ်တွင် သင်မသည် လင်နှင့်အတူ စီးနေစဉ် ခင်ပွန်းလင်မှ ဆန္ဒရှိ၍ တောင်းဆိုလာလျှင်ပင် မငြင်းဆန်သင့်ပေ။ ၎င်းပြင် ရမ္မဇာန်လ၏ ဖရဇ်ရိဇာမှလွဲ၍ ယောကျ်ား ၏အခွင့်အမိန့်မရဘဲ အခြားလများ၌ စွန့်သည်ရိဇာကိုပင် မစောင့်အပ်ပေ။ အကယ်၍ လင်က အခွင့်မပေးဘဲ ထိုရိဇာများကို စောင့်ထိန်းခဲ့ပါလျှင် ထိုရိဇာ၏အကျိုးအား လင်ယောကျ်ားက ရရှိပြီး အခွင့်မဲ့ စောင့်သော အပြစ်ကို ဇနီးမယားက ခံရဦးမည် ဖြစ်လေသည်။

လင်၏အခွင့်မပေးဘဲ အိမ်မှအပြင်သို့ မထွက်ရ။ အခွင့်မဲ့ထွက်ခဲ့သော ထိုမိန်းမသည် အိမ်သို့ပြန်မရောက်မချင်း ဖရစ်ရှ်သာ-ကောင်းကင်တမန်(၂)ပါးသည် ထိုမိန်းမအတွက် လအ်နသ် - ကျိန်စာပို့လျက် ရှိနေပေမည်"ဟု မိန့်မြွက်တော်မူခဲ့လေသည်။

အကြင်မိန်းမတို့သည် မိမိလင်၏ အခွင့်မဲ့အိမ်မှ ထွက်ခွာသွားပြီးသည့်နောက် ဝတ်ပြု ခဲ့သည့်နမာဇ်တို့အား အရှင်မြတ်ကလက်ခံတော်မမူပေ။ ထိုမိန်းမသည် ပြန်လာပြီး တောင်းပန် ရာတွင် လင်ယောကျ်ားက ပြေကျေမှသာလျှင် ထိုနမာဇ်များကို အရှင်မြတ်က (ကဘူလ်) ပြု လက်ခံတော်မူပေမည်ဖြစ်၏။

အကြင်ဇနီးမိန်းမတို့သည် နမာဇ်ဝတ်ပြုရာတွင် မိမိ၏လင်ခင်ပွန်းအတွက် ဒိုအာ-ဆုမွန် တောင်းခံခြင်း မရှိပါက ထိုနမာဇ်ဝတ်ပြုမှုအား အရှင်မြတ်က လက်ခံတော်မမူဘဲ ထိုမိန်းမ၏

ထံသို့ ပြန်လည်၍ ပစ်ပေါက်တော်မူမည် ဖြစ်၏။ မိမိ၏လင်ခင်ပွန်းအတွက် ဒုံအာတောင်းခြင်းနှင့် အတူ ထိုသူမ၏နမာဇ်များကို ကဘူလ်ပြုတော်မူပေမည် ဖြစ်လေသည်။

အို-အမျိုးသမီး ဇနီးမယား အပေါင်းတို့၊

အထက်ပါ ရစူလ်သခင်၏ ဩဝါဒတော်များကို အလေးအနက် ထား၍ ဖတ်ရှုကြပြီးလျှင် ခင်ပွန်းလင်တို့၏ တန်ဘိုးအဆင့်အတန်း မြင့်မားမှုများကို သိမှတ်နားလည်ကြပြီး ဇနီးမယား တို့က မိမိတို့၏ ဟက်-တာဝန်ဝတ္တရားများကို ကျေပွန်ကြပါလျှင် ကောင်းပေစွ။ လင်ခင်ပွန်း တို့၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ဆောင်ရွက်ခြင်းသည်ပင် အေဘာဒတ် တစ်ရပ် ဖြစ်ကြောင်း သဘောပေါက်၍ နားလည်ကြစေလိုပါသည်။

အလ္လာဟ်အရှင်မြတ်သည် လူသားအချင်းချင်းအား တာဝန် ကျေပွန်ကြရန်နှင့် တာဝန် ပျက်ကွက်၍ မကျေနပ်ခဲ့ကြသော် တစ်ဦးနှင့်တစ်ဦးကို အစားပေးယူခွင့် ပြုတော်မူလေသည်။ လူသားအပေါ် သတ်မှတ်ထားသည့် အရှင်မြတ်၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် ပျက်ကွက်ခဲ့ပါသော် (ချမ်းသာပေးလိုက ပေးတော်မူမည်ဖြစ်၍ အပြစ်ပေးလိုက ပေးတော်မူမည်ဖြစ်ကြောင်း)ကို မိန့်ဆိုတော်မူထားပါသောကြောင့် ကျယ်ဝန်းတော်မူသော အရှင်မြတ်၏ သနားဂရုဏာတော်မြတ်ကို မျှော်ကိုးလျက် အရှင်၏ ခွင့်လွှတ်ချမ်းသာပေးမှုအား မက်ထား မျှော်လင့်၍ ရပေသည်။

သို့ရာတွင် လူသားအချင်းချင်းအတွက်မှာမူကား ထိုကဲ့သို့မျှော်လင့်၍ မရနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် လူသားသည်ကား သူ ရယူရမည့်အခွင့်အရေးအား (တစ်ခုပင်ဖြစ်ပါစေ) မုချပင် ကေယာမသ်နေ့တွင် တောင်းဆိုရယူပေလိမ့်မည်။ ထိုကြောင့် (မကျေနပ်သူက ခွင့်မလွှတ်ပါလျှင်) အမှန်ပင် ခက်ခဲတော့မည်။ ထို့ကြောင့် အချင်းချင်းမှာ တာဝန်ဝတ္တရာများ ကျေပွန်ကြလျက် သူတစ်ပါးတို့၏ ရယူရန် အခွင့်အရေးတစ်စုံတစ်ခုမှ မိမိတို့၏အပေါ်တွင် မကျန်ရစ်ကြစေရန်အတွက် အထူးဂရုပြုကြရမည် ဖြစ်လေသည်။

နောက်ဆုံးတွင် ဤလောကကြီး၌ပင် ကျေနပ်အောင် တောင်းပန် ဆောင်ရွက်သွားခဲ့ကြရမည် ဖြစ်လေသည်။

တန်ဖိုးကြီးမားလင်ယောကျ်ား

အမှန်စင်စစ် ခင်ပွန်းလင်သည် ဇနီးမယားတို့အတွက် အရှင်မြတ်၏ ကြီးမားသော နစ်အံ့မသ်-စည်းစိမ်တော်ကြီးတစ်ရပ်ဖြစ်သကဲ့သို့ ဇနီးမယားတို့သည်လည်း ခင်ပွန်းလင်တို့

အတွက် အရှင်မြတ်ချီးမြှင့်သော စည်းစိမ်တော်-နစ်အဲမသ် ကျေးဇူးတော် တစ်ရပ်လည်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုခင်ပွန်းလင်နှင့် ဇနီးမယားတို့သည် နေကာဟ်ထိမ်းမြားမှုကို အကြောင်းခံ၍ ဇေနာ (မတရားကာမကျူးမှု) ဂိုနာဟ်ပြစ်မှုမှ လွတ်ကင်းကြရလေသည်။ (ဇေနာတစ်ကြိမ် ကျူးလွန်ခြင်းသည် နှစ်ပေါင်း (၇၀) ၏ အေဘာ ဒတ်ကိုပျက်စီးစေ၏။)

ဤသည်နှင့် စပ်လျဉ်းပြီး အစ်ဗ်ဇနေ့ အဗီနဂျီးဟ်သခင်က ဆင့်ပြန်ခဲ့သော ဟဒီးစ်တော်တွင် ရစူလ်သခင်က (ဇနီးမရှိသည့်ယောကျ်ားသည် အလွန်ဆင်းရဲသူဖြစ်၏)ဟု မိန့်တော်မူရာ ဆွဟာဗာကြီးများက အကယ်၍ "ထိုသူသည် အလွန်ကြွယ်ဝချမ်းသာသောသူ ဖြစ်ပါလျှင်လော" ဟု မေးလျှောက်ကြရာ ရစူလ်သခင်က (အလွန် ကြွယ်ဝချမ်းသာသော်လည်း အလွန်ဆင်းရဲသူပင်ဖြစ်၏)ဟု မိန့်တော်မူပြီး ဆက်လက်၍ (လင်ယောကျ်ားမရှိသော မိန်းမသည်လည်း အလွန်ဆင်းရဲသူမဖြစ်၏)ဟု မိန့်တော်မူရာ ဆွဟာဘာများက "ပစ္စည်းဥစ္စာအလွန်ချမ်းသာသော မိန်းမဖြစ်ပါလျှင်လော"ဟု လျှောက်မေးလေရာ ရစူလ်သခင်က (အလွန်ချမ်းသာလျှင်လည်း ဆင်းရဲသူမပင်ဖြစ်သည်)ဟု မိန့်ကြားတော်မူခဲ့လေသည်။

ထို့ကြောင့် ထိုယောကျ်ား မိန်းမတို့သည် မည်မျှပင်ကြွယ်ဝစေကာမူ နေကာဟ်ပြုမှုကြောင့် ရရှိသော သာယာမှုစည်းစိမ်များမှာကား မရရှိ မခံစားနိုင်ကြတော့ချေ။

နေကာဟ်ထိမ်းမြားမှုကြောင့် ဇနီးမောင်နှံနှစ်ဦးစလုံးသည် အရင်းနှီးဆုံး အဖော်မွန်များဖြစ်ရှိသွားကြလေတော့၏။ အိမ်ထောင်၏ တာဝန်များကို ဘဝ၏လက်တွဲဖော်များအဖြစ်နှင့် အေးအတူ ပူအမျှ လက်တွဲထမ်းဆောင်နိုင်ကြလေသည်။ ဆေးပေးမီးယူဆိုစကားကဲ့သို့ တစ်ဦး၏ကောင်းကျိုးကို တစ်ဦးကလိုလားစွာဖြင့် သာယာအေးချမ်းသော ဘဝကို ထူထောင်နိုင်ကြပြီး ရွှေလက်ကို ခိုင်ခိုင်တွဲ၍ ရာသက်ပန် ရဲဘော်ရဲဘက်များ ဖြစ်သွားကြလေသည် မဟုတ်ပါလော။

နေကာဟ်သည် လူမှုရေးသက်သက်သာမဟုတ်။ သာသနာရေးကိစ္စလည်း ဖြစ်၏။ ကမ္ဘာဦးအစဖခင်ကြီး အာဒမ် (ﷺ) မှစတင် ခဲ့ပြီးနောင်အာခေရသ် ဂျန္နသ်တွင်းထိတိုင်အောင် တည်မြဲကျန်ရှိနေမည့် အမလ်ကျင့်စဉ်တစ်ရပ်ပင် ဖြစ်သည်။

အခြားသော အမလ်အေဘာဒသ်များ ဂျန္နသ်တွင် ပြုလုပ်ရန် မလိုအပ်တော့သော်လည်း နေကာဟ်ကိုမူ အရှင်မြတ်ကိုယ်တော်တိုင် ရစူလ်သခင်နှင့် မွန်မြတ်သည့် အမျိုးသမီး (၃) ပါး ဖြစ်သည့် အီစာနဗီ၏မိခင် မရိယမ်သခင်မ၊ မူစာနဗီ၏ အစ်မတော် ကွလ်စွန်သခင်မနှင့် ဖွရ်အောင်၏ နှိပ်စက်ညှင်းပန်းခံရသော အာစီယာသခင်မတို့အား နေကာဟ်ပြုပေးခြင်း၊ လောက

မှ အပျိုစင်အဖြစ်နှင့် ကွယ်လွန် သေဆုံးခဲ့ကြသော အမျိုးသမီးများ ဂျန္နသ်သို့ရောက်ကြသောအခါ ရှဟီဒီ (သာသနာအတွက် အသက်ကိုစတေးခဲ့ကြသူများ)နှင့် နေကာဟ်ပြုပေးခြင်း စသော နေကာဟ်အစီအစဉ်များကို ပြုပေးတော်မူဦးမည် ဖြစ်လေသည်။

ဂျန္နသ်သုခဘုံတွင် အရှင်မြတ်က မည်သူ့ကိုမျှ အဖော်ကင်းမဲ့စွာဖြင့် ထားတော်မူမည် မဟုတ်ပေ။ လောကတွင်နေကာဟ်ပြုခဲ့သည့် အမျိုးသမီးတို့အား ၎င်းတို့၏ လင် ခင်ပွန်းတို့နှင့် ပြန်လည်ပေါင်းဆုံစေမည်။ လောကတွင် လင်ယောကျ်ားနှင့် ကွဲပြတ်၍သော်လည်းကောင်း၊ ကွယ်လွန်သေဆုံး၍သော်လည်းကောင်း၊ အမျိုးသမီးများမှာ နေကာဟ်များစွာ ပြုခဲ့ရပါသော် အချို့ရေဝါယသ်တွင် ထိုအမျိုးသမီးနှစ်သက်ရာ ခင်ပွန်းဖြင့် ပေါင်းဆုံစေမည်ဟူ၍လည်းကောင်း၊ အချို့ရေဝါယတ်တွင် ထိုအမျိုးသမီး၏ နောက်ဆုံးနေကာဟ်မှ ခင်ပွန်းလင်ဖြင့်သော် လည်းကောင်း ပေါင်းဆုံစေတော်မူမည်ဖြစ်ကြောင်း ဩဝါဒတော်များ လာရှိထားပေသည်။ အမျိုးသား ဂျန္နသီတို့ကိုမူ လောက၏ ဇနီးမယားအပြင် ဂျန္နသ်၏ဟူရ်ကညာပျို နတ်သမီးအပါး (၇၀) နှင့်ပင် လက်ဆက် ထိမ်းမြားပေးတော်မူဦးမည် ဖြစ်လေသည်။

နေကာဟ်ပြုခြင်းဟူသည်မှာ ပေါင်းဆုံခြင်း၊ နီးစပ်ခြင်းဟု အဓိပ္ပါယ်ရပေသည်။ နေကာဟ်ဖြင့် သူစိမ်းတစ်ရံဆံနှစ်ဦးမှာ ဆုံစည်း နီးစပ်သွားရလေ၏။ ဘဝတွင် အရင်းနှီးဆုံး အဖော်မွန်များ ဖြစ်သွားကြပြီး ထိုနှစ်ဦးအား အကြောင်းပြု၍ နှစ်ဘက်မိသားစုမှာ ရင်းနှီးသွားကြလေသည်။ နှစ်ဘက်ဆွေမျိုးမှာလည်း ရင်းနှီးသွားကြလေသည်။ ထိုကဲ့သို့ ဘရ်ကတ်-မင်္ဂလာရှိလှစွာဖြင့် ပေါင်းဆုံခြင်း၊ နီးစပ်ခြင်းတို့ ကြောင့် "နေကာဟ်" ဟု ခေါ်တွင်စေခဲ့လေသည်။

ရစူလ်သခင်က (သူစိမ်းတစ်ရံဆံနှစ်ဦးကို ချစ်ခင်စုံမက်စေသော အရာအနက် "နေကာဟ်ပြု ထိမ်းမြားမှု"ထက်ပို၍ ထူးကဲသည့် အရာကို အသင်တွေ့ဖူးမည်မဟုတ်)ဟု မိန့်ဆိုတော်မူခဲ့လေပြီး (နေကာဟ်ပြုခြင်းသည် နဖိလ်အေဘာဒသ်ပြုခြင်းထက် သာမြတ်၏) အပြစ်ရှောင်ကြဉ်ရန် ဆန္ဒဖြင့် နေကာဟ်ပြုသူကို အရှင်မြတ်က ကူညီစောင်မရန် တာဝန်ယူဆောင်ရွက်တော်မူ၏) ဟုလည်း မိန့် တော်မူခဲ့ပါသည်။ အစ်ဗနေ့မာဂျာ စာ (၁၃၃)

ဂုဏ်ကိုမက်၍လက်ထပ်ခဲ့ပါက အရှင်မြတ်က သေးသိမ်ခြင်းမှအပ တစုံတရာ တိုးပွားစေမည်မဟုတ်ပါ။

ပစ္စည်းဥစ္စာကိုမက်၍ လက်ထပ်ခဲ့ပါက အရှင်မြတ်က ဆင်းရဲခြင်းမှအပ တစုံတရာ တိုးပွားစေမည်မဟုတ်။

ရုပ်ရည်ရူပကာကိုမက်၍ လက်ထပ်ခဲ့ပါက အရှင်မြတ်သည် သိမ်ဖျင်းခြင်းမှအပ တစုံတရာ တိုးပွားစေမည် မဟုတ်။

မိမိ၏မျက်လွှာနှင့် ကာအိန္ဒြေအား ထိန်းသိမ်းရန်အတွက်မှအပ မည်သည့်ရည်ရွယ်ချက်မှ မရှိဘဲ လက်ထပ်ခဲ့ပါမူ အရှင်မြတ်သည် ထိုအမျိုးသား၊ အမျိုးသမီး နှစ်ဦးစလုံးအတွက် (ဘရ်ကသ်)မင်္ဂလာ တိုးပွားစေမည်ဟု ဟဒီးစ်တော်များ၌ ပါရှိလေသည်။

(ဇနီးမောင်နှံ တစ်ဦးနှင့် တစ်ဦး ကြည့်ရှုသော် ထိုဇနီးမောင်နှံအား အရှင်မြတ်က ရဟ်မသ်-ကရဏာတော်အရှုဖြင့် ကြည့်ရှုတော်မူသည်) ဟူ၍လည်းကောင်း (နေကာဟ်ရှိသူ၏ (၂) ရကအသ် နမားဇ်သည် နေကာဟ်မရှိသူ၏ နမားဇ် (၂) ရကအသ်ထက်သာမြတ်သည်) ဟူ၍လည်းကောင်း ရစူလ်သခင် မိန့်မြွက်တော်မူထားသောကြောင့် နေကာဟ်၏ ထွင့်မြတ်ခြင်းအား သိကြရပေသည်။ ကျမ်းမြတ်ကုရ်အာန်တွင်လည်း အရှင်မြတ်က ခင်ပွန်းလင်သည် ဇနီးမယားအတွက် ဝတ်စားတန်ဆာဖြစ်၍ ဇနီးမယားသည်လည်း လင်ခင်ပွန်းအတွက် ဝတ်စားတန်ဆာပင် ဖြစ်ကြောင်း အမိန့်တော်လာရှိထားလေသည်။

သဖိစိရ်ပညာရှင်များက အဓိပ္ပါယ်ဖွင့်ဆိုကြသည်မှာ ဝတ်စားတန်ဆာများသည် လူသားတို့၏ အရှက်ကို ဖုံးအုပ်၍ လှပမှုကို ဖြစ်စေသကဲ့သို့ အကြင်လင်မယားတို့သည်လည်း တစ်ဦး၏ ချို့ယွင်းချက်အား တစ်ဦးကဖုံးအုပ်ကာ တစ်ဦး၏ကောင်းကျိုးအား တစ်ဦးက သယ်ပိုးကူညီရမည်ဖြစ်ခြင်း။ ဝတ်စားတန်ဆာများသည် လူတို့အား အပူအအေးစသည်များမှ အကာအကွယ်ပေးသကဲ့သို့ အကြင်လင်မယားတို့သည်လည်း မိမိတို့ထံသက်ရောက်မည့် ဒုက္ခများအား တစ်ဦးကိုတစ်ဦး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ခြင်း၊ ဝတ်စား တန်ဆာများကို လူသားတို့ စုံမက်ခင်မင်ကြသကဲ့သို့ အကြင်လင်မယားတို့သည်လည်း အချင်းချင်းမှာ နှစ်ကိုယ်တစ်စိတ်ဖြင့် ချစ်ခင်ရင်းနှီးစွာ စုံမက်မြတ်နိုးစွာ ပေါင်းသင်းဆက်ဆံရမည် ဖြစ်ခြင်း၊ တစ်ဦးကို တစ်ဦး ယုံကြည်စိတ်ချ အားထားကြရမည်ဖြစ်ခြင်း စသည်ဖြင့် ပညာရှင်များ က အနက်အဓိပ္ပါယ်ဖွင့်ဆိုကြလေ သည်။ ဇနီးမောင်နှံအချင်းချင်း ကရုဏာထားရမည့်အကြောင်း ခင်မင်ရင်းနှီစွာ ဆက်ဆံကြရမည့်အကြောင်းကိုလည်း ကျမ်းမြတ် ကုရ်အာန် - (၇း၁၈၉) (၃၀း၂၁) တွင်လည်း မိန့်တော်မူထား လေသည်။

ထို့ပြင် ရစူလ်ကိုယ်တော်က အကြင်လင်မယား၏ ဖုံးဖိအပ်သော အတွင်းရေးကို ဖော်ထုတ်ပြောဆိုခြင်းနှင့် ပတ်သက်၍ မိန့်ဆိုတော်မူခဲ့သည်မှာ-(ကေယာမသ်နေ့၌ အလ္လာဟ်

အရှင်မြတ်၏ထံတော်ပါးတွင် အယုတ်ညံ့ဆုံးသောသူ၊ သူမတို့မှာ ဇနီးခင်ပွန်း ကိုယ်လက် နှီးနှောသော အကြောင်းကိစ္စကို တပါးသူအား ဖော်ထုတ်ပြော ဆိုသောသူပင် ဖြစ်လေသည်။)

မိခင်မွန် အာအေရှာသခင်မကြီး ဆင့်ပြန်ခဲ့သော ဟဒီးစ်တော် တွင် (အမျိုးသမီးများအား ထိမ်းမြားလက်ထပ်ကြကုန်လော။ ၎င်းတို့သည် အသင်တို့အဖို့ ပစ္စည်းများကို ယူဆောင်လာပေ လိမ့်မည်။) မိန့်တော်မူထားလေရာ ထိမ်းမြားမှုကြောင့် ခင်ပွန်းကလည်း အိမ်ထောင်မှု တာဝန် များပြားလိုအပ်လာပြီဟု ယူဆကာ ငွေကြေးရှာဖွေမှုအား အထူးကြိုးပမ်းလာခြင်း၊ ဇနီးတို့က လည်း ယောကျ်ားတို့ မလုပ်ဆောင်နိုင်ကြသော အိမ်တွင်းမှုကိစ္စအဝဝတို့ကို ကြိုးစားကာ လုပ်ကိုင်ဆောင်ရွက်ခြင်းတို့ကြောင့် သာယာချမ်းမြေ့သော အိမ်ထောင်သည်ဘဝသို့ နှစ်ဦးစလုံး မှာ ရရှိခံစားကြရလေတော့၏။

ထို့နောက် သား၊ သမီးရတနာ ထွန်းကားသည့်အတွက်ကြောင့်လည်း မိမိတို့ အိုမင်း မစွမ်းရှိလာကြသောအခါတွင် လုပ်ကိုင်ကျွေးမွေးစောင့်ရှောက်ခံရခြင်း၊ မိမိတို့ကွယ်လွန်သွား သော် ဒိုအာဆုမွန် (မဂ်ဖွေ့ရသ်)များကို တောင်းခံပေးနိုင်ခြင်း စသည်ဖြင့် မရေမတွက် နိုင်သော အကျိုးကျေးဇူးများအား နေကာဟ်ပြုမှုမှ ရယူခံစား စံစား နိုင်ကြသဖြင့် (ပစ္စည်းများ ယူဆောင် လာလိမ့်မည်) ဟု ရည်ညွှန်း မိန့်ဆွေတော်မူခဲ့ခြင်း ဖြစ်လေသည်။

နေကာဟ်ထိမ်းမြားမှုဖြင့် များစွာသော အပြစ်တို့မှ လွတ်ကင်းကြောင်းကိုလည်း အဗ္ဗဒွလ္လာဟ်အစ်ဗ္နေ မပ်စ်အူးဒ်သခင် ဆင့်ပြန်သော ဟဒီးစ်တော်တွင် (အို - ပျိုရွယ်သူအပေါင်းတို့ အသင်တို့အနက်မှ အိမ်ထောင်ရေး တာဝန်ကို ထမ်းနိုင်သူများသည် နေကာဟ်မဂ််လာ ပြုကြပါ လေကုန်။ အကြောင်းမှာ ထိမ်းမြားခြင်းဖြင့် မျက်စိအိန္ဒြေကို ထိန်းသိမ်းပေး၏။ မျက်လွှာကို နှိမ့်ချစေ၏။ ထို့ပြင် လိင်ဖောက်ပြားမှုကိုလည်း ထိန်းသိမ်းပေး၏။ နေကာဟ်ထိမ်းမြားမှုကြောင့် ဟရာမ် အပြစ်ထိုက်စေသောအကြည့်မျိုးမှ လည်းကောင်း၊ ဇနာမတရား ကာမသုကျူးလွန် လိုက်စားမှုများမှလည်းကောင်း၊ ရှောင်ရှားနိုင်သည်ကို ဆိုလိုရင်း ဖြစ်လေသည်)

ဇနီးမယား၏ဝတ္တရား

ဖန်ဆင်းရှင် အလ္လာဟ်အရှင်မြတ်က လူသားတို့အား ဤလောကသို့ သက်တမ်းတစ်ခုစီ သတ်မှတ်ချီးမြှင့်ပြီး စေလွှတ်တော်မူခဲ့လေသည်။ ဂျင်နှင့် အင်နစာန်လူသားတို့အား အေဘာဒတ် (အရှင်သခင်၏ အမိန့်တော်များကို နာခံရန်) အတွက် ဖန်ဆင်းတော်မူခဲ့ကြောင်း ကျမ်းမြတ်ကုရ်အာန်တွင် မိန့်တော်မူထားလေသည်။)

ထို့ကြောင့် အင်နစ်စာန်အမျိုးသမီးတို့သည် အရှင်သခင်၏ နှစ်သက်မှုအား ရှာဖွေကြရာတွင် ရစူလ်သခင်၏ အမိန့်တော်များကို နာယူမှတ်သားပြီး ရစူလ်သခင် လမ်းညွှန်ပြခဲ့သော လမ်းစဉ်တော်နှင့်အညီ လိုက်နာကြိုးပမ်း နေထိုင်ကြရမည် ဖြစ်လေသည်။ အလ္လာဟ်၏ ရစူလ်က ပြီးပြည့်စုံသော မွန်မြတ်သန့်စင်ရိုးရှင်းသော ဘဝ၏နေထိုင်မှု စနစ်ပုံစံအား ပြသလမ်းညွှန်ဆောက်တည်ခဲ့ပြီး ဖြစ်လေသည်။ အီမာန်ရှင် မွတ်စလင်မ်တို့သည် ထိုလမ်းစဉ်တော်အတိုင်း ဖဝါးခြေထပ်လိုက်နာကျင့်သုံးကြရမည် ဖြစ်ပေသည်။ ရစူလ်သခင်၏ လမ်းစဉ်တော်နှင့် ကွဲလွဲသွေဖည်၍ကား နှစ်ဘဝ၏ အောင်မြင်မှုအား ရရှိနိုင်ရန်မှာ အကြောင်းမရှိပေ။

အလ္လာဟ်အရှင်နှစ်မြို့တော်မူသော ဘန္ဒီအမျိုးသမီးများနှင့် ပတ်သက်၍ ရစူလ်သခင်က ဤသို့သတင်းပေးမိန့်ကြားတော်မူခဲ့သည်မှာ အဘူဟိုရိုင်ရာသခင်က ဆင့်ပြန်ခဲ့သည်။

အကောင်းဆုံးအမျိုးသမီး

“အကောင်းဆုံးအမျိုးသမီးသည် မည်သူဖြစ်ပါသနည်း”ဟု မေးလျှောက်ခဲ့ရာ ရစူလ်သခင်က (ခင်ပွန်းလင်က ငင်းဘက်သို့ ကြည့်သောအခါ ခင်ပွန်းလင်၏ စိတ်နှလုံးသားကို ကြည်နူးမှုကို ပေးဆောင်သည့် အမျိုးသမီး၊ ခင်ပွန်းကညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ပေးသည့် အမျိုးသမီး၊ မိမိနှင့် ပတ်သက်၍သော်လည်းကောင်း၊ ဥစ္စာပစ္စည်းနှင့် ပတ်သက်၍သော်လည်းကောင်း မိမိ၏ ခင်ပွန်းကို စိတ်ဒုက္ခမပေးသော အမျိုးသမီးပင် ဖြစ်သည်)ဟု မိန့်ကြားတော်မူခဲ့လေရာ ဤသည်ပင် အရှင်နှစ်မြို့သော အမျိုးသမီးတို့၏ ခင်ပွန်းအပေါ် ဆက်ဆံရမည့် စာရိတ္တပိုင်းဆိုင်ရာ ကိုယ်ကျင့် သီလပင် ဖြစ်လေသည်။ ထို့ပြင် အိမ်မှုကိစ္စအဝဝတို့ကိုလည်း ပျင်းရိခြင်းကင်းစွာဖြင့် ကိုယ်တိုင်ကိုယ်ကျ လုပ်ကိုင်ဆောင်ရွက်ကြရန်ကို အချစ်ဆုံး သမီးတော် ဖွာသေမာဟ်သခင်မအား အကြောင်းပြုပြီး ဆောင်ရွက်ကြရန် မိန့်ကြားတော်မူခဲ့လေသည်။

အလီသခင်ဆင့်ပြန်ခဲ့သည်မှာ သမီးတော်၏ ရင်နှင့်လက်တွင် ကြိတ်ဆုံကြိတ်ရခြင်းကြောင့်သော်လည်းကောင်း။ ရေအိတ်ကို သယ်ပိုးရခြင်းကြောင့်သော်လည်းကောင်း အသားမာတက်၍ ဒဏ်ရာများထင်လျက်ရှိနေပေသည်။ တံမြက်စည်းလှဲကျင်းရခြင်းကြောင့်သော်လည်းကောင်း၊ မီးဖို၏ မီးခိုးတို့ကြောင့်သော်လည်းကောင်း သမီးတော်၏ အဝတ်အစားတို့မှာ ညစ်ပေလျက် ရှိနေလေသည်။

တစ်နေ့သော် ရစူလ်သခင်၏ ထံတော်သို့ ကျွန်၊ ကျွန်မအချို့ ရောက်ရှိလာခဲ့လေရာ (ခင်ပွန်းအလီ၏ စေခိုင်းမှုကြောင့်) ဖခင်ထံမှ ကျွန်တစ်ယောက်ကို တောင်းခံခဲ့လေသည်။

သို့ရာတွင် ရစူလ်သခင်က (အို-သမီးတော် အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ပါ။ အလွှာဟ် အရှင်မြတ်၏ တာဝန်ကို ကျေပွန်ပါ။ အိမ်တွင်းမှုကိစ္စအဝဝအား (ကိုယ်တိုင်)လုပ်ကိုင် ဆောင်ရွက်ပါ။ အခြားရေဝါယသ်တွင် လောကသည် စည်းစိမ်ခံစားရန် နေရာမဟုတ်။ သမီးတော်ထက် စစ်ပွဲတွင် ကျဆုံးခဲ့ကြသည့် ရှဟီဒီများ၏ ကျန်ရစ်ခဲ့သော ရင်သွေး ကလေးများအတွက် စီမံ ဆောင်ရွက်ပေးရန်တာဝန်မှာ ဖခင်အတွက် ပို၍အရေးကြီးပါသည်ဟု မိန့်ခဲ့ကြောင်း မှတ်သား ရသည်။

"အို-သမီးတော် အိမ်တွင်းမှုလုပ်ငန်းများကို ကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်ပါ။ တစ်နေကုန်အလုပ်လုပ်၍ မောပန်းလျှင် ည အိပ်ယာဝင်သောအခါ မအိပ်စက်မီ (စွဗ္ဗဟာနလွှာဟ် (၃၃) ကြိမ်၊ အလ်ဟမ်ဒိုလစ်လာ (၃၃) ကြိမ်၊ အေလ္လာဟ်ဟို့အပ်က်ဗရ် (၃၄) ကြိမ်) ဖတ်ရွတ်ပါ။ လောက၏ အမောအပန်းတို့ ပြေပြီးလျှင် ကျွန်ထက် ကောင်းမွန်သည့် အကျိုးစဝါးဗ်အမြတ်များ ကို ရရှိပေမည်"ဟု နှစ်သိမ့်မိန့်ကြားတော်မူခဲ့လေသည်။ ဤတပ်စ်ဗီးသည် သမီးတော်ကို ချီးမြှင့်ခဲ့သော (တပ်စ်ဗီးဖွာသွေမာ)ပင် ဖြစ်လေသည်။

ရစူလ်သခင်သည် အချစ်ဆုံး သမီးတော်ဖြစ်သော်ငြားလည်း ဤလောကီတွင် စည်းစိမ် ခံယူရန်အရေးကို ခွင့်ပေးတော်မမူခဲ့ဘဲ ကျွန်၏အစား တရားပြ ဆိုဆုံးမခဲ့ပြီး အကျိုး အမြတ်ရှိ သော(သပ်စ်ဗီ)ကို ညွှန်ပြသွန်သင်တော်မူခဲ့လေသည်။ ဂျန္နသီ အမျိုးသမီးတို့၏ ခေါင်းဆောင်ဟု မသေမီကပင် ကြုံတင်ပြီး ကောင်းချီးသတင်း"ဘရှာရတ်" ရခဲ့ပါသော မြင့်မြတ်သည့် သမီးတော် ထက် မြင့်မြတ်သူအမျိုးသမီးများမှာ ဤကမ္ဘာမြေပြင်တလွှားတွင် ရှိနေပါသေးသလောဆိုသည် ကို အမျိုးသမီးတို့က တွေးဆမျော်မြင်ဆင်ခြင်သုံးသပ် ကြရန်သင့်လှပေသည်။ မျက်မှောက်ခေတ် တွင် အမျိုးသမီး ဇနီးမယားတို့သည် မိမိတို့၏ အိမ်တွင်းမှုကိစ္စရပ်များကို အလျဉ်းစိတ်ပါ ဝင်စားခြင်းမရှိကြဘဲ ရစူလ်သခင်၏ လမ်းညွှန်တော်မူခဲ့ခြင်းများကိုလည်း ပျင်းရိကာ ဆန့်ကျင် ဖီလာပြုလုပ်ပြီး ဇိမ်ယူနေကြသော အမျိုးသမီးတို့အတွက်မှာကား သတိထားဖွယ်ရာ ရှက်ဖွယ်ရာ ပင် ဖြစ်လေသည်။

မအ်ကလ်ဗင်နယစာရ် သခင် ဆင့်ပြန်ခဲ့သည်။ ရစူလ်သခင်၏ မိန့်ခွန်းတော်တစ်ခုတွင် "အလွန်ချစ်တတ်သော မိန်းမ၊ သားသမီး များများ မွေးဖွားသည့် မိန်းမမျိုးအား ထိမ်းမြားကြလေ ကုန်။ အကြောင်းမှာ ငါသည်(ကေယာမသ်)နေ့၌ အသင်တို့၏ အရေအတွက်များပြားခြင်းအားဖြင့် အခြားသော အွမ္မတ်သားတို့အပေါ်တွင် ဂုဏ်ယူတော်မူမည်"ဟု မိန့်တော်မူထားခဲ့လေသည်။ ရစူလ်သခင်က ဤကဲ့သို့ မိန့်မှာထားတော်မူသော်လည်း ဝမ်းနည်းဖွယ်ရာအချက်တစ်ရပ်မှာ

ထိမ်းမြားသမှု အိမ်ထောင်ပြုနေကြသော်လည်း သားသမီး မမွေးဖွားချင်ကြတော့ခြင်းပင် ဖြစ်သည်။ စားဆေး၊ ထိုးဆေး၊ နည်းမျိုးစုံဖြင့် ဇနီးမယားတို့က သန္ဓေသားကို တားဆီးနေကြလေသည်။ အချို့ဇနီးမယားတို့မှာ သန္ဓေတည်ပြီးမှ မိမိ၏ ရင်သွေးကို မိမိလက်ဖြင့် ပြန်လည် ဖျက်ဆီးနေကြသည်ကိုလည်း ဝမ်းနည်းဖွယ်တွေ့မြင် နေရလေသည်။ ဤကျူးလွန်မှုသည် အလှ မပျက်ချင်ကြ၍၊ ဓိမ်ယူချင်ကြ၍ ဤသို့ ကျူးလွန်နေကြခြင်း ဖြစ်လေသည်။ ဤသို့အသတ် ခံရသော ကလေးငယ်များနှင့် ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်တွင် အရှင်မြတ်က မိန့်မြွက်ထား တော်မူသည်မှာ ကေယာမသ်နေ့တွင် ထိုကလေးငယ်တို့ကို ရှေ့တော်သို့သွင်းပြီးလျှင် (အသင်တို့ သည် အဘယ်ပြစ်မှု့အတွက်ကြောင့် အသတ်ခံခဲ့ကြရလေသနည်း) (၈၁း ၈-၉) ဟု အမေးတော်ရှိ မည်ဖြစ်ကြောင်း သိမှတ်ရလေသည်။

ထိုအမျိုးသမီးများသည် ကေယာမသ်နေ့တွင် စာရင်းရှင်းကြရမည်ကို သတိထား၍ အရှင်မြတ်အပေါ်တွင် အကြောက်တရားထားရှိကာ ထိုပြစ်မှုများအား ရှောင်ရှားသင့်ကြပေသည်။

မိမိတို့လုပ်ရပ်များ၏အစားကို ပြည့်ပြည့်ဝဝပေးမည့် ကေယာမသ်နေ့ကို မျှော်တွေး၍ စိုးရိမ်ကြောက်ရွံ့ကြရပေမည်။ နေ့ပြီးလျှင် ညရောက်ရန် သေချာသကဲ့သို့ ကျွန်ုပ်တို့၏ထံ သေဆုံးခြင်းသည်လည်း အမှန်တကယ်ရောက်ရှိလာမည်မှာ သေချာပြီးလျှင် ကေယာမသ် နေ့ကြီးသည်လည်း အသေအချာပင် ရောက်ရှိတွေ့ကြုံလာမည်မှာ သေချာပါ၏။ ဤလောကီ ဒွန္ဒယာနှင့်သာလျှင် ပြီးဆုံးသွားမည်မဟုတ်ဘဲ နောက်ထပ်ကျော်လွှား ဖြတ်သန်းစရာ စခန်းပေါင်း များစွာ ကျန်ရှိ နေပေသေး၏။ ထိုစခန်းတိုင်းတွင် အောင်မြင်စေရန်အတွက်မှာ လောကတွင် ပြုလုပ်ခဲ့သော လုပ်ရပ်များက အခြေခံ၍ အဓိကဖြစ်ပါကြောင်းကို ကောင်းစွာနားလည်ကြရန် သင့်ပေသည်။

“နောင်တ,တရား” ဆိုသည်မှာ အမြဲနောက်ကျမှ ရောက်လာတတ်သော သဘောရှိ၏။ ထို့ကြောင့် နောင်တများဖြင့် ကြေကွဲမှုများရောက်မလာမီ ယခု ဤဒွန္ဒယာလောကတွင် အမှားကို ပြင်ဆင်၍ အမှန်ကို ပြုပြင်ပြောင်းလဲရန်မှာ “အချိန်” ရှိနေပေသေး၏။ မှားခဲ့ပြီးသမျှ အတွက် (သောင်ဗဟ်)ဖတ်၍ နောက်ထပ်မမှားအောင် ဂိုနာဟ်တိုင်းကို ရှောင်ရှားနိုင်စေရန် ကြိုးစား ၍ နေထိုင်သင့် ကြပေသည်။”

နေကာဟ်ပြုထိမ်းမြားခြင်း၏ ရည်ရွယ်ချက်မှာ အိမာန်ရှင် အမွှမ်သား ပွားများစေရန် အတွက်ဖြစ်ကြောင်း ရစူလ်သခင်၏အမိန့်အရ သိရပေသည်။ ကေယာမသ်နေ့တွင် အမွှမ်သား ပွားများမှုဖြင့် ဂုဏ်ယူချင်ခဲ့သော ရစူလ်သခင်၏ ဆန္ဒတော်မွန်အား ရစူလ်သခင်၏ အမွှမ်သမီး

အချို့တို့က ဤသို့သောနည်းလမ်းများနှင့် ရိုက်ချိုး ဖျက်ဆီးပစ်ကြလေသည်။ ဤလုပ်ငန်းများတွင် အများအားဖြင့် ခင်ပွန်းတို့မှာ သဘောတူကြခြင်းမရှိ။ အချို့မှာ သိပင်မသိကြချေ။ ဇနီးတို့ ကျူးလွန်သော ဂိုနာဟ်သာ ဖြစ်၏။

အဘွားတို့ အမေတို့ခေတ်က အရှင်ပေးသမျှ မွေးခဲ့ကြလေသောကြောင့် အီမာန်ရှင်ဦးရေမှာ အလွန်ပင်တိုးပွားခဲ့လေသည်။ ယနေ့မှာမူ အရှင်ပေးသမျှ မမွေးနိုင်ကြတော့သည့် အီမာန်ရှင်အမျိုးသမီးများ၏ လွဲချော်သော ဆန္ဒဆိုးနှင့် လုပ်ရပ်ဆိုးတို့ကြောင့် အီမာန်ရှင်ဦးရေသည် မည်ကဲ့သို့ တိုးပွားပါလေတော့မည်နည်း။

နေကာဟ်ပြုခြင်းဖြင့် သီးပွင့်လာခဲ့သည့် သားသမီးထွန်းကားခြင်းသည်ကား အလွန်ပင် အကျိုးများလှပေသည်။ သားကောင်း၊ သမီးကောင်းတို့သည် မိဘ(၂)ပါးမသေခင် လုပ်ကိုင်ကျွေးမွေး စောင့်ရှောက်ကြ၏။ မိဘတို့အား စိတ်ချမ်းသာစွာထား၍ ဦးစားပေး ဆက်ဆံကြ၏။ မိဘတို့ ကွယ်လွန်ပြီးနောက်တွင်လည်း ဆုမွန်ဒိုအာကောင်းများကို တောင်းပေးကြ၍ အလှူဒါန ပြုလုပ်ကာ (အီစာလေ့ဆဝါဘ်) ပေးပို့တတ်ကြ၏။

အရွယ်မရောက်ခင် ကွယ်လွန်သွားခဲ့ကြသော သားငယ်၊ သမီးငယ်တို့သည်လည်း ကေယာမသ်နေ့၌ မိဘ(၂)ပါးအတွက် အရှင်မြတ်ထံတော်တွင် (ရှဖွာအသ်)ပြု တောင်းပန်အသနားခံပေးဦးမည် ဖြစ်၏။ ထိုအပြစ်မဲ့ ကလေးငယ်တို့၏ (ရှဖွာအသ်)ကိုလည်း အရှင်မြတ်က လက်ခံတော်မူမည် ဖြစ်လေသည်။ ထို့ကြောင့် သားသမီး မွေးဖွားခြင်းသည်ကား အလွန်ပင် (ဘရ်ကသ်) ရှိ၍ မွန်မြတ်လှပေသည်။

သားသမီးမွေးဖွားခြင်း၌ ကောင်းခြင်းများစွာ ရှိလေသည်။ သားသမီး ရှိခြင်းသည် မိမိတို့၏ အိမ်ထောင်ရေး ခိုင်မြဲမှုအတွက် အထောက်အကူ ဖြစ်လေသည်။ သားသမီးတို့သည် ဇနီးနှင့် ခင်ပွန်းတို့အား နှောင်တွဲ၍ ထားလျက်ရှိသော သံယောဇဉ်ကြိုးများဖြစ်လေသည်။ “သားသမီး”ဆိုသည်မှာ ဇနီးမယားတို့အပေါ်တွင်ထားရှိသော ခင်ပွန်း၏အချစ်နှင့် သံယောဇဉ်တို့အား ကြာလေလေ ခိုင်မြဲလေလေ ဖြစ်အောင် အရှင်မြတ်က ရစ်ပတ်နှောင်ဖွဲ့၍ ပေးထားသည့် သံမဏိကြိုးလေးများပင် မဟုတ်ပါလော။

နေကာဟ်ပြုပြီးနောက် မွေးဖွားခြင်းဖြင့် မျိုးဆက်သစ်တို့အား ဤဒွန္ဒယာလောကတွင် ထားရစ်ခဲ့ရမည်မှာ အီမာန်ရှင်တို့၏ တာဝန်ကျပွန်မှု တစ်ရပ်ပင်ဖြစ်၏။ များစွာမွေးဖွားခြင်းဖြင့် အီမာန်ရှင် အမွှမသ်သားများ တိုးပွားလာပြီးလျှင် ထိုအပေါ်တွင် ရစူလ်သခင်က စိတ်ပျော်ရွှင်

တော်မူလိမ့်မည်။ ထိုသို့ ရစူလ်သခင် စိတ်ပျော်ရွှင်တော်မူစေရန်အတွက် တာဝန်ကျပွန်ခဲ့ကြသူများမှာကား ကျွန်ုပ်တို့၏ ဘိုးဘွား မွတ်စ်လင်မ်များပင် ဖြစ်ကြလေသည်။

အမေတို့ အဘွားတို့ခေတ်က ဆေးဝါးနှင့် တားဆီးမှုများကိုလည်း မလုပ်ခဲ့ကြ။ ရိုးရိုးသားသားနှင့် မွေးဖွားလာခဲ့ကြရာ တစ်သားမွေး၍ တစ်သွေးလှဆိုသလို တစ်သားမွေးတိုင်း သားအိမ်တွင်းမှ သွေးအညစ်အကြေးများ သန့်စင်ခဲ့ကြပြီး ကျန်းမာရေး အထူးကောင်းမွန်ကာ အနာကင်း၍ အဆင်းလှလျက်ရှိနေကြသည်ကို ပတ်ဝန်းကျင်တစ်ခွင်၌ ယခုတိုင် မြင်တွေ့နေရပေသည်။

ဗဟုသုတယူဖွယ် တင်ပြရမည်ဆိုလျှင် စာရေးသူ၏မိခင်သည် သားသမီး (၁၂) ယောက် မွေးဖွားခဲ့ပါ၏။ အဒေါ်သည် (၁၆) ယောက် မွေးဖွားခဲ့သည်။ အဘွားက (၂၂) ယောက်မွေးဖွားခဲ့ပြီး "ရှင် မွေးလွန်း" ဟုပင် တင်စား ခေါ်ဆိုချင်စရာ ဖြစ်ခဲ့၏။ ဤကဲ့သို့ အမေ၊ အဒေါ်၊ အဘွားတို့တစ်တွေ တာဝန်ကျခဲ့ကြလေသောကြောင့် ယနေ့ကျွန်ုပ်တို့သည် အွမ္မသ်သားများပြားမှုကို လက်ညှိုးညွှန်၍ မလွဲအောင်ပင် အီမာန်ရှင်များကို တွေ့မြင်နေကြရပေသည် မဟုတ်ပါလော။

သို့ရာတွင် ယခုခေတ်အခါသမယတွင် အိမ်ထောင်ရှင် မွတ်စ်လင်မ် ဇနီးမယားအချို့တို့၏ (သားသမီးကို တစ်ယောက်ပဲ ယူမယ်။ နှစ်ယောက်ပဲယူမယ်) စသည့် ကန့်သတ်ချက်အတွေး အခေါ်များတို့ကြောင့် ရစူလ်သခင်မျှော်လင့်အားထား ဂုဏ်ယူချင်ခဲ့သော အွမ္မသ်သားပွားများမှု ဆန္ဒမွန်အား ထိခိုက်လာမည်ကိုတော့ဖြင့် အမှန်ပင် စိုးရွံ့မိပါ၏။ ထို့ကြောင့် ကေယာမသ်နေ့တွင် မိမိတို့၏ ကျေးဇူးတော်ရှင် ရစူလ်သခင်အား စိတ်ပျော်ရွှင်မှုကို ဖြစ်စေကြပါဟု အီမာန်ရှင် ဇနီးမယားတို့အား ပန်ကြား၍ မှာတမ်းချေအပ်ပါသည်။

ခင်ပွန်းသည်တို့မှာ သန္ဓေသားတားဆီးမှုအား သဘောတူ နှစ်မြို့ကြခြင်း မရှိကြချေ။ အများအားဖြင့် ဇနီးမယားတို့က ခင်ပွန်းတို့ကို အသိမပေးဘဲ ပြုလုပ်နေကြသည်က များလေသည်။ ကလေးမွေးဖွားခြင်းကြောင့် အသက်အန္တရာယ်အား စိုးရိမ်ရသည်ဖြစ်စေ၊ ကျန်းမာရေးကို အလွန်အမင်း ထိခိုက်နစ်နာမည်ကိုဖြစ်စေ စိုးရိမ်ရလျှင် ထိုအချိန်မျိုးနှင့် ကြုံလာပါက စစ်မှန်တတ်ကျွမ်းသော သာသနာ့ပညာရှင်များအား မေးမြန်းဆန်းစစ်ပြီး သန္ဓေသားတားဆီး ထိန်းချုပ်မှုအား ပြုလုပ်ဆောင်ရွက်နိုင်ကြပေသည်။ တရားတော်ကလည်း ခွင့်ပြုထားပြီး ဖြစ်သည်။ အကြောင်းမဲ့ကားမပြုလုပ်သင့်ပေ။

ပညာယူဖွယ်ရာ ဗဟုသုတအဖြစ် အကြောင်းတစ်ရပ်ကို တင်ပြပါရစေ။ စာရေးသူ၏ အိမ်နီးချင်း အမျိုးသမီးတစ်ဦးသည် အိမ်ထောင်ပြုပြီး (၃၊ ၄) နှစ်ခန့် ကလေးမယူဘဲ ဆေးဝါးသုံးစွဲ

ခဲ့လေသည်။ ထို့နောက် ကလေးယူသည်။ မွေးလာသောအခါ ည(၂)နာရီ မွေးသောကလေးကို နောက်နေ့နံနက် (၈) နာရီတွင် ခရိုင်ဆေးရုံ သို့ပို့၍ ဆေးကုသမှုခံယူခဲ့ရသည်။ အောက်စီဂျင်ပေးရသည်။ ရက် တစ်ပါတ်တက်၍ ပြန်ဆင်းလာပြီး နောက်ထပ်ရက်(၂၀) ပြန်တက်ရပြန်သည်။ ထို့နောက် ပြန်ဆင်းလာပြီး တစ်လတစ်ခေါက် ပြနေရပြန်သည်။ အိမ်နှင့် ဆေးရုံ သံသရာလည် နေတော့သည်။ ကလေးကိုကြည့်ပြီး မိဘဆွေမျိုးများ စိတ်ဆင်းရဲနေကြရသည်။ ကလေးမှာ ဖွံ့ဖြိုးမှုနှေးပြီး အားရစရာမရှိ။ ချိနဲ့နေသေည်။ ဆေးဖိုးငွေမှာလည်း (၂)လအတွင်း သိန်းကျော် နေပေပြီ။

နောက်အိမ်နီးချင်းအမျိုးသမီးတစ်ဦးမှာမူ အိမ်ထောင်ပြုပြီး မကြာခင် ကိုယ်ဝန်ဆောင်၍ မိခင်လောင်းဘဝထဲသို့ ရောက်ခဲ့သည်။ ဖွားမြင်သောအခါ စိတ်ချမ်းမြေ့ဖွယ်ရာ ကလေးရော၊ မိခင်ပါ ကျန်းမာနေကြလေသည်။ မြင်ရသူ မိဘဆွေမျိုးများမှာ စိတ်ချမ်းသာခဲ့ကြပြီး၊ ကလေးမှာလည်း အလွန်လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်၍ ချစ်ဖွယ်ရာကောင်းလှပေသည်။ မိခင်ကလည်း တစ်သားမွေး၊ တစ်သွေးလှ ဆိုသလို အပျိုစင်ဘဝထက် စိုပြေလျက် ရှိပေသည်။

ထိုမိခင်နှစ်ဦးအား နှိုင်းယှဉ်ကြည့်မိရင်း စာရေးသူ၏အမြင်မှာ သဘာဝအတိုင်း မွေးဖွားမှု၏ အကျိုးဆက်နှင့် သဘာဝကိုဆန့်ကျင်၍ ဆေးဝါးသုံးစွဲမှုဖြင့် မွေးဖွားခဲ့သော အကျိုးဆက်များသာ ဖြစ်သည်ဟု ရိုးသားစွာ ထင်မြင်ယူဆမိပါသည်။ အဓိကအချက်ကတော့ ရစူလ်သခင်၏ မိန့်မှာချက်များအပေါ်တွင် မြတ်နိုးလေးစားတန်ဖိုးထားကြပြီး အီမာန်ရှင်အမျိုးသမီး ဇနီးတို့မှာ အွမ္မသ်သားပွားများဖို့ရာ တာဝန်ကျေပွန်ကြပါဟူ၍သာ နှိုးဆော်တိုက်တွန်းလိုက်ရပေ၏။

အကယ်၍ အိမ်ထောင်ပြုပြီးကာမှ သားသမီးမမွေးချင် ခင်ပွန်းသည်၏ တာဝန်ဝတ္တရားများကို မကျေပွန်နိုင်ကြလျှင်ဖြင့် အစကတည်းကပင် နေကာဟ်ထိမ်းမြားမှုအား ငြင်းဆိုသင့်ကြပေသည်။ ငြင်းဆိုခွင့်လည်း ရှိနေပေ၏။

အဘူစအီဒ်သခင်က ဆင့်ပြန်ခဲ့သည်မှာ ပုဂ္ဂိုလ်တစ်ယောက်သည် မိမိ၏သမီးအား ရစူလ်သခင်၏ထံတော်ပါးသို့ ခေါ်ဆောင်လာခဲ့ပြီး လျှောက်ထားတိုင်တန်းခဲ့သည်မှာ “ကျွန်တော်၏သမီးသည် နေကာဟ်ပြုထိမ်းမြားမှုအား ငြင်းဆိုနေပါသည်” ရစူလ်သခင်က ထိုမိန်းကလေးအား “အသင်မသည် (နေကာဟ်နှင့်ပတ်သက်၍) ဖခင်၏ စကားကို နားထောင်ပါ”ဟု မိန့်လေ၏။

မိန်းကလေးက “ကျွန်မသည် ကိုယ်တော်အား စစ်မှန်သော သာသနာတော်ကိုချီးမြှင့်၍ စေလွှတ်တော်မူခဲ့သော အရှင်မြတ်အား တိုင်တည်၍ ပြောပါ၏။ ခင်ပွန်းနှင့် ပတ်သက်၍ ဇနီးတွင် မည်သည့်တာဝန်များရှိနေသည်ကို ကိုယ်တော်မှ မည္ဆန်ပြသေးသမျှ ကာလပတ်လုံး ကျွန်မသည်

နေကာဟ်ပြုလိမ့်မည်မဟုတ်ပါ”ဟု လျှောက်ထားတော်မူသောအခါ ရစူလ်သခင်သည် အရေးကြီးသည့် တာဝန်ဝတ္တရားအချို့အား မိန့်မြွက်တင်ပြတော်မူခဲ့လေသည်။

ရစူလ်သခင်၏ မိန့်မြွက်ချက်ဩဝါဒတော်များကိုကြားပြီးသည့်နောက် ထိုမိန်းကလေးကကိုယ်တော်အား စစ်မှန်သော သာသနာတော်မြတ်ဖြင့် ပေးအပ်စေလွှတ်တော်မူခဲ့သော အရှင်မြတ်အား တိုင်တည်၍ ကျွန်မပြောဆိုပါသည်။ ကျွန်မသည် (ခင်ပွန်းသည်၏ တာဝန်များကို မကျေပွန်နိုင်ပါသောကြောင့်) မည်သည့်အခါမှ ထိမ်းမြားလက်ထပ်မည်မဟုတ်တော့ပါ”ဟု လျှောက်ထားလေသော် ရစူလ်သခင်က အမျိုးသမီးများကို ၎င်းတို့၏ သဘောတူညီခွင့်ပြုချက်မရဘဲ ထိမ်းမြားပေးခြင်း မပြုကြလေနှင့်”ဟု အမိန့်တော်ရှိခဲ့လေ၏။

ထိုမိန်းကလေးသည် ခင်ပွန်း၏တာဝန်ကို ကျေပွန်နိုင်လိမ့်မည် ဟု သူမကိုယ်သူမ မယုံကြည်ခဲ့ချေ။ ထိုမိန်းကလေး၏ အကြောင်းပြ ငြင်းဆိုချက်အပေါ်တွင် ရစူလ်သခင်ကလည်း ထိမ်းမြားရန်ကို အကြပ်ကိုင်တော် မမူခဲ့ချေ။

အိုဟ်-အမျိုးသမီး ဇနီးမယားအပေါင်းတို့ ခင်ပွန်းသည်၏ တာဝန်ဝတ္တရားသည်ကား ဇနီးတို့အပေါ်တွင် အလွန်ပင်ကြီးမားလှပေသည်။ နေကာဟ်ပြုပြီးပါက ထိုတာဝန်များ ကျေပွန်ကြရမည်မှာ ဇနီး မယားတို့၏ “ဟတ်က်” ဝတ္တရားပင် ဖြစ်လေသည် မဟုတ်ပါလော။

နေကာဟ်ထိမ်းမြားမှု ပြုခဲ့ပြီးလေမှ အိမ်ထောင်မှုကိစ္စရပ်များကို ဝန်ထုပ်ဝန်ပိုးသဖွယ် တာဝန်များ လေးလံလာကြပြီး အိမ်ထောင်ရေးကို ငြီးငွေ့လာကြသောအခါမှ အလွှာဟ် အေဘာဒတ်တွင်သာ မွေ့လျော်ချင်ပါတော့သည်ဆို၍ ခင်ပွန်းနှင့်တကွ မိမိတို့၏ တာဝန်ပိုင်းများကို လစ်လျူရှုရှောင်ရှားချင်၍ကား လုံးဝ(လုံးဝ) မဖြစ်နိုင်ပေ။

သမီးတော်၏ တာဝန်ကျေပွန်မှု

ဂျန္နသီအမျိုးသမီးအပေါင်းတို့၏ ခေါင်းဆောင်ဖြစ်မည့် ရစူလ်သခင်၏ ရင်သွေး အချစ်ဆုံးသမီးတော် ဖွာသွေမာဟ်သခင်မ၏ အလွှာဟ်အရှင်၏ တာဝန်နှင့် ခင်ပွန်းအလီသခင်၏ တာဝန်တို့အား ခွဲခြားနားလည်စွာ မည်သို့မည်ပုံ နာခံလိုက်နာခဲ့သည်ကို ဖတ်ရှုလေ့လာကြပါလေ။

သမီးတော်သည် ညစဉ်အလှပြင်ဆင်ပြီးလျှင် မိမိထံတော်ရှိ ဝတ်ကောင်းစားလှတို့ကို ဆင်းမြန်းတော်မူ၍ ခင်ပွန်း၏ရှေ့မှောက်တွင် ဝင်ရောက်ခစားကာ ခင်ပွန်းသည်၏ သံဝါသစိတ်ဆန္ဒကို ဖော်ကျူးမေးမြန်းတော်မူ၏။ ခင်ပွန်းမှ ဆန္ဒမရှိဟူသည့် ခွင့်ပြုချက်ပေးသောအခါမှ အလှအပနှင့် ဝတ်စားဆင်ယင်မှုတို့အား ချွတ်သိမ်းတော်မူပြီး ဝိသူရေသန့်စင်ကာ အရှင်၏

ရှေ့တော်မှောက်တွင် အေဘာဒတ်ပြုခစားမှုခ္ဍ မွေ့လျော်တော်မူခဲ့လေသည်။ ဤသည်မှာ သမီးတော် သခင်မ၏ ညစဉ်ညတိုင်း ပြုမူမှုဝတ္တရားပင် ဖြစ်လေတော့၏။ ခင်ပွန်း၏ဆန္ဒကို ကျော်ခိုင်း၍ ည၏အေဘာဒတ်တွင် မွေ့လျော်တော်မူခဲ့ခြင်း မဟုတ်ကြောင်းကို ဇနီးမယားတို့မှ ဖတ်ရှုလေ့လာကြလေကုန်။ ထို့နောက် လိုက်နာ ဆောက်တည်ကြပါလေကုန်။

အကြင်လင်မယားကြားတွင် အချင်းချင်း ချစ်ကြည်မှုအတွက် ကျိစယ်ကြခြင်း၊ စိတ်ချမ်းသာဘွယ်ရာ စကားများကို ပြောဆို၍ စိတ်ပျော်ရွှင်စေခြင်း၊ (ဂိုစွလ်) ရေချိုးရာတွင် ရေလောင်း၍ ပေးခြင်းတို့သည်ပင်လျှင် နဖိလ်နမာဇ်ဝတ်ပြုသော ဆဝါဘ်များရရှိပါကြောင်း ဟဒီးစ်တော်များတွင် ပါရှိလေသည်။

အစ်ဗ်နေ့ အဗီအောင်ဖာက ဆင့်ပြန်ခဲ့သည်။ ရစူလ်သခင်က "ငါ၏အသက်ကို စိုးပိုင်တော်မူသော အရှင်မြတ်ကို တိုင်တည်၍ မိန့်ကြားပါ၏။ ခင်ပွန်း၏တာဝန်ကို မကျေပွန်သည့် အမျိုးသမီးသည် အလွှာဟ်အရှင်မြတ်၏ တာဝန်ကိုလည်း ကျေပွန်သူမဟုတ်ပေ"ဟု မိန့်ထား ပါသဖြင့် နမာဇ်၊ ရိုဇာ၏ တာဝန်များကျေလေပြီဖြစ်၍ အရှင်မြတ်၏ တာဝန်တော်များ ကျေပွန်လေပြီဟု ထင်မှတ်မမှားပါလေနှင့်။ ခင်ပွန်းသည်၏ တာဝန်အား မကျေပွန်ခဲ့ပါလျှင် ထိုတာဝန် (နမာဇ်၊ ရိုဇာ စသည်) တို့သည်လည်း လက်ခံ(ကဘူလ်) ပြုခြင်း ခံရမည်မဟုတ်ကြောင်း သိမှတ်ထားကြရပေမည်။

အစ်ဗ်နေ့အုမရ်သခင်က ဆင့်ပြန်ခဲ့သည်။ ရစူလ်သခင်က "လင်ယောကျ်ား၏အမိန့်ကို မနာခံသည့် အမျိုးသမီး၏ နမာဇ်သည်လည်း လက်ခံအတည်ပြုခြင်းခံရမည်မဟုတ်"ဟု မိန့်ခဲ့လေသည်။

ဇနီးသည်တို့ကြောင့် ခင်ပွန်းသည်တို့မှာ ဒုက္ခအတိရောက်ရှိကြရကြောင်းကိုလည်း အစ်ဗ်နေ့မတ်စ်အူးဒ်နှင့် အဘူဟိုရိုင်ရာ သခင်တို့မှ ဆင့်ပြန်ခဲ့ကြသော ဟဒီးစ်တော်ဖြင့် သိမှတ်ကြလေသည်။ ရစူလ်သခင်က "ခေတ်တစ်ခေတ်သို့ ရောက်ရှိလာပေလိမ့်မည်။ ထိုခေတ်၌ လူတို့သည် မိမိတို့၏ ဇနီးမယားများကြောင့်သော် လည်းကောင်း၊ သားသမီးများကြောင့်သော်လည်းကောင်း၊ မိဘတို့ကြောင့်သော်လည်းကောင်းပျက်စီးခြင်းကို ရောက်ရှိကြလိမ့်မည်။ ၎င်းတို့က ဆင်းရဲခြင်းကို ထောက်ပြကြ၍ ထိုသူကို မခံချင်အောင် ရှုံ့ချပြောဆိုကြလိမ့်မည်။ ထိုသူအား မထမ်းဆောင်နိုင်သော တာဝန်များကို ထမ်းဆောင်ရန် တိုက်တွန်းကြပေလိမ့်မည်။ သို့ဖြင့် "ထိုသူ"သည် ထိုလုပ်ငန်းများကို လုပ်ဆောင်လေတော့၏။ နောက်ဆုံး၌ သာသနာကိုပါ "ထိုသူ"မှာ လက်လွတ်ဆုံးရှုံးရပေတော့၏။ "ထို့နောက် ထိုသူသည် ပျက်စီးခြင်းမလှ ပျက်စီး၍

သွားလေတော့သည်”ဟူ၍ မိန့်တော်မူခဲ့သည်ဖြစ်သောကြောင့် လင်ယောကျ်ားတို့မှာ ဇနီးသည်နှင့် သားသမီး မိဘတို့ကို ထောက်ထားမှုဖြင့် ပြုလုပ် ကျူးလွန်မိခဲ့သော ဂိုနာဟ်များကြောင့် “ထိုသူတို့”ခမျာမှာ သာသနာနှင့် အီမာန်ယုံကြည်မှုကိုပင် ထိခိုက်ပျက်စီးစေမည်ကို စိုးရိမ်ရသော အချိန်အခါမျိုးကိုလည်း ရောက်ရှိလာပေလိမ့်ဦးမည် ဖြစ်ကြောင်းကို သိမှတ်ကြရပြန်လေသည်။

ထို့ကြောင့် ဇနီးမယားတို့သည် မိဘ(၂)ပါး၏ထံမှ လက်ပြောင်း လွှဲယူပြီး မိမိတို့ကို တာဝန်ယူခဲ့ကြရာလေသော ခင်ပွန်းသည်တို့၏ ကျေးဇူးတရာများနှင့် တန်ဖိုး အဆင့်အတန်းများကို စဉ်းစားသုံးသပ်ပြီးလျှင် ကျေးဇူးရှင်အား ကျေးမစွပ်မကြေပါစေနှင့်။ ကိုယ့်ကြောင့် ထိုသူတို့၏ဘဝ မပျက်စီးကြပါစေနှင့်ဟု မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

မွန်မြတ်သော အမျိုးသမီး

တစ်နေ့သောအခါ ရစူလ်သခင်သည် တပည့်တော် ဆွဟာဗာများကို “မွန်မြတ်သော အမျိုးသမီး ဆိုသည်မှာ မည်ကဲ့သို့သော အမျိုးသမီး ဖြစ်လေသနည်း”ဟု အမေးတော်ရှိလေရာ အလီသခင်နှင့်တကွ မည်သည့်ဆွဟာဘာမှ မဖြေဆိုနိုင်ကြပေ။ အလီသခင်သည် အဖြေမပေးနိုင်သဖြင့် မိမိအိမ်သို့ပြန်ကာ ငေးငိုင်၍နေလေသည်။ ကြင်ယာတော်ဖြစ်သည့် ရစူလ်သခင်၏သမီးတော် ဖွာသွေမာဟ်သခင်မက ခင်ပွန်းအလီသခင်အား “အဘယ်အတွက်ကြောင့် မျက်နှာ မသာမယာဖြစ်နေကြောင်းကို” မေးမြန်းလေသော် အလီသခင်က ရှင်းပြတော်မူလေ၏။ “ရစူလ်သခင်၏ မေးခွန်းအား မည်သူတစ်ဦးတစ်ယောက်မှ မဖြေဆိုနိုင်ကြကြောင်း၊ မိမိကိုယ်တိုင်လည်း မဖြေဆိုနိုင်သောကြောင့် စိတ်မချမ်းသာစွာနှင့် အိမ်သို့ပြန်လာခဲ့ခြင်း ဖြစ်ကြောင်း” များကို ပြောပြခဲ့လေသည်။

သမီးတော်က “ထိုမေးခွန်း၏အဖြေအား ကျွန်မသိပါသည်။ မွန်မြတ်သော အမျိုးသမီးဟူသည်မှာ သူမကလည်း မည်သည့် (သူစိမ်းတစ်ရံဆံ)အမျိုးသား တစ်စုံတစ်ယောက်ကိုမှ မကြည့် မမြင်ဖူးခဲ့၊ သူမကိုလည်း မည်သည့် (သူစိမ်းတစ်ရံဆံ)အမျိုးသား တစ်စုံတစ်ယောက်ကမှ မကြည့် မမြင်ဖူးခဲ့သော သူမပင်ဖြစ်လေသည်”ဟု ဖြေဆိုခဲ့လေသည်။

အလီသခင်သည် အဖြေကိုကြားသိရသည်နှင့် ဝမ်းမြောက်စွာဖြင့် ရစူလ်ထံတော်မှောက်သွားရောက်တော်မူပြီး “ကိုယ်တော်၏ မေးခွန်းအဖြေအား ကျွန်တော်သိပါပြီ”ဟု ဖြေကြားလျှောက်ထားလေရာ ရစူလ်သခင်က ပြုံးတော်မူပြီး မိန့်မြွက်တော်မူသည်မှာ-“ဤအဖြေအား အသင် ဘယ်က ရခဲ့သည်ကို ငါရစူလ်ရိပ်စားမိ၏။ ဤအဖြေသည် ငါ၏သမီးတော်ထံမှ

ရခဲ့လေသည် မဟုတ်လော။ အို-အလီ, ထိုမွန်မြတ်သော အမျိုးသမီးဟူသည် ငါ၏ သမီးတော်ပင် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သမီးတော်ကို မည်သည့်တစ်ရံဆံ အမျိုးသားမှ မမြင်ဖူးခဲ့ကြ၊ ထို့ပြင် သမီးတော်ကလည်း မည်သည့်တစ်ရံဆံ အမျိုးသားကိုမျှ မတွေ့မမြင်ဖူးခဲ့ပေ"ဟု မိန့်တော်မူလေသည်။ ဤသည်မှာ ထူးခြားသော သမီးတော်၏ ဂုဏ်ရည်ထူးတစ်ခုပင် ဖြစ်လေသည်။

ထို့အတွက် အီမာန်ရှင်အမျိုးသမီးတို့မှာ (ဟေဂျာဗ်ပရ်ဒါ) ဖုံးအုပ်ကြရန် အရေးကြီးလှပြီ။ ဤသည်(ဖရာဇ်) မလုပ်မနေရ ထမ်းဆောင်ရမည့် တာဝန်တစ်ရပ် ဖြစ်ပါကြောင်းကို သိနားလည် ထားရပေမည်။ တစ်နေ့သောအခါ ရစူလ်သခင်၏ ထံတော်ပါး၌ ကြင်ယာတော်(၂)ပါးရှိနေစဉ် မျက်မမြင် ဆွဟာဘာကြီးတစ်ပါး ရောက်လာခဲ့၏။ ရစူလ်သခင်၏ ကြင်ယာတော်များကို (ပရ်ဒါ) အကာအကွယ် အတွင်း၌ လုံခြုံစွာနေထိုင်ကြရန် မိန့်တော်မူသောအခါ ကြင်ယာတော်များမှာ အံ့အားသင့်ကြလျက် ထိုဆွဟာဘာသည် မျက်မမြင် ဖြစ်ပါကြောင်း လျှောက်တင်ကြလေရာ ရစူလ်သခင်က "သင်မတို့သည်ကား မျက်မြင်များ ဖြစ်ကြပါသည်"ဟု မိန့်ချွေပြီး (ပရ်ဒါ) ထားစေခဲ့လေသည်။

အချို့သောအိမ်ထောင်ရှင်အမျိုးသမီးတို့၏ အကျင့်စရိုက်တစ်ခုမှာ ဤသို့ရှိလေ၏။ အိမ်မှာနေသောအခါ ဟောင်းနွမ်းစုတ်ပြတ်နေသော အဝတ်အထည်များကို ဝတ်ဆင်ကြလျက် ခင်ပွန်းပင် အနား မကပ်ချင်အောင် နေထိုင်ကြလေပြီး အပြင်သို့ထွက်ကြသောအခါမျိုးတွင် အမွှေးနံ့သာများ ချယ်သလျက် လှပစွာ ဝတ်စားပြင်ဆင်၍ သွားတတ်ကြလေ၏။ လူလုံးထွက်၍ ပြတတ်ကြလေသည်။

မိမိနှင့် မသက်ဆိုင်သော အမျိုးသားအပေါင်းတို့၏ ကြည့်ရှုကြခြင်း၊ မျက်စိစားပွဲထိုင်ကြခြင်းတို့ကို လိုလားနှစ်သက်ခုံမင်ကြ၍ပင် မကြည့် ကြည့်အောင် အစွမ်းကုန်အလှချယ်သတောက်ပအောင် ပြင်ဆင်ကြလေ၏။ ဤသည် ထိုအမျိုးသမီးများအတွက် (ဂိုနာဟ်ကဗီရာ) ကြီးမားသည့် ပြစ်မှုပင်ဖြစ်လေသည်။ မကောင်းသည့် စိတ်နှလုံးသားပိုင်ရှင် ဇနာစိတ်ရှိသော အမျိုးသားများက ထိုမိန်းမတို့အား မကောင်းသောမျက်စိ၊ ဇနာမျက်လုံးတို့ဖြင့် ရှိုက်ဖိုကြီးငေး အသွယ်သွယ်တို့အား ကြည့်ရှု၍ အရသာယူ ခံစားကြလေတော့၏။ လမ်းပေါ်မှ အမျိုးသား အရေအတွက် ဥပမာ-၁၀ယောက်၏ မကောင်းသည့် အကြည့်ကို ခံယူလျှင် ထို(၁၀)ယောက် အတွက် အကြည့်ခံရသော အမျိုးသမီးမှာ အပြစ်ခံရပေမည် ဖြစ်လေသည်။

အို - အမျိုးသမီး ဇနီးမယားအပေါင်းတို့ မိမိအိမ်မှ (ဟလာလ်) ဖြစ်သောခင်ပွန်းသည်၏ ရှေ့တွင်မူ ဟောင်းနွမ်းစုတ်ပြတ်နေသည့် အဝတ်အစားတို့ဖြင့် နေထိုင်ပြီး ကိစ္စတစ်ခုကြောင့်

အပြင်ထွက်သော အခါတွင်မှ ဤသို့ဝတ်စားဆင်ပြင်ပြီး (ဟရာမ်)ဖြစ်သော ယောကျ်ား ပေါင်းစုံတို့၏ အကြည့်ကို ခံယူကြခြင်းမှာ အဘယ်မျှ စက်ဆုတ်ဖွယ်ရာ ဖြစ်ဘိသနည်း။

အီမာန်ရှင်အမျိုးသမီးများသည် အပြင်သို့ မထွက်မဖြစ် ကိစ္စနှင့် ထွက်ကြပါလျှင် မိမိတို့၏ ပင်ကိုယ် အလှအပတို့ကိုပင် (ဟေဂျဗ်ပရဒါ)နှင့် ဖုံးအုပ်ထားလျက် သွားလာကြရပေမည်။ ဤသည်အတွက် အကျိုးဆဝါဘ်လည်းရှိ၏။ ကျေးဇူးတော်ရှင် ရစူလ်သခင်၏ ရင်(နှလုံးသား) ကိုလည်း အေးမြစေ၏။ (ဖရာဇ်) တာဝန်လည်း ကျေပွန်ပေ၏။

ရစူလ်သခင်က

(၁) နမာဇ်ဝတ်ပြုခြင်းသည် ငါရစူလ်၏မျက်စိ ကိုအေးမြစေ၏။

(၂) အမျိုးသမီးများ (ပရ်ဒါ) ထားရှိခြင်းသည် ငါ၏ နှလုံးသားအားအေးမြစေ၏။

(၃) အလ္လာဟ်အရှင်မြတ်၏ လမ်းတော် သို့ထွက်ခြင်း (သာသနာတော်အတွက် ခရီးထွက်ခြင်း) သည် ငါ၏ ဝိညာဉ်ကို အေးမြေစေ၏။ ဟု မိန့်မြွက်ထားတော်မူလေသည် မဟုတ်ပါလော။ ထို့ကြောင့် ရစူလ်သခင်၏ ရင်(နှလုံးသား)ကိုအေးမြစေရန် ဟေဂျဗ်ပရဒါပြု၍ မိမိတို့၏ မျက်လွှာများကိုလည်း နှိမ့်ချထားကာ အမျိုးသမီးများ သွားလာကြရမည် ဖြစ်လေသည်။

မိမိ၏အလှအပအား သူစိမ်းယောကျ်ားတို့ကို ပြသ ဆွဲဆောင်ခဲ့သော အမျိုးသမီးများနှင့် ပတ်သက်ပြီး "ထိုသူမများသည် ဇာနီယတ်များ ဖြစ်ကြောင်း၊ (ဇေနာဖက်သို့ဖိတ်ခေါ်သော) ထိုမိန်းမတို့သည် ဂျန္နသ်သို့ဝင်ရန် မဆိုထားနှင့်၊ ဂျန္နသ်၏မွှေးရနံ့ကိုပင် ရှူရှိုက်ခွင့် ရမည်မဟုတ်ကြောင်း" ကိုလည်း မိန့်မြွက်ထားတော် မူလေသည်။

သိမှတ်ထားရန်အချက်တစ်ရပ်မှာ အဝတ်အထည် အကောင်းရှိပါလျက် အစုတ်အပဲ့နှင့် မနေထိုက်ပေ။ ဖာထေး၍သာ ဝတ်ဆင်ခွင့် ရှိကြောင်း သိမှတ်နားလည် လိုက်နာရပေမည်။ ဇနီးတို့သည် ခင်ပွန်းသည် ချစ်ခင်ကြည်နူးစေရန်အတွက်၊ အိမ်ကို ခင်တွယ်စေရန်အတွက် အိမ်၏ အလှအပ သန့်ရှင်းမှုများကို အထူးဂရုပြုရမည်။ မိမိတို့ ကိုယ်တိုင်နှင့်တကွ ရင်သွေးများကိုလည်း အမြဲတမ်း သန့်ရှင်းလှပ၍ သပ်သပ်ရပ်ရပ်ရှိနေကြစေရန် အိမ်တွင်ဆောင်ရွက်နေထိုင်သင့်ကြပေသည်။ ဤသို့ဖြင့် ခင်ပွန်းသည်အား အိမ်နှင့် မိသားစုကို ခင်တွယ်အောင် ဆွဲဆောင်မှုကို ပြုသင့်လေသည်။

ခင်ပွန်းလင်သည် အိမ်တွင်မသာယာလျှင် အိမ်အပြင်တွင် သာယာမှုကိုရှာဖွေလိမ့်မည်။ အပြင်တွင် ပျော်သွားမည်။ လမ်းပေါ်တွင် ပျော်သွားမည်။ သူတစ်ပါးအိမ်တွင် ပျော်သွားမည်။ နောက်ဆုံးမိမိနှင့် သားသမီးတို့အား ကျောခိုင်းစွန့်ခွာ၍ သွားပေလိမ့်မည်။ တစ်ခုလပ် ဘဝနှင့်

ဘဝ၏ နေပူလည်ခေါင်တွင် ကိုယ့်ဝမ်းစာ ကိုယ်ရှာစားရသည့် ဘဝမျိုးကိုတော့ဖြင့် မရောက်ရှိ ကြပါစေနှင့်။ ကျေးဇူးတော်ရှင် ချစ်ရစူလ်သခင်၏ မိန့်ခွန်းတော်များကို ဦးထိပ်ပန်ဆင်လိုက်နာ ကျင့်ကြံ ကြိုးပမ်းသွားကြပြီး အိမ်ရှင်မဖြစ်သော (အိမ်၏အရှင်သခင်မ) ဘဝမှ တစ်ရွေးသားမှ လျော့ကျ၍ မသွားရလေအောင် သာသနာ့အသိတရားများနှင့် သတိထား၍ နေထိုင်ဆောင်ရွက် သွားကြရန် သင့်ပေသည်။

ရစူလ်သခင်က “အကောင်းဆုံးသော ဘဏ္ဍာတိုက်သည် မြင့်မြတ်သော အမျိုးသမီးဖြစ်၏။ ခင်ပွန်းကကြည့်လိုက်ရုံဖြင့် ခင်ပွန်း၏စိတ်ကို ကြည်နူးစေ၏။ ခင်ပွန်းက တစ်ခုခု စေခိုင်းလိုက်သည့်အခါတွင် ထိုသူမသည် အမိန့်နာခံ၏။ ခင်ပွန်းမရှိသည့်အခါတွင် မိမိ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်း၏”ဟု မိန့်တော်မူပြီး မြင့်မြတ်သောအမျိုးသမီး၏ ဘဝသရုပ်ကို ထုတ်ဖော် ညွှန်ကြားကာ မိမိ၏အွမ္မသ်သူတို့အား သိစေတော်မူခဲ့လေသည်။

ထို့ပြင်မိန့်ပြန်သည်မှာ “အာရဗ်နိုင်ငံ၏ အမျိုးသမီးများအနက် မွန်မြတ်သော ကိုရိုက်ရှ် အမျိုးသမီးတို့၏ အကောင်းဆုံးလက္ခဏာမှာ (၂) ရပ် ရှိလေသည်။

(၁) ထိုအမျိုးသမီးတို့သည် သားသမီးများကို ချစ်ခင်ကြင်နာကြ၏။

(၂) ခင်ပွန်း၏ပစ္စည်းများကို ကောင်းမွန်စွာ ထိန်းသိမ်းကြ၏။

ဤအရည်အချင်း(၂)ရပ်သည်လည်း အီမာန်ရှင် အမျိုးသမီးများအတွက် အထူးလိုအပ်လှသော တန်ဖိုးကြီးမားသည့် ဂုဏ်အင်ဒြပ်များပင် ဖြစ်လေသည်။ မွေးဖွားလာသည့် သားသမီးရတနာတို့ကို ကြင်နာယုယ ချစ်ခင်ကြရမည်ဖြစ်ပြီး ခင်ပွန်းလင်၏ ပစ္စည်းများမှာ လည်း မိမိတို့အတွက် (အမာနသ်) အပ်နှံထားသော ပစ္စည်းများဖြစ်၍ (ခေယာနသ်) အလွဲသုံးစား ပြု၍ မရကြောင်း၊ သားသမီးတို့ကလည်း မိခင်တို့အတွက် အမာနသ်ပင်ဖြစ်ကြောင်း သြဝါဒများကို အရေးထား၍ ကျင့်ကြံကြိုးပမ်းကြရပေမည်။

သားသမီးတို့ကို ချစ်ခင်ကြင်နာစွာဖြင့် ကျွေးမွေးဂရုစိုက်ကြရမည်။ မကောင်းသော အကျင့်ဆိုးများကို သွန်သင်ဆုံးမဖယ်ရှားပေး ကြရမည်။ ကောင်းမြတ်သော အကျင့်စာရိတ္တများကို သွတ်သွင်း ပြုစုရမည်။ စံချိန်မီ အီမာန်ရှင် ကိုယ်ကျင့်သီလပိုင်ရှင် ဆွဟာဘာကြီးများ၏ ဟေကာယသ်များကို (တအ်လင်မ်)ပေး၍ ဆုံးမသွန်သင်ကြရမည်။ အိမ်တွင်နေ့စဉ် တအ်လင်မ် ပြုလုပ်ပေးရမည်။

“သားသမီးများကို အမြတ်ပြုကြကုန်”ဟု ရစူလ်သခင်က မိန့်တော်မူထားလေရာ မိမိတို့၏ ရင်သွေးရတနာများကို ကောင်းမှုအား မြတ်နိုးတတ်အောင် သင်ပြပေးခြင်း၊ ကောင်းကျိုး

အရာရာရှာဖွေ ပြုလုပ်ဆောင်ရွက်စေခြင်း၊ ကောင်းခြင်းဟူသမျှ သားသမီးတို့၏ ခန္ဓာကိုယ် အတွင်း အပြင်တွင် ဆင်ယင်ခြယ်သ၍ အမလ်ပြုစေကြခြင်း စသည့် စာရိတ္တပြုပြင်ရေး အပိုင်းကဏ္ဍ၌ ကောင်းမြတ်သော အမွေများကို ပေးခဲ့သင့်ကြပေသည်။ သားသမီးတို့အား သားကောင်း သမီးမြတ်များဖြစ်အောင် သွန်သင်ဆုံးမ၍ နေကြရမည်။ မိခင်၏ ရင်ခွင်သည်ကား ရင်သွေးသားသမီးများအတွက် ပညာသင်ပေးရာ ပထမဦးဆုံး ကျောင်းပင်ဖြစ်လေသည် မဟုတ်ပါလော။

အီမာန်ရှင် မိဘတို့သည် ရစူလ်၏ ဩဝါဒတော်များအတိုင်း သားသမီးတို့အား အမြတ်ပြုကြပြီး မိမိတို့ကွယ်လွန်ပြီးသည့်နောက်တွင် မိမိတို့၏ သားသမီးများအား မြတ်သော ကိုယ်ကျင့်တရားတို့နှင့် ဤလောကၭ ကျန်ရစ်ခဲ့ရလေအောင် ပဲ့ပြင်ဆုံးမကြလေသော် ထိုသားမြတ် သမီးမြတ်တို့မှ ပို့သသော အီစာလေ့ဆဝါဘ်များနှင့် ဆုမွန် ဒိုအာကောင်းတို့ကြောင့် မိဘတို့မှာလည်း မွန်မြတ်သော အဆင့်အတန်းများကို အရှင်မြတ်၏ ဘက်တော်မှ ချီးမြှင့်ခြင်းကိုလည်း ခံရမည် ဖြစ်လေသည်။ ဤသည်မှာ သားသမီးတို့ဘက်မှ အမြတ်ရခြင်းပင် ဖြစ်လေသည် မဟုတ်ပါလော။

အီမာန်ရှင်တိုင်း၏ ခန္ဓာကိုယ်တွင် ဆင်ယင်ခြယ်သအပ်သည့် အလှတရားသည် (၂) ပါး ဖြစ်လေသည်။ အရှက်တရားနှင့် အကြောက်တရားတို့ ဖြစ်ကြ၏။ ထိုတရား(၂)ပါးနှင့်ပတ်သက်၍ ရစူလ်သခင်က "ရှက်ကြောက်ခြင်းသည် ကောင်းရာဘက်သို့ ဖန်တီးပေး၏။ သင် အရှက်မရှိပါက လုပ်လိုရာလုပ်လော့"ဟု မိန့်ထားတော်မူခဲ့လေရာ အီမာန်ရှင်အမျိုးသမီးတို့မှာ မည်သည့် အရွယ်သို့တိုင်အောင် ရောက်စေကာမူ ထိုအလှတရား(၂)ပါးအား ခန္ဓာကိုယ်တွင် အစဉ်အမြဲ ဆင်ယင်ခြယ်သစောင့်ထိန်း၍ ထားအပ်ပေသည်။ လက်မလွတ်တန်း ကျင့်ကြံအပ်သည့် အမလ်များလည်း ဖြစ်ပေ၏။ မိမိတို့၏ တန်ဖိုးသိက္ခာကို တိုးတက်မြင့်မားစေသော အလှတရားများလည်း ဖြစ်လေသည်။

ထိုအလှတရား(၂)ပါးနှင့် ပတ်သက်၍ လေးနက်ပေါ်လွင်စေရန် ခင်ပွန်းသည်တို့အား ရစူလ်သခင်က ဤသို့မိန့်ကြားတော်မူပေသည်။

"ပျိုရွယ်သော အမျိုးသမီးတို့ကို ထိမ်းမြားပါ။ ထိုသူမတို့သည် ခင်ပွန်းကို နူးညံ့သိမ်မွေ့စွာ ဆက်ဆံ၏။ အရှက်အကြောက်ကြီးမှုကြောင့် ထင်ရာကိုလည်း မပြောကြချေ။ အနည်းငယ် သုံးစွဲရန်စရိတ်ပေးခြင်းဖြင့် ကျေနပ်၍ သွားကြလေသည်"ဟု ငယ်ရွယ်နုပျိုသော အမျိုးသမီးတို့၏ အရှက်အကြောက် ကြီးမားကြပုံနှင့် တင်းတိမ်ရောင့်ရဲကျေနပ်ကြပုံတို့အား ရစူလ်က ဖော်ကျူး၍

မိန့်ဆိုတော်မူထားလေသည်။ ဤသည်မှာ တစ်ခုလပ်နှင့် မုဆိုးမတို့အား လက်မထပ်ရန်ကို မိန့်ထားခြင်း မဟုတ်ဘဲ နုပျိုငယ်ရွယ်သူများ၏ သီးခြားသည့် (ရုက်ကြောက်မှု) ဂုဏ်ရည်ထူးများကိုသာ ဖော်ကျူးမိန့်ဆိုတော်မူခဲ့ခြင်း ဖြစ်လေသည်။

မေအဲ်ရာဂျ် ကောင်းကင်ဘုံခရီးမှ ပြန်လည်ရောက်ရှိလာသော အခါရစူလ်သခင်က "အိုအမျိုးသမီးအပေါင်းတို့၊ ငါသည်(မေအဲ်ရာဂျ်)၏ ခရီးစဉ်တွင် ဂျဟန္နမ်ငရဲဘုံအတွင်း၌ အသင်မတို့အား မြောက်များစွာပင် တွေ့မြင်တော်မူခဲ့လေသည်"ဟု မိန့်လေရာ အမျိုးသမီးများက အဘယ်အတွက်ကြောင့်ပါနည်းဟု မေးမြန်းကြသောကြောင့် ဖြေကြားတော်မူသည်မှာ "အကြောင်းမှာ ဤသို့ရှိ၏။ သင်မတို့သည် အရာခပ်သိမ်းတို့ကို ကျိန်ဆဲလေ့ရှိကြ၏။ ခင်ပွန်းအား များစွာကျေးဇူးကန်းလေ့ရှိကြ၏။ ခင်ပွန်းယူဆောင်လာသောပစ္စည်းတို့အပေါ် မနှစ်သက်သောအခါ နှာခေါင်းရှုံ့ ပြစ်တင်လေ့ရှိကြ၏" ဟု မိန့်တော်မူခဲ့လေသည်။

ထို့ကြောင့် အမျိုးသမီးများသည် ခင်ပွန်းလင်တို့နှင့် ပတ်သက်၍ အထူး သတိထားကြရမည်။ ပြောဆိုဆက်ဆံရာတွင် အရှင်သခင် မနှစ်သက်သော အသွင်အပြင်များကို ရှောင်ရှားကြရမည်ဖြစ်ပြီး ဤတိုတောင်းသော ဒွန္နယာလောက၏ ယာယီသက်တမ်းတွင် အချို့သော ခင်ပွန်းလင်တို့သည် စိတ်သဘောများ ကျဉ်းမြောင်းသေးသိမ် ညံ့ဖျင်းကြပြီး ဇနီးမယားအပေါ် အပြစ်ရှာတတ်ကြ၏။ ထိုကဲ့သို့ အကျင့်ဆိုးသည့် လင်ခင်ပွန်းမျိုးနှင့် ဖူးစာဆုံ၍ ကြုံခဲ့ကြရလေလျှင် ခင်ပွန်းသည်၏ ဆိုးသွမ်းမှုဒဏ် အခံရဆုံး အာစီယာသခင်မ၏ စံနမူနာကို ရှေ့မှာ ထားလျက် ဆွဗရ်ပြု ကြံ့ကြံ့ခိုင်ကြရပေမည်။ သခင်မကြီးသည် ခင်ပွန်းသည်အပေါ်တွင် ဆွဗရ်ပြုခြင်း၏ အကျိုးဆက်အဖြစ် ဂျန္နသ်တွင် အမျိုးသမီးတို့၏ခေါင်းဆောင် ဖြစ်ခဲ့ရလေသည် မဟုတ်ပါလော။

အကယ်၍ ခင်ပွန်းသည်၏ ဆိုးသွမ်းမှုဒဏ်ကို သည်းမခံနိုင်တော့သည့်အဆုံးတွင် ထိုဇနီးမယားတို့အတွက်(ခိုလှအံ)ကဲ့သို့သော ကွာရှင်းမှုကိုလည်း ပြုလုပ်ဆောင်ရွက်နိုင်ပါကြောင်းကို ရရှိအသိက ထွက်ပေါက်အဖြစ် သတ်မှတ်ပေးထားပေသည်။ ဤကိစ္စအတွက် သာသနာတော်၏ ရှေ့ဆောင်လမ်းပြ စစ်မှန်သော သာသနာ့ပညာရှင်များနှင့် မေးမြန်းတင်ပြဆွေးနွေးကြပြီး ဇနီးသည်တို့မှာ အရေးကြုံလာသောအခါ စီမံဆောင်ရွက်နိုင်ခွင့် ရှိကြပေသည်။ အစ္စလာမ်သာသနာတော်က ဤကဲ့သို့လူသားတိုင်းအတွက် လူ့အခွင့်အရေးအား အပြည့်အဝ ပေးအပ်ထားပြီး ဖြစ်လေသည်။

ဟူရ်ကညာ၏ ဘဒ်ဒိုအာ

ရစူလ်သခင်က “ဇနီးမယားတို့က ခင်ပွန်းသည်တို့အား လောကီ၌ ဒုက္ခပေးခဲ့ပါလျှင် ဂျန္ထတ်သုခဘုံတွင် ရရှိမည့် ထိုခင်ပွန်း၏ ဟူရ်-ကညာအပျိုစင်(နတ်သမီး)က လောကီ၏ ဇနီးသည်အား (အသင်မကို အရှင်မြတ်က ဖျက်ဆီးတော်မူပါစေ။ ထိုသူသည် အသင်မထံ ခေတ္တ နေ့သည်သာလျှင်ဖြစ်ပါ၏။ မကြာမီ အသင်မထံမှ ထိုသူသည် ကျွန်မထံသို့ ရောက်လာပေလိမ့်မည်)ဟု ပြောကြားသည် ဖြစ်ကြောင်း” မိန့်တော်မူခဲ့လေရာ ခင်ပွန်းသည်တို့၏ ကြီးမြတ်မှု အဆင့်အတန်းကို ခန့်မှန်း၍ သိရှိနိုင်ကြပြီး ခင်ပွန်းသည်အား နိုင်စားသော မချေမငံ ဆက်ဆံခဲ့ကြလေသော မိုက်ရိုင်းသည့် ဇနီးသည်တို့အား နတ်သမီးအပျိုစင် ဟူရ်ကညာကပင် ကျိန်စာ-ဘဒ်ဒိုအာပေးခဲ့ပါကြောင်း ကောင်းစွာသတိထားဆင်ခြင်၍ ခင်ပွန်းသည်တို့၏ စိတ်ကို မငြိုငြင်အောင် “အရှင်နှစ်သက်မှု” ကို ရှေ့ရှုလျက်ဆောင်ရွက်သင့် ကြပေသည်။

ဤလောကီသည် စမ်းသပ်ရာဌာနဖြစ်၍ ဇနီးမယားလက်ဝယ်၌ ခင်ပွန်းတို့အား ခေတ္တ အပ်နှံပြီး အရှင်၏ အမိန့်ပညတ်တော်များကို ကျေပွန်မှု ရှိ၊ မရှိ စမ်းသပ်တော်မူနေခြင်း ဖြစ်သည် ကိုလည်း သတိပြုပါလေ။ တိုတောင်းသည့် ဤလောကီ စမ်းသပ်ရာဌာနတွင် မိမိ၏အရှင်သခင်၏ ကျေနပ်နှစ်သက်မှုကိုရှေ့ထားလျက် ခေတ္တနေ့သည် ခင်ပွန်းသည်တို့အား ကောင်းမွန်စွာ ဆက်ဆံကြပါရန် အရေးကြီးလှပေသည်။

ယနေ့ “ငါ”ဟု ကြွေးကြော်နေသော “ငါ”၏ ခန္ဓာမှာ “ငါ”လုပ်တာ တစ်ခုမှ မပါပါ။ ငါ့ကိုလည်း ငါမပိုင်။ အလွှာဟ်အရှင်သည်သာ (ပိုင်ရှင်အစစ်အမှန်) ဖြစ်ပါလေ၏။ မမွဲချင်ဘဲ မွဲနေတာ၊ မအိုချင်ဘဲ အိုနေတာ၊ မနာချင်ဘဲ နာနေတာ၊ မသေချင်ဘဲ သေရတာဟာ ဖန်ဆင်းရှင် အလွှာဟ်၏ စိုးမိုးချုပ်ကိုင်စီမံမှုတွေပါ။ ပိုင်ရှင်က “ငါ”ထံမှာ(သူ၏) ပိုင်ဆိုင်မှုများကို တစ်စတစ်စ နှင့် ပြန်လည်ရုပ်သိမ်း၍ နေပေပြီ၊ ဆံဖြူ မျက်မွဲ သွားကျိုးကျဲ၍ ခါးကိုင်း နားထိုင်းသွားတိုင်း အဆင်မပြေတော့ပေ။ ဤသည်မှာ ပိုင်ရှင်၏ တစ်စတစ်စရုပ်သိမ်းမှုပါ။

နောက်ဆုံးမှာ “ငါ့” ခန္ဓာတစ်ကိုယ်လုံးကို ရုပ်သိမ်းပေတော့မည်။ ဤသည်ကား သေခြင်းတရား ဆိုက်ရောက်လာမှုပင်ဖြစ်၏။ သေခြင်းသည် အရှင်သခင်နှင့် တွေ့ဆုံရန် မုခ်ဦးပင် ဖြစ်၏။ ပိုင်ရှင်၏ရှေ့တော် မှောက်ရောက်လေသောအခါ ဤလောကီမှာ “ငါ”၏ ကြိုးပမ်း ကျင့်ကြံခဲ့လေရာ ကောင်းမှု၊ မကောင်းမှု ထိုအကြောင်းနှစ်ခုနှင့် ပတ်သက်၍ ပြည့်ဝစွာ အစားပေးခြင်းကို ခံကြရပေမည် “ငါ”၏ နောက်ဆုံး စခန်းသည် ဂျန္ထသ်သော်လည်းကောင်း၊ ဂျဟန္နမ်သော်လည်းကောင်း ဖြစ်ပေတော့မည်။

အိုး-အီမာန်ရှင် အမျိုးသမီး ဇနီးသည်အပေါင်းတို့၊ မိမိတို့၏ အပြန်လမ်းမှာ မျက်နှာပန်းလှစွာနှင့် အောင်မြင်မှုကို ရရှိကြစေရန်အတွက် ဤခေတ္တယာယီသက်တမ်းတွင် အရှင်သခင်၏ အမိန့်တော်မြတ်များကို ဆွဖရ်ပြုကြ်ံကြ်ံခိုင်လျက် လိုက်နာကြိုးပမ်းသွားကြပါလေ။ (ရဗ်)ဖန်ဆင်းရှင်၏ အကြိုက်ကို ပြုလုပ်ဆောင်ရွက်ကြပြီး (နဖ်စ်) စိတ်ရိုင်း၏ အကြိုက်အား မလိုက်စားကြပါနှင့်ဟု စေတနာမွန်ဖြင့် အကြံပြုအပ်ပါသည်။

အကာအွေ့ဒ့အစ္စလာမ်မှ ကောက်နှုတ်တင်ပြချက်

မရ်ဟွမ်ဆရာသခင်ကြီး မော်လဝီ ဟာဖိဇ် စိုင်ယစ်ဒ် မုဟမ္မဒ် ဟစန်ရှာဟ် ပြုစုရေးသားခဲ့သော (အကာအွေ့ဒ့အစ္စလာမ်)အမည်ရှိ ကျမ်းငယ်တွင် ခင်ပွန်းသည်တို့၏ မွန်မြတ်မှုနှင့် မိန်းမများသည် ယောကျ်ားများထက် ညံ့ရသောအကြောင်းများ ပါဝင်လေရာ ယခု မူရင်းအတိုင်း ကူးယူတင်ပြအပ်ပါသည်။

မိန်းမများကို ဘုရင်မအဖြစ်သော်လည်းကောင်း၊ တရားဆုံးဖြတ်ရန် ကာဇီမ အဖြစ်သော်လည်းကောင်း၊ ခေါင်းဆောင်-အေမာမ်ဆရာအဖြစ်သော်လည်းကောင်း မတင်မြှောက်ရ။ မိန်းများ၏ အဆင့်အတန်းမှာ ယောကျ်ားထက်အောက်ကျ၏။ ယခုခေတ်တွင် မွတ်စလင်မ်တို့ကပါ အင်္ဂလိပ်အတုခိုးကာ ရောင်ဝါးဟစ်အော်ခြင်းမှာ အစ္စလာမ့်ဝါဒကို မသိနားမလည်မှုဖြစ်၏။ ကုရ်အာန်ကျမ်းတော်က နေရာပေါင်းများစွာတွင် ယောကျ်ားများသည် မိန်းမများထက် ဒရ်ဂျာ-တန်ခိုးသာလွန်ကြောင်းရှိပါလျက် နားမလည်၍ မွတ်စလင်မ် အခေါ်ခံပြီး အစ္စလာမ့်ဝါဒကို ဆန့်ကျင်ဘက် ရန်ပြုကြသည်မှာ အံ့သြဖွယ်ကောင်း၏။ မိန်းမများ ယောကျ်ားများထက် ညံ့ရသော အကြောင်းမှာ အမြောက်အများရှိသည့်အနက် အချို့ကို အောက်တွင် ဖော်ပြမည်။

(၁) ယောကျ်ားနှစ်ဦး သက်သေခံတွင် လုံလောက်သောနေရာတွင် မိန်းမလေးဦးရှိရမည်။ ဤအချက်တွင် မိန်းမမှာ ထက်ဝက် လျော့ညံ့၏။

(၂) ဘုရင်၊ အေမာမ်ဆရာ မတင်မြှောက်နိုင်သဖြင့် လုံးဝအသုံး မဝင်။

(၃) ယောကျ်ားက မိန်းမကို မဟရ်ခန်းဝင်ပစ္စည်း တင်တောင်းရသဖြင့် တစ်မျိုးအားဖြင့် မိန်းမ၏ တစ်ကိုယ်လုံးကို ယောကျ်ားက ပိုင်ဆိုင်၏။ မိန်းမသည် လင်ကို (၄) ပုံ (၁) ပုံသာ ပိုင်၏။ ယောကျ်ားမှာ မိန်းမ(၄)ယောက် လက်ထပ်ပိုင်၏။ မိန်းမမှာ တစ်လင်သာ ထားပိုင်၍ ဤအချက်တွင် မိန်းမမှာ တစ်ကျပ်မှာ (၄) ပဲသာတူ၏။ ယောကျ်ားသည် မနာမကျင် ဇိမ်ခံပြီး တစ်နှစ်တွင်

မယား(၄)ယောက်မှ သား(၄)ယောက်မွေးနိုင်၏။ မိန်းမသည် နာကျင်ခြင်းခံရပြီး (၉) လ၊ (၁၀) လ ကိုယ်ဝန်ဆောင်လွယ်ပြီးမှ တစ်နှစ်တစ်သား မွေးဖွားနိုင်၏။

(၄) ယောကျ်ားမှာ အမြဲသန့်ရှင်းပြီး နမာဇဖတ်ရွတ် ဝတ်ပြုခြင်း၊ ကျမ်းတော်မြတ် ကုရ်အာန်ကို ဖတ်ရွတ်ခြင်း ပြုနိုင်၏။ မိန်းမများမှာ လစဉ် အနည်းဆုံး(၃)ရက်၊ အများဆုံး (၁၀) ရက် ကိုယ်မသန့်မရှင်း ပန်းပွင့်နေရသဖြင့် နမာဇ်၊ ကုရ်အာန်စသော ကုသိုလ်များ လျော့နေ၏။ ဤအချက်၌ (၁၀) ပုံတစ်ပုံ သော်လည်းကောင်း၊ (၃) ပုံတစ်ပုံ သော်လည်းကောင်း၊ ယောကျ်ား များထက် လျော့နည်း၏။ သားဖွားရာ အနည်းဆုံး (၁၀) ရက်၊ အများဆုံး ရက် (၄၀) မသန့်မရှင်း သဖြင့် ယောကျ်ားထက် (၁၂) ပုံတစ်ပုံခန့်လျော့ညံ့၏။

(၅) ဟဂ်ျပြုရာသော်လည်းကောင်း၊ ခရီးဝေးသွားရာသော်လည်းကောင်း ယောကျ်ားမှာ တစ်ဦးတည်း လမ်းစရိတ်နှင့် သွား၏။ မိန်းမမှာ လင်သော်လည်းကောင်း၊ မောင်သော် လည်းကောင်း (မဲဟ်ရမ်) ယောကျ်ားပါမှ သွားပိုင်၏။ မိန်းမများ (၁) သိန်း၊ (၁) သန်း စု သွားသော် လည်း တရားမဝင်သဖြင့် ထက်ဝက်ညံ့ဖျင်း၏။

(၆) ယောကျ်ားသည် မည်သည့်အချိန်မဆို မယားကိုသွလာက်ပေးဖြတ်နိုင်၏။ မိန်းမမှာ မိမိသဘောနှင့် သွလာက်မပေးနိုင်။ မိန်းမက (ခိုလအ်)ခေါ် ပစ္စည်းပုံ၍ ကွာလိုသော်လည်း လင် သဘောတူမှ ဖြစ်နိုင်၍ မိန်းမမှာ လုံးဝအရေးနိမ့်လေ၏။

(၇) ယောကျ်ားသည် မယားသေသော်လည်းကောင်း၊ ကွာပြီးသော်လည်းကောင်း၊ ချက်ချင်းလက်ငင်း မယားအသစ် ယူနိုင်၏။ မိန်းမမှာ ကွာသောအခါ (၃) လ၊ (၁၀) ရက်၊ သေသောအခါ (၄) လ (၁၀) ရက် စောင့်ဆိုင်းပြီးမှ နောက်တစ်လင်ယူနိုင်၏။ ကိုယ်ဝန်ဆောင် ရှိပါလျှင် သားဖွားပြီးမှ ယူပိုင်၏။

(၈) ယောကျ်ားမှာ အများရှေ့တွင် ပူအိုက်သောအခါသော်လည်းကောင်း၊ သက်သက် အကြောင်းမဲ့ သော်လည်းကောင်း ချက်မှ ဒူးအထိ ဖုံးအုပ်ပြီး၊ သွားလာခွင့်ရှိ၏။ မိန်းမမှာ ခေါင်းမှ ခြေအထိ ဖုံးအုပ်ရမည်။ မျက်နှာ၊ လက်၊ ခြေမှအပ ဆံပင်မှစ၍ တစ်ကိုယ်လုံး ဖုံးအုပ်ရမည်။

(၉) ယောကျ်ားသည် ငွေဝယ်ကျွန်မနှင့် ပျော်ပါးပိုင်၏။ လက်ထပ်ရန် မလိုတော့။ ဝယ်၍ ပိုင်ခြင်းပင် လက်ထပ်ဘိသကဲ့သို့ ဖြစ်၏။ မိန်းမမှာ ငွေဝယ်ကျွန်ယောကျ်ားနှင့် မပျော်ပါးနိုင်။ သူကောင်းပြုပြီး လက်ထပ်ပြီးမှသာ တစ်လင်တည်း အနေသာပိုင်၏။

(၁၀) ယောကျ်ားသည် မိန်းမကို ဆဲဆိုရိုက်နှက် ဆုံးမပိုင်၏။

မိန်းမသည် ယောကျ်ားကို ဆဲဆိုရိုက်နှက် မဆုံးမနိုင်။

(၁၁) ယောက်ျားထားရာ မိန်းမလိုက်နေရ၏။ ယောက်ျားအခွင့်မရှိဘဲ သွားလာခွင့်မရှိ၊ လင်ယောက်ျားမှာ ခွင့်ပန်ရန်မလို။ လွတ်လပ်၏။ မယားမှာ လွတ်လပ်ရေးမရှိ။ အချုပ်အချာရှိ၏။

(၁၂) မိန်းမများ သူသေအလောင်းကို မထမ်းရ။ သချိုင်းတူး၍ ဆင်းမမြှပ်ရ။ သချိုင်းသို့ပင် (ဇေယာရသ်)မသွားရသဖြင့် လုံးဝ ဤနောက်ဆုံးစခန်း ကုသိုလ်ပင် မပြုနိုင်။

(၁၃) စစ်တိုက်ရန် မိန်းမများ တပ်မဖွဲ့ရ။ မတိုက်ရ။ သက်သက် စစ်သားများ၏ ဝတ်ကြီးဝတ်ငယ် အနာဆေးထည့်၊ ရေပေး၊ မီးယူ အလုပ်သာ လုပ်ရသဖြင့် ညံ့ဖျင်းကြ၏။

(၁၄) မိန်းမများ ရိဇာ-ဝါယူရာတွင် တစ်လလုံး မရနိုင်ပါ။ ကဇွာဖြည့်ရ၍ ရမ္မဇာန် တစ်လလုံး၏ ဆဝါဘ် ကုသိုလ် မရကြ။

(၁၅) မိန်းမများ နဗီမ၊ ရစူလ်မ မဖြစ်ချေ။

(၁၆) မိန်းမမှာ အာဒမ်(အလိုင်ဟစ္စလာမ်)၏ လက်ဝဲဘက်နံရိုးမှ ဖန်ဆင်းသဖြင့် မူလ-ဘူတမှာ ယောက်ျားဖြစ်၏။ မိန်းမသည် ယောက်ျားအတွက် ပျော်ပိုက်ရန် ဖန်ဆင်းတော်မူ၏။ ယောက်ျားကို မိန်းမအတွက် ဖန်ဆင်းခြင်းမဟုတ်။ (ကုရ်အာန်-၈ ဂျ၆)

(၁၇) မယားကို လင်ယောက်ျားသည် တစ်သက်တွင် တစ်ကြိမ်သာ ပေါင်းသင်း သံဝါသပြုရန် တာဝန်ရှိ၏။ မိန်းမမှာ လင်ယောက်ျား အလိုရှိတိုင်း အကြောင်းမဲ့ မငြင်းဆန်နိုင်။ မယားအလိုရှိသောအခါ ယောက်ျားဖြစ်သူမှာ တာဝန်မရှိငြားသော်လည်း ရံဖန်ရံခါ သံဝါသ ပြုပေးခြင်း သာမြတ်သည်ဟု ရှာမီကျမ်း တတိယတွဲ စာမျက်နှာ (၄၃၁) တွင် ရှိသည်။

(၁၈) မိန်းမသည် လင်ယောက်ျားက နောက်ထပ်တစ်ယောက် လက်ထပ်ပါလျှင် မိမိ-ကိုယ်ကို သေကြောင်းကြံမည်ဟု ပြောသဖြင့် မယားငယ် လက်မထပ်ဘဲ နေရန်မလို။ လက်ထပ်ခြင်း ပိုင်၏။ ဤအရာကား ခိုဒါအရှင် ခွင့်ပြုသော တရားဖြစ်၍ မိန်းမက မိမိကိုယ်ကို သတ်မည်ဆိုငြားသော်လည်း လင်ယောက်ျားမှာ နောက်ထပ် မယားယူပိုင်ခွင့်မဆုံးရှုံး။ သို့သော် မယားကို အပူမပေးလို၍ မယူဘဲနေက လင်မှာ ကုသိုလ်ရမည်တည်း။ ဤအကြောင်း (ရတ်ဒွလ်-မိုဟ်တာရ်ကျမ်း၊ တတိယတွဲ၊ စာမျက်နှာ-၃၂၅)၌ ရှိ၏။ ယင်းသို့ မိန်းမ၏ အသက်ထက်ပင် ယောက်ျား၏ အခွင့်အရေးမှာ သာပိုပေ၏)

(၁၉) အမွေဝေရာတွင် မိန်းကလေးဖြစ်၍ တစ်ကျပ်မှာ ရစ်ပဲသာ အမွေဆိုင်၏။ ယောက်ျား တစ်ထမ်း၊ မိန်းမ တစ်ရွက် ဆိုသကဲ့သို့ မိန်းမမှာ ထက်ဝက် ဆုံးရှုံး၏။

(၂၀) လင်ယောက်ျားအခွင့်မရှိဘဲ အိမ်မှထွက်သွားသော လင်ထားရာ နေရာသို့ ပြန်မလာ မချင်း စားစရိတ်၊ ဝတ်စရိတ် တစ်စုံတစ်ရာ ရရန် အခွင့်အရေးမရှိချေ။

(၂၁) လင်သည် သတင်းမကြား ပျောက်ကွယ်သွားပါက နောက် ထပ်လင်မယူနိုင်။ အနှစ် (၆၀)၊ (၁၀၅)နှစ်၊ အနှစ် (၁၂၀) ဆိုင်းငံ့ပြီး ယူနိုင်၏ဆိုခြင်းမှာ မယူနှင့်ဆိုမည့်အစား သေလောက် သောအချိန်ထိ ရက်ရွေ့ခြင်းမျှသာဖြစ်၍ မိန်းမများအတန်းနိမ့်ခြင်း ဖြစ်၏။

(၂၂) ဂျန္ဒတ်ကျရောက်သောအခါ ယောကျ်ားများမှာ ဟူရ်-နတ်သမီးချောကလေးများ ရမည်။ မိန်းမများမှာ မိမိတို့ တစ်လင်သာ ရမည်တည်း။

(၂၃) မယားသည် လင်ကြိုက် ဖီးလိမ်းပြင်ဆင်မှု မပြုပါက ယောကျ်ားက ဆဲဆို ရိုက်ပိုင် ခွင့်ရှိ၏။ မိန်းမက လင်ကို ပြင်ဆင်ခိုင်းရန် ခွင့်မရှိ။

(၂၄) နွား၊ ဆိတ်၊ သိုး၊ ကြက်၊ ဘဲမှစ၍ အထီးတစ်ကောင်သည် အမ ပေါင်းများစွာအတွက် လုံလောက်၏။ အားလည်းပို၊ အသားလည်း ပို၍၊ နွား၊ ကျွဲ၊ မြင်း၊ ကုလားအုတ်၊ ဆင်၊ တိရိစ္ဆာန်များတွင်ပင် အထီးများသာ ပိုမိုအသုံးဝင် ခိုင်းစေထွန်ယက်နိုင်ကြ၏။

(၂၅) ဂေါင်ဆ်-ဝလီအဖြစ် ယောကျ်ားများသာ ဖြစ်ကြ၏။

(၂၆) ဂျဟန္နမ် ငရဲအိုးတွင် မိန်းမများ၊ များကြကြောင်း မုဟမ္မဒ်သခင် ကိုယ်တော်မြတ် (ﷺ) ဟောတော်မူကြောင်း ဆွဟီဘိုခါရီကျမ်းတွင်ရှိ၏။ ၎င်းပြင် ဆွဟီမွတ်စလင်မ်ကျမ်း ပထမတွဲ စာမျက်နှာ (၃၃၉)တွင် မိန်းမများ ငရဲတွင်များသော အကြောင်း နှစ်မျိုး မိန့်ဟောတော်မူ ၏။

(က) လင်ကို ကျေးဇူးကန်းတတ်ကြ၏။

(ခ) ကျေးဇူးကို မေ့ပျောက်တတ်ကြ၏။ မိန်းမအပေါ်တွင် တစ်သက်လုံး ကောင်းလာ သော်ငြားလည်း တစ်ခု အကြိုက်မတွေ့သောအခါ တစ်ခုမျှ အကောင်းမပြုခဲ့၊ မရှိခဲ့ဟူ၍ ပြုလုပ် ပြောတတ်ကြ၏။

(၂၇) ရှိုင်တွာန်က မာမာဟောင်ဝါကို နူးနပ်ကာ ဂျုံပင်မှ ဂျုံနှံချိုး၍ ဘာဘာ အာဒမ်ကို ကျွေးသဖြင့် ဂျန္ဒသ်မှ ဤကမ္ဘာမြေကြီးသို့ ရောက်ရ၏။ သို့အတွက်ကြောင့် မိန်းမများကို ခိုဒါ အရှင်က ဤသို့ နှိမ့်ချဒုက္ခဖြစ်စေ၏။

(၂၈) မိန်းမတို့မာယာ သဲကိုးဖျာဆိုသကဲ့သို့ ကုရ်အာန်ကျမ်းစူရာဟ်ယူစွဖ်တွင် "သင်မတို့ ပရိယာယ်မာယာ အလွန်ကြီးကျယ်သည်"ဟု ပါရှိ၏။

(၂၉) သမီးမွေးလျှင် မီးကဲ့သို့ မိဘပူဆွေးရ၏။ စောင့်ထိန်းရ၏။ အထိန်းညံ့က အရှက်ကွဲ ၏။ ကုရ်အာန်ကျမ်းတော်တွင် သမီးမွေးသည်ဟု သတင်းရသောအခါ မျက်နှာမဲကြောင်းပါရှိ၏။

(၃၀) မိန်းကလေးများ တဏှာရာဂ ပေါ်ခါစမှ စ၍ ကျောင်းမလွတ်ရ။ သွားရာလာရာတွင် ယောကျ်ားများ(စ)မည်။ ချောင်းမြောင်း စကားပြော ကြည့်ရှုမည့်အတွက် သီးသန့် မိန်းကလေး ကျောင်းပင် မထားထိုက်သဖြင့် ပညာဗဟုသုတနည်းမည်။ အစ္စလာမ် ဥပဒေအပြင်မှနေ၍ ကျောင်းများ ဖွင့်ထားကြသည်မှာ ဟရာမ်ကို ကျူးလွန်ခြင်းဖြစ်သည်ဟူ၍ ကျမ်းစာများတွင် ရှိပေ၏။ ထိုနည်းတူ နမာဇ်ကိုပင် ဗလီမှာ စုပေါင်းမဖတ်ကြဘဲ မိမိတို့အိမ်တွင်သာ တစ်ကိုယ်ချင်း ဖတ်ခြင်းက မိန်းမတို့အတွက် ပို၍မြတ်လေ၏။

(၃၁) စွန့်တ်တော်ဖြစ်သော-မုတ်ဆိတ် မိန်းမများမှာ မရှိ။ နှုတ်ခမ်း မွေးမပေါက်။ လည်စေ့ မရှိ။ အစစအရာရာတွင် မိန်းမများမှာ ယောကျ်ားများထက် အောက်ကျကြ၏။ အချို့ အင်္ဂလိပ်တို့ ဝါဒ အကြိုက် မိန်းမများက ယောကျ်ားများနှင့် တန်းတူအခွင့်အရေး ရှိသည်ဆိုခြင်း၊ အစ္စလာမ့်ဝါဒ မဟုတ်။ ဝိတိုရိယဘုရင်မကြီး အကြိုက်လိုက်၍ အင်္ဂလိပ်များ ထွင်သော ဝေါဟာရဖြစ်၏။ လက်ချာ ပေးရာတွင် (Ladies and Gentalmen) လေဒီစ်အဲန် ဂျဲလ်နတဲလ်မဲန် ဟူ၍ မိန်းမများနှင့် ယောကျ်ားများ ဟူ၍ မိန်းမများကို အဦးအဖျား ထုတ်ဖော်ခေါ်ခြင်းမှာ ကုရ်အာန် ကျမ်းတော်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ကုရ်အာန်တွင် နေရာတိုင်းမှာ ယောကျ်ားကို အဦးအဖျားထားသည်။ ယောကျ်ားသည် ပဓာနဖြစ်ကြောင်းကုရ်အာန် (၄) ဂျုဇ်တွင် ရှိ၏။

သို့အကြောင်းများကြောင့် မိန်းမများမှာ ခိုဒါကို (ရှုရစ်က်)များစွာ ပြုလုပ်တတ်ကြသည်။ လင်ကို ကျေးဇူးကန်းတတ်ကြသည်ဖြစ်၍ မုဟမ္မဒ်သခင် ကိုယ်တော်မြတ် (ﷺ) က ငရဲတွင် မိန်းမများ၊ အမြောက်အမြား မြင်တော်မူခဲ့ကြောင်း မိန့်ဟောတော်မူလေသည်။ ယင်းသို့ အကြောင်းများကို ထောက်ထား၍ အထူးသဖြင့် တရားနှင့်အညီနေပြီး တရားတော်ကို အထူးအားထုတ်ကြရန် တိုက်တွန်းနှိုးဆော်ရ ပေသတည်း။

(ဤသည် အကာအွေ့ဒ့အစ္စလာမ်ကျမ်းငယ်မှ ထုတ်နှုတ်၍ မူရင်းအတိုင်း ကူးယူ တင်ပြချက် ဖြစ်ပေသည်။

လင်ခင်ပွန်း မကျေနပ်သော ဇနီးတစ်ယောက်အကြောင်း

ရစူလ်သခင်၏ လက်ထက်တော်တွင် အမျိုးသမီးတစ်ယောက် ကွယ်လွန်သေဆုံး သွားလေသည်။ ဒဖွာန်မြေပန့်ပြီးသည့်နောက် ထိုအမျိုးသမီး၏မိခင်သည် အေရာဟ်နမာဇ်ဝတ်ပြုပြီး ဖတ်ရွတ်မြဲ ဝင်ဇီဖွာ တို့ကို ဖတ်ရွတ်ကာ အိပ်စက်ခဲ့လေသည်။ အိပ်မက်တွင် နေ့အချိန်က

ဒဖွာန်ပြုခဲ့သော သမီးဖြစ်သူအား မကြည့်ဝံ့၊ မရှုဝံ့စရာ ကြောက်မက်ဖွယ် အခြေအနေဆိုးနှင့် မြင်မက်ခဲ့လေသည်။

သမီးဖြစ်သူ၏ ဦးခေါင်းသည် မီးဟုန်းဟုန်းတောက်နေပြီး ဦးနှောက်သည် အရည်ပျော်နေကာ နား၊ နှာခေါင်း၊ မျက်စိ၊ ပါးစပ်တို့အတွင်းမှ ယိုစီး၍ ကျလျှက်ရှိနေသည်။ အဆိပ်ပြင်းသည့် မဲနက်သော မြွေကြီးတစ်ကောင်သည်လည်း ခန္ဓာကိုယ်ပေါ်၌ ရစ်ပတ်ပြီးလျှင် အသား-မြတ်(နို့အုံ)များကို ကိုက်ခဲလျက်ရှိနေသည်။ ထို့အတွက်ကြောင့် အသားမြတ်မှာ အဆိပ်များနှင့် မဲနက်နေသည်။ လက်များကို မီးလက်ထိတ်များနှင့် ခတ်ထားပြီး ခြေနှစ်ဖက်ကိုလည်း မီးနှင့် ပြုလုပ်ထားသည် ခြေထိတ်များနှင့် ခတ်ထားလေသည်။

မိခင်ကြီးမှာ သမီးဖြစ်သူ၏ မမြင်ဝံ့ဖွယ်ရာ အခြေအနေ အဖြစ်ဆိုးကို တွေ့မြင်ရသောအခါ (မည်သည့်အတွက်ကြောင့် ဤသို့ ပြင်းထန်စွာ ခံစားနေရပါသနည်း)ဟု ထိတ်လန့်ကြေကွဲကာ မေးမြန်းခဲ့ရှာလေ၏။ သမီးက (ဤသည် ခင်ပွန်းသည် မကျေနပ်ခဲ့မှုတို့ကြောင့် ခံစားနေရပါသော “အဇားဗ်” ပြစ်ဒဏ်များပင်ဖြစ်ကြောင်း၊

(၁) ဦးခါင်းပေါ်တွင် ဆံပင်များ မီးဟုန်းဟုန်းတောက်လောင်နေခြင်းမှာ ခင်ပွန်းဖြစ်သူက ဇနီးကို အိမ်မှအပြင်သို့ ထွက်ခွာသွားလာသောအခါ ဦးခေါင်းဆံပင်ကို ဖုံးအုပ် (ပရိဒါ) ပြုလုပ်ရန် ခိုင်းစေ ညွှန်ကြားသော်လည်း လင်၏စကားကိုပယ်ရှားပြီး (ပရိဒါ) မရှိဘဲ သွားလာခဲ့ခြင်းကြောင့် ဤသို့သောပြစ်ဒဏ်ကို ပြင်းထန်စွာ ခံစားနေရပါကြောင်း။

(၂) အသားမြတ်နို့အုံများကို အဆိပ်ပြင်းသည့် မြွေနက်ကြီး၏ ကိုက်ပေါက်သည့် ပြစ်ဒဏ်ကို ခံစားနေရခြင်းမှာ ခင်ပွန်းသည်၏ သဘော တူညီခွင့်ပြုချက် မရယူဘဲ (ခင်ပွန်းမသိအောင်) သူတစ်ပါး၏ ကလေးသူငယ်များကို နို့တိုက်မိသော ပြစ်ဒဏ်ကြောင့် ဖြစ်ကြောင်း။

(၃) လက်နှစ်ဘက် မီးလက်ထိတ်ခတ်ထားပြီး အပြစ်ပေးခံရခြင်းမှာ ခင်ပွန်းသည်၏ (အမာနသ်) အပ်နှံထားသောပစ္စည်းများ အပေါ်တွင် (ခေယာနသ်) အလွဲသုံးစား ပြုလုပ် ဖြုန်းတီးခဲ့ပါသောကြောင့် ခံစားရခြင်း ဖြစ်ပါကြောင်း။

(၄) ခြေနှစ်ဖက်ကို မီးနှင့်ပြုလုပ်ထားသော ခြေထိတ်နှင့် ခတ်ထားခြင်းခံရသည်မှာ ခင်ပွန်းသည်က (မသွားနှင့်)ဟု တားမြစ်ထားသောနေရာများကို ခင်ပွန်းမသိအောင် ဤခြေများဖြင့် သွားလာခဲ့မိသောကြောင့် ဖြစ်ကြောင်းများကို သမီးဖြစ်သူက အိပ်မက်တွင် မိခင်အား အသိပေးပြောကြားခဲ့ပြီး မိခင်ထံ အသနားခံခဲ့သည်မှာ (အို-မိခင် ကျွန်မ၏ ခင်ပွန်းသည် မကျေနပ်ပါလျှင် ကျွန်မမှာ ဤအခြေအနေဆိုး ဤပြစ်ဒဏ်မျိုးအား ကေယာမသ်တိုင် ခံစား၍

နေရပါလိမ့်မည်။ ထို့အတွက်ကြောင့် မိခင်သည် ကျွန်မ၏ ခင်ပွန်းလင်ထံ သွားရောက်၍ ကျွန်မ၏ကိုယ်စား တောင်းပန်ပေးပါ။ ကျွန်မ၏ ပြစ်မှုများအပေါ် ခွင့်လွှတ်ကျေနပ်ပေးပါရန် ပြောကြားပေးပါ)ဟု သနားစဖွယ် ပန်ကြားခဲ့ရှာလေသည်။

မိခင်ကြီးမှာလည်း သမီးဖြစ်သူ၏ မရှုရက်စရာ မသက်သာသည့် အခြေအနေဆိုးကြောင့် အလွန်ပင် စိတ်မချမ်းမသာဖြစ်ကာ နောက်နေ့နံနက်တွင် သမီး၏ ခင်ပွန်းထံသွားရောက်ပြီး သမီး၏ ကိုယ်စား ကြားဝင်ကာ သမီးအပေါ်တွင် ကျေနပ်ပါရန် တောင်းပန်ခဲ့သော်ငြားလည်း အချည်းနှီးပင်။ သမီး၏ခင်ပွန်းက ခွင့်လွှတ်ကျေနပ်မှု မရှိခဲ့ပေ။ မိခင်ကြီးသည် ထိုကဲ့သို့ ခွင့်မလွှတ်ခြင်းအတွက် လွန်မင်းစွာ သောကတက်ကာ နှစ်ဘဝ၏ ခေါင်းဆောင်ကျေးဇူးရှင် ရစူလ် သခင်၏ ထံတော်ပါးသို့ သွားရောက် ခစားခဲ့ရှာလေသည်။

အိပ်မက်အတွင်းမှ အကြောင်းခြင်းရာ အစုံအလင်အား ကုန်စင်အောင် လျှောက်ထား ပြီးသည့်နောက် မိခင်ကြီးက သမီးဖြစ်သူ၏ လင်ယောကျ်ားကို ဖျောင်းဖျနှစ်သိမ့်၍ သမီး အပေါ်မှာ ကျေနပ်ခွင့်လွှတ်ရန် ဆောင်ကျဉ်း ကြိုးပမ်းပေးတော်မူပါရန်အကြောင်း ရစူလ် သခင်အား လျှောက်ထား အသနားခံခဲ့ရှာလေသည်။

မိခင်ကြီး၏ ပန်ကြားအသနားခံမှုအပေါ်တွင် လောကအပေါင်း၏ ဂရုဏာတော်ရှင် ရစူလ် သခင်မှာလည်း မိမိ၏အွမ္မသ်သမီး အတွက် သောကဝင်ပြီး အမြန်ပင် ကာယကံရှင် ခင်ပွန်းသည် နှင့် တွေ့ဆုံတော်မူခဲ့လေသည်။ ရစူလ်သခင်က ထိုသူအား ကွယ်လွန်ပြီးလေသော မိမိ၏ ဧနီးမယား အပေါ်တွင် ကျေနပ်ခွင့်လွှတ်ရန် ပြောကြားတော်မူလေသောအခါ ထိုယောကျ်ားက (ပေါင်းသင်းခဲ့သည့် အချိန်ကာလ တစ်လျှောက်လုံးတွင် မိမိ၏စကားကို နားမထောင်မလိုက်နာ ခဲ့ဘဲ ထင်ရာစိုင်းခဲ့ပါသဖြင့် ထိုမိန်းမအပေါ်တွင် မကျေနပ်နိုင်ပါကြောင်း)ကို လျှောက်တင်ခဲ့လေ သည်။

ရစူလ်သခင်က (ယနေ့လူသားအချင်းချင်း၏ လွန်ကျူးမိသော ပြစ်မှုအပေါ်တွင် သည်းခံခွင့်လွှတ်ကြပါလျှင် မနက်ဖန်-ကေယာမသ်နေ့တွင် အရှင်မြတ်ကလည်း ထိုသူ (ခွင့်လွှတ်သူ)၏ အပေါ်တွင် ကျေနပ်ခွင့်လွှတ်တော်မူမည်ဖြစ်ကြောင်း အလွှာအရှင်မြတ်၏ ခွင့်လွှတ်ခြင်းကို လိုလားနှစ်သက်ပါလျှင် (မိမိကဦးစွာ) အချင်းချင်းမှာ ခွင့်လွှတ်ကြရမည် ဖြစ်ကြောင်း) မိန့်မြွက်တော်မူခဲ့လေသည်။ (အလွှာဟ်အရှင်ကျေနပ်နှစ်မြို့သော ဘန္ဒာတို့၏ အမလ်(၃)ရပ်မှာ အကူအညီတောင်းလျှင် ပေးခြင်း၊ ဒေါသဖြစ်လျှင် ပယ်ရှားခြင်း၊ ခွင့်လွှတ် တတ်ခြင်းတို့ ဖြစ်လေသည်။)

ရစူလ်သခင်၏ မိန့်ခွန်းတော်များကို ကြားနာပြီးနောက် ကေယာမသ်နေ့ကို ယုံကြည်ပြီး မိမိအပေါ် အရှင်မြတ်၏ ခွင့်လွှတ်မှုကို မြတ်နိုး လိုလားခဲ့သော ထိုအမျိုးသမီး၏ လင်ခင်ပွန်းသည် ရစူလ်သခင်၏ ရှေ့တော်မှောက်၌ ဇနီးမယားအပေါ် ကျေနပ်ခွင့်လွှတ်ပြီး ဖြစ်ပါကြောင်း လျှောက်ထားခဲ့လေသည်။

ထိုနေ့ညတွင် မိခင်ကြီးသည် သမီးဖြစ်သူအား အိပ်မက်တွင် ထပ်မံမြင်မက်ခဲ့ပြန်လေသည်။ သမီးဖြစ်သူသည် ပိုးပြောင်ထည်မြစိမ်းရောင် ဝတ်စုံကို ဆင်မြန်းထားလျက် မကိုဋ်သရဖူကြီးကို ဆောင်းထားပြီး မိခင်အား အိပ်မက်တွင်စလာမ်ဆက်သခဲ့သည်။

မိခင်ကြီးမှာ စိတ်ချမ်းမြေ့ကြည်နူးဖွယ်ရာ မျက်စိအေးမြသည့် ထိုမြင်ကွင်းကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရှိပြီး "သမီးယမန်နေ့ညက သမီးသည် (အဇာဘ်)ထဲမှာ ကျရောက်လျက်ရှိပြီး ယခု မည်သည့် အမလ်နှင့် ဤသို့သော ဒဏ်ဂျာ-အဆင့်အတန်းကို ရခဲ့ပါသနည်း"ဟု မေးမြန်းလေရာ သမီးဖြစ်သူက "အို-မိခင် ဤဒဏ်ဂျာ-အဆင့်အတန်းသည် ခင်ပွန်းသည် ကျေနပ်ခွင့်လွှတ်မှုမှ ရရှိသော အဆင့်အတန်းပင်ဖြစ်ပါ၏။ ယမန်နေ့ညက ခင်ပွန်းသည်၏ မကျေနပ်မှုအပေါ်တွင် ပြင်းထန်သော ပြစ်ဒဏ်များကို ခံစားခဲ့ရသည်။ မိခင်သည် ကျွန်မ၏ လျှောက်ထားမှုကြောင့် ကျွန်မ၏ခင်ပွန်းသည်ထံ သွားရောက် တောင်းပန်ခဲ့သည်။ ကျွန်မ၏ ခင်ပွန်းသည်မှာ မကျေနပ်-သည့်အတွက် မိခင်ကထပ်မံ၍ ရစူလ်သခင်၏ထံပါး ဝင်ရောက်ခစားပြီး အသနားခံပန်ကြားမှု အပေါ်တွင် ရစူလ်သခင်က ကျွန်မ၏ ခင်ပွန်းသည်ကို တွေ့ဆုံတော်မူပြီး ကြားဝင်၍ ဖျောင်းဖျနှစ်သိမ့်တော်မူခဲ့သည်။ ကျွန်မ၏အပေါ်တွင် ခင်ပွန်းသည်က ကျေနပ်ခွင့်လွှတ်ပြီဖြစ်ပါကြောင်း ရစူလ်သခင်အား လျှောက်တင်ခဲ့လေသည်။ ထိုကဲ့သို့ ခင်ပွန်းသည်၏ ကျေနပ်ခွင့်လွှတ်မှုအပေါ်တွင် ကျွန်မသည် (အဇာဘ်) ပြစ်ဒဏ်များမှ ကင်းဝေး ချမ်းသာမှုရရှိပြီး ကေယာမသ် မဖြစ်မီ စပ်ကြား ဤကဲ့သို့ စည်းစိမ် ဒဏ်ဂျာများကို ရရှိခံစားနေရမည် ဖြစ်ပါသည်။

ခင်ပွန်းသည်တို့ ကျေနပ်နှစ်မြို့ခြင်းခံရသော အမျိုးသမီးတို့မှာ ဂျန္နသ်သို့ ခင်ပွန်းသည်တို့ထက် နှစ်ပေါင်း(၅၀၀) စော၍ ဝင်ရောက်ပြီး ဂျန္နသ်၏ မြစ်ရေကို ချိုးကာ အလှအပချယ်သ၍ အစိမ်းရောင် မြင်းကြီးများနှင့် ခင်ပွန်းသည်တို့ကို ခရီးဦးကြို ပြုကြရမည်ဖြစ်ကြောင်း။ **(ဟဒီးဆ်တော်)**

"အို-မိခင် ယခုကျွန်မ၏ အဖြစ်သနစ်ကို နောင်လာနောင်သားများ သံဝေဂရယူ-နိုင်ကြစေရန်အတွက် မိခင်ကြီးကတဆင့်မှ တဆင့်သို့ ပြောကြားရစ်ခဲ့ပါ"ဟု မှာကြားပြီး

လင်မကျေနပ်ပါက ဇနီးသည် မုချပြစ်ဒဏ်ခံကြရမည်ဖြစ်ကြောင်း မိခင်ကြီးအား အိပ်မက်တွင် မှားကြားခဲ့လေသည်။ (တန်ဖိုဟွလ် ဂါဖီလီ(နံ))

လင်ချစ်ဆေး

ယနေ့ သာသနာ့အသိတရား ခေါင်းပါးသည့် အချို့အချို့သော ဇနီးမယားတို့၏ ပြုမူလုပ်ဆောင်နေကြပါသော ရင်နာဖွယ်ရာ အဖြစ်ဆိုးတစ်ခုအား ဦးစွာ တင်ပြပါရစေ။

ထိုဇနီးမယားတို့ခမျာမှာ (ဒီးန်၏အေလင်မ်) မရှိကြခြင်းအပေါ်တွင် တရားနှင့် ဆင်ခြင်၍ မနေတတ်ကြတော့ဘဲ လင်ပစ်မည်ကို ကြောက်ရွံ့ကြပြီး လင်ချစ်ဆေးအား တရား၏ အပြင်ဘက်မှ ရှာဖွေနေကြလေတော့၏။

ဇနီးမယားတို့မှာ သားသမီးများ မွေးဖွားကြရခြင်း၊ ထိန်းသိမ်း စောင့်ရှောက်ကြရခြင်း၊ အိမ်ထောင်မှု၏ တာဝန်ပိုင်း များစွာကို လုပ်ဆောင်နေကြရခြင်းတို့ကြောင့် မိမိတို့၏ အပေါ်ယံအရေပြား၏ အလှတရားများ လျော့နည်းကျဆင်းသွားမှုတို့အပေါ်တွင် မိမိ၏ လင်ယောကျ်ားက နောက်မယားယူ၍ ပစ်ပယ်သွားမည်ကို စိုးရိမ်ကြပြီး အချို့သော ဇနီးမယားတို့သည် လင်ချစ်ဆေးအတွက် နည်းလမ်းများကို ရှာဖွေလေတော့၏။

လင်ယောကျ်ားက မိမိအားစွန့်ပစ်သွားသော် သားသမီးများဖြင့် ဒုက္ခရောက်မည်ကို စိုးရိမ်-ပူပန်ခြင်း၊ မိမိ၏ မိဘ(၂)ပါးတို့ကိုလည်း မိမိတို့အတွက် ပူလောင်သောက တာဝန်ပို မဖြစ်စေလိုခြင်း စသည်တို့ကို အကြောင်းခံပြီးလျှင် ခမျာများမှာ အသိဉာဏ်နည်းပါးစွာဖြင့် (လင်ချစ်ဆေး၊ လင်သနားဆေး၊ လင်နောက်မယား မယူရေး)ကို ရှာဖွေလေတော့၏။ ထိုကဲ့သို့သော အကြောင်းခံအမျိုးမျိုးတို့ဖြင့် မဟုတ်မဟတ် ဆေးဆရာ (ကာဖိရ်)များ၏ ထံမှောက်ရောက်သွားကြလေတော့၏။ စေခိုင်းသမျှလုပ်ဆောင်ကြ၏။ ကြေကွဲဝမ်းနည်းဖွယ်ရာ (ရှရစ်က်)ဖြစ်စေသော လုပ်ငန်းစဉ်တို့တွင် ပါဝင်ပတ်သက်သွားကြလေကုန်၏။ ဤသည်မှာ (ဒီးန်၏အေလင်မ်) မရှိသောကြောင့်ပင် ဖြစ်လေသည် မဟုတ်ပါလော။

ထို (ရှရစ်က်) လုပ်ငန်းစဉ်တို့ကို လုပ်ဆောင်ခြင်းကြောင့် ထိုဇနီးမယားမှာ (မိုရှရစ်က်) ဖြစ်ပြီး အီမာန်ပျက်သွားလေတော့၏။ ထိုဇနီးအီမာန်ပျက်သွားသည့်အတွက် ခင်ပွန်းလင်နှင့် ပြုထားသော နေကာဟ်မှာလည်း ပျက်သွားပေတော့၏။ လင်ခင်ပွန်းနှင့် ပေါင်းသင်းမှုမှာလည်း

(ဟရာမ်)ဖြစ်၍ သွားပေပြီ။ မည်မျှအဖြစ်ဆိုးကြဘိသနည်း။ ဤနည်းအားဖြင့် ကွယ်လွန်သေဆုံးခဲ့ရပါသော် အီမာန်ပါရန်ပင် အကြောင်းမရှိတော့ပြီ။ မိမိ၏ဇနီး (မိုရှရစ်က်) ဖြစ်နေမှန်းလည်း လင်ခင်ပွန်းက မသိရှာ။ ဒီးန်၏ အေလင်မ်မရှိသော ထိုဇနီးမယားဖြစ်သူ၏ မိုက်မဲမှုဒဏ်ကြောင့် မိသားစု တစ်ခုလုံးမှာ (ဂိုနာဟ်)၏ အမှောင်ထု ဖုံးလွှမ်း၍ သွားခဲ့ရပေပြီ။

ထို့ကြောင့် ဇနီးမယားတို့အား သာသနာ့အသိတရားများ သင်ကြားပို့ချပေးရန် မည်မျှ အရေးကြီးပါသနည်း ဆိုသည်ကိုလည်း ခင်ပွန်းတို့မှာ အလေးအနက်ထားပြီး ပူပင်သောက ပွားကြရန် သင့်လှပေသည်။ မိမိ၏ဇနီးတွင် ဒီးန်ဝင်လာစေရန်အတွက် အိမ်တွင်း တအံ့လင်မ်ကို ဂရုတစိုက်ပြုလုပ်ကြိုးပမ်းပေးခြင်း၊ ဒီးန်၏ အသိတရားပို့ချနေသော အမျိုးသမီး (မဂ္ဂိလစ်) သင်ပေးသင်ယူ(ဒီးန်နီယသ်) လုပ်ငန်းစဉ်တို့တွင် (ပရိဒါ)နှင့် သွားရောက်ပါဝင်ဆည်းပူးစေခြင်း၊ သာသနာရေးကို လေစားလိုက်နာကြကုန်သော မုအ်မင်န်သူတော်စင် အမျိုးသမီးများနှင့်လည်း ရင်းနှီးချစ်ခင်မှုကို ရယူပေါင်းဖော်စေပြီး ထိုအမျိုးသမီးတို့၏ အရှင့်အမိန့် နာခံဆောင်ရွက်မှု (အေဘာဒသ်)ရေးရာများကို လေ့လာ၍ ထိုအတိုင်း လိုက်စားပြုမူဆောင်ရွက်စေခြင်း စသည် (စသည်)တို့ကို ခင်ပွန်းလင်တို့က တလေးတစား အရေးထား၍ ဇနီးမယားတို့အပေါ်တွင် ပြုလုပ် ဆောင်ရွက်ပေးသင့်ကြပေသည်။ လင်ခင်ပွန်းတို့မှာ တာဝန်လည်း ရှိပေသည်။

ဒီးန်၏ အသိတရားခေါင်းပါးကြသော ဇနီးမယားတို့၏ ကြောင်းခံအမျိုးမျိုးနှင့် (ရှရစ်က်) ပြု မှားယွင်းခဲ့မှုများကြောင့် မိသားစုတစ်ခုလုံး အပေါ်တွင် ဖြောင်းဆန်အောင် အရှင်မြတ်၏ အမျက်တော်များ ကျခံကြရမည်ကို စိုးရိမ်ကြောင့်ကျ သောကထားရှိကြရန်မှာ အလွန်ပင် အရေးကြီးလှသည် မဟုတ်ပါလော။

ထိုဇနီးမယား ကိုယ်တိုင်က မိမိပြုလုပ်ခဲ့မိသော (ရှစ်ရ်က်)လုပ်ငန်းတို့အပေါ်တွင် အကြောက်တရားနှင့် နောင်တတရားများရခဲ့ပြီး (သောင်ဗာဟ်၊ အစ်တစ်ဂ်ဖွာရ်)ကို စိတ်ရော ကိုယ်ပါ ပြုလုပ်၍ ကလေမာဟ်တော်ပြန်ဖတ်ခြင်း၊ နေကာဟ်ပြန်ပြုခြင်းတို့ကို ပြုလုပ်မှသာလျှင် ထိုဇနီးမယားအတွက် ကယ်တင်ရာ ရောက်ပေမည်။

အမျိုးသမီးတို့ထံ ဒီးန်၏အေလင်မ်ဝင်ရောက်ရန်မှာ

မည်မျှ အရေးကြီးလှပါသနည်း

ယနေ့ဇနီးမယားတို့ အလိုချင်ဆုံး၊ အတောင်းတဆုံးဖြစ်သော လင်ချစ်ဆေး၊ လင်နှစ်သက်ရေးကို ရှရီသ်ဘောင်အတွင်းမှ ရှာဖွေသိမြင်နိုင်ရေးအတွက် စေတနာမွန်ဖြင့် ညွှန်ပြ၍ ပေးပါရစေ။ “လင်ချစ်ဆေး” ဟူသည်မှာ အဘယ်နည်း။

ပရိမိနာ၊ မိတ်ကပ်၊ နှုတ်ခမ်းနီ၊ ဆိုးဆေးများသည် လင်ချစ်ဆေး မဟုတ်ပါ။ ဆန်းပြားသစ်လွင်သော အဝတ်အထည်ဆန်းများကလည်း လင်ချစ်ဆေး မဟုတ်ပါ။ နှုတ်ချို ဖော်ရွေ ပျူငှာခြင်းမှာလည်း လင်ချစ်ဆေး မဟုတ်ပါ။

နှစ်ဘဝ၏ ကျေးဇူးရှင်လမ်းပြ ရစူလ်သခင်က

အကောင်းမြတ်ဆုံး အမျိုးသမီးဟူသည်မှာ

ခင်ပွန်းက ၎င်း၏ဘက်သို့ ကြည့်သောအခါ ခင်ပွန်းဖြစ်သူ၏ စိတ်နလုံးသားကို ကြည်နူးပျော်ရွှင်စေသော အမျိုးသမီး၊ ခင်ပွန်းက ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ပေးတတ်သော အမျိုးသမီး၊ မိမိနှင့် ပတ်သက်၍ သော်လည်းကောင်း၊ ဥစ္စာပစ္စည်းနှင့်ပတ်သက်၍ သော်လည်းကောင်း မိမိ၏ ခင်ပွန်းကို စိတ်ဒုက္ခမပေးသော အမျိုးသမီးပင် ဖြစ်ပေသည်”ဟု မိန့်တော်မူထားခဲ့လေရာ အမျိုးသမီး ဇနီးမယားတို့သည် ကျေးဇူးတော်ရှင် ရစူလ်သခင် မိန့်ကြားညွှန်ပြခဲ့သည့် အတိုင်းသာလျှင် “အကောင်းမြတ်ဆုံး အမျိုးသမီး”အဖြစ် နေထိုင်ကျင့်ကြံ ကြိုးပမ်းသွားကြပါက ဤသည်ပင် “လင်ချစ်ဆေး” အစစ် ဖြစ်ပေတော့သည်။

ဤသည်နှင့် ဆန့်ကျင်ပြီး ဇနီးမယားတို့သည် မိမိတို့၏ အပေါ်ယံ အရေပြား အလှအပတို့အား အစွမ်းကုန်စီမံချယ်သ၍ အဝတ်အထည် အဆန်းတကြယ်တို့ကို ဆင်မြန်းချယ်သပြီး လင်ယောကျ်ား၏ ရှေ့မှောက်တွင် နှုတ်ချို ပျူငှာ မာယာအသွယ်သွယ်နှင့် ချယ်လှယ်၍ နာခံဟန်ဆောင်ပြီး လင်ကွယ်ရာတွင် လင်၏ စကားများကို လုံးဝနားမထောင်ဘဲ ထင်ရာကို လုပ်ဆောင်နေကြမည် ဆိုပါလျှင် ထိုဇနီး၏ မာယာပရိယာယ်နှင့် အခြေအနေမှန်တို့ကို တစ်နေ့-

နေ့ တစ်ချိန်ချိန်တွင် ထိုလင်မှ ရိပ်စားသိမြင် သွားခဲ့ပြီးသောအခါတွင် ထိုမိန်းမအား လင်-ယောကျ်ားသည် အမှန်ပင် ရွံ့မုန်းစက်ဆုပ်သွားပေတော့မည် ဖြစ်ပေသည်။

သားသမီးတည်းဟူသော သံယောဇဉ် ကြိုးလေးများကို ထောက်ထား၍သာ လက်တွဲ မဖြုတ်ကာ မစွန့်ပစ်ခဲ့ပါသော်လည်း မနှစ်မြို့ မကျေနပ်ခြင်းတည်းဟူသော ဝေဒနာအစိုင်အခဲ ကတော့ဖြင့် လင်ခင်ပွန်း၏ ရင်တွင်းနှလုံးသား၌ အခိုင်အမာပင် အမြစ်စွဲ၍ သွားပေတော့မည် ဖြစ်၏။

သူသေဦး၊ ကိုယ်သေဦး ဆိုသကဲ့သို့ လင်ခင်ပွန်း၏ မကျေနပ်မှုများဖြင့် လင်ကို မတောင်းပန်ခဲ့ရဘဲ ကျေနပ်မှုကို မရယူနိုင်ခဲ့ရဘဲ အရှင်မြတ်ထံ ပြန်သွားကြရမည်ဆိုပါလျှင် (သေခဲ့လျှင်) ထိုဇနီးမယားတို့၏ အခြေအနေမှာ မည်မျှ ဆိုးဝါးကြလေ မည်နည်း။ ထို့ကြောင့် မသေခင် ရှင်စဉ်မှာပင် လင်ဖြစ်သူအား ကျေနပ်အောင် တောင်းပန်ခဲ့ကြရမည်။ မိန်းမတို့မာယာ သဲကိုးဖြာဟူသော မာယာလက်နက်အား အသုံးမပြုကြဘဲ အရှင်မြတ်ကို အကြောက်တရား (တပ်ဝါ) တရားထားရှိကြပြီးသကာလ (မှန်ကန်မှုနှင့် ရိုးသားမွန်ရည်မှုတည်း)ဟူသော စစ်မှန်သော အလှတရား (၂) ပါးကိုသာ လက်ကိုင်ပြု ကြစေလိုပါသည်။ ရစူလ်သခင်က အလှတရား (၂) ပါးကို ညွှန်ပြ၍ ထားခဲ့လေသည်။

လူတစ်ယောက်၏ ဂုဏ်သိက္ခာဆိုသည်မှာ အဘယ်အရာကို ခေါ်ဆိုပါသနည်း။ ထိုသူ ပိုင်ဆိုင်သည့် ရွှေ၊ ငွေ၊ ဥစ္စာ၊ ရတနာ လော၊ ရာထူး ဌာနန္တရလော၊ ဩဇောအာဏာ လော၊ ပညာလော၊ ကိုယ်ကျင့် သီလတရားလော။

လူတစ်ယောက်၏ ဂုဏ်သိက္ခာ ဆိုသည်မှာ ထိုသူ၏ ကိုယ်ကျင့်တရားအပေါ်တွင် မူတည်၍ နေပေသည်။ ထိုကိုယ်ကျင့်တရားသည်ကား မှန်ကန်မှုနှင့် ရိုးသား မွန်ရည်မှုတည်းဟူသော စာရိတ္တ (၂) ပါးပင် ဖြစ်လေသည်။ ထိုသူ၏ မှန်ကန်မှုသည် ထိုသူ၏ ဂုဏ်ဖြစ်၍ ရိုးသား မွန်ရည်မှု သည် ထိုသူ၏ သိက္ခာပင် ဖြစ်လေသည်။

ရိုးသားခြင်းသည် မည်သည့်အခါမှ ရိုး၍မသွားပါ။ ဆန်းပြားခြင်းသည်သာ တစ်ချိန်တွင် ရိုး၍ သွားပေမည်။ မှန်ကန်ခြင်းသည် ထိုလူသား၏ တန်ဘိုးအနဂ္ဃပင် ဖြစ်လေသည် မဟုတ်ပါ လော။ အမျိုးသမီး၊ ဇနီးမယားတို့သည် မှန်ကန်မှု၊ စာရိတ္တနှင့် ရိုးသားမွန်ရည်မှု စာရိတ္တတို့ဖြင့်

မိမိတို့၏ ကိုယ်ကျင့်တရားများကို ထူးကဲတောက်ပအောင် အလှဆင်ကြပါဟု မေတ္တာရပ်ခံ ပန်ကြားလိုပါသည်။

ထိုအလှတရားနှစ်ပါးကြောင့်ပင် လင်ခင်ပွန်းသည် မိမိဇနီးမယား၏ အခြေအနေမှန် တန်ဖိုးအမှန်ကို သိမြင်လာကြပြီးလျှင် ဇနီးမယားကို ပိုမို၍ မြတ်နိုးအချစ်များ တိုးပွား လာပေတော့မည်မှာ အမှန်ပင် ဖြစ်လေသည် မဟုတ်ပါလော။ မိမိ၏ ဇနီးမယားအား သစ္စာ အရှိ ဆုံး၊ အကောင်းဆုံး ဘဝ၏ လက်တွဲဖော်၊ အဖော်မွန်အဖြစ် အားထားယုံကြည်၍ လာပေတော့ မည်။ ထို့ကြောင့် လင်ချစ်စေရန်မှာ ရစူလ်သခင်၏ မိန့်ခွန်းတော်ညွှန်ပြချက်အတိုင်း မိမိကိုယ်ကို အကောင်းမြတ်ဆုံး အမျိုးသမီးဖြစ်စေရန် ကြိုးစားပါ။ လင်ယောကျ်ား၏ ရှရီအသ်နှင့် မဆန့်ကျင် သည့် အမိန့်တိုင်းကို နာခံပါ။ စကားတိုင်းကို နားထောင်ပါ။ လင်ယောကျ်ား၏ အမိန့်စကားများ အား အလေးအနက်ထား၍ ကြိုးပမ်းလိုက်နာ ဆောင်ရွက်ပါ။ မှန်ကန်မှုနှင့် ရိုးသား မွန်ရည်မှု တည်းဟူသော ဂုဏ်သိက္ခာ၏ ဝတ်စုံကို အမြဲအစဉ်ခြုံ၍ ထားပါ။ ဤသည်ပင် “လင်ချစ်ဆေး” အစစ်ဖြစ်ပေ၏။

အထက်ပါနည်းအတိုင်း ဇနီးမယားတို့က လိုက်နာကျင့်သုံးကြခြင်းအားဖြင့် လင်ခင်ပွန်း သည် မိမိ၏ ဇနီးမယားအား “မှန်ကန်သူ သစ္စာရှင်”အဖြစ် မြတ်နိုးစွာ ချစ်ခင် ယုံကြည်လာကြ ပေလိမ့်မည် ဖြစ်၏။ ထိုကဲ့သို့ လင်ခင်ပွန်း၏ စကားတိုင်း၊ အမိန့်တိုင်းအား နာခံ ဆောင်ရွက် တတ်သည့် ဇနီးမယားဖြစ်သူအတွက် အကျိုးဆက်ရလဒ်မှာကား ထိုခင်ပွန်းသည်ကလည်း ဇနီးမယား၏ စကားများ၊ အကြံပြုချက်များကို အလေးအနက်ထား၍ လက်ခံ ကျင့်သုံးလာ ပေတော့မည်မှာ အမှန်ပင် ဖြစ်လေသည်။ ဤသည် “လင်ချစ်ဆေး” မဟုတ်ပါလော။

အို-ဇနီးမယားအပေါင်းတို့ (ရှရစ်က်) လုပ်ငန်းစဉ်ဖြင့် လင် ချစ်ဆေးကို မရှာဖွေမိကြပါစေ နှင့်။ ထိုလုပ်ငန်းစဉ်တို့၏ အနီးအပါးကိုပင် မချဉ်းကပ်မိကြပါစေနှင့်။

ဤလောကီသက်တမ်းသည် ယာယီသက်တမ်းသာလျှင်ဖြစ်ပြီး အရှင်မြတ်က လူသားတို့ အား စမ်းသပ်စစ်ဆေးနေသည် ဖြစ်ပါကြောင်းကို အမြဲမပြတ် သတိချပ်လျက် ရှိနေကြရမည်။ နောက်ဆုံး ထွက်သက်တိုင် အီမာန်ပါသွားရန်မှာ အလွန်ပင် အရေးကြီးလှပေသည်။ အီမာန် ပျက်စေမည့် အလုပ်ကိုလုပ်ရန် မဆိုထားနှင့် အီမာန် ယိမ်းယိုင် တိမ်းစောင်းစေမည့် အတွေးလေး တစ်ခုကိုပင်လျှင် စိတ်ကူးတွင် မဝင်မိကြပါစေနှင့်။

အီမာန်သည် အရေးအကြီးဆုံးဖြစ်၏။ လမ်းဘေးတွင် နေကြရပါစေ။ အီမာန်နှင့်သေလျှင် ထိုသူ အောင်မြင်မည် ဖြစ်၏။ နန်းတော်ပေါ်တွင် နေရပါစေ အီမာန်နှင့် မသေလျှင် လမ်းဘေးတွင် သေနေသော ခွေး၊ ဝက်တို့ သေခြင်းထက်ပင် ဆိုးပေတော့မည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ခွေး၊ ဝက်တို့အတွက် ဂျာဟန္နမ်(ငရဲ)မရှိပေ။ အီမာန်မပါဘဲ အလ္လာဟ်အရှင်ထံ ပြန်လျှင် တိရိစ္ဆာန်ထက် မြတ်သည်ဆိုသော လူသားသည် ဂျာဟန္နမ်သို့ လားရမည် ဖြစ်၏။ အောင်မြင်မှုအတွက် အရေးအကြီးဆုံးမှာ (အီမာန်ယကီးန်) ဖြစ်ကြောင်းကို အီမာန်ရှင် အမျိုးသမီးတိုင်းမှာ ကောင်းစွာ နားလည်ထားကြပါရန် အလွန်ပင် အရေးကြီးလှပေသည်။

အမျိုးသမီးဇနီးမယားတို့မှာ အမှားမကင်းသည့် လူသားများ ဖြစ်ကြပါသောကြောင့် လင်ခင်ပွန်း မကျေနပ်မှု တစ်စုံတစ်ရာရှိခဲ့ကြပါသော် လင်ခင်ပွန်းကို မိမိတို့၏ အမှားအတွက် ဇနီးတို့ က အမြန်ပင် တောင်းပန်ကြရပေမည်။ ကျေနပ်မှု ရယူကြရပေမည်။

(မောင်သ်) ဟူသော သေခြင်းတရားက အတည်တကျ မရှိပေ။ ကျွန်ုပ်တို့ မသိသော (တက္ကဒီရ်)၌ သတ်မှတ်ထားသည့်အချိန်တွင် (မောင်သ်)က ရုတ်တရက် ရောင်တခင် ရောက်ရှိလာပေလိမ့်မည် ဖြစ်၏။

ဇနီးတို့သည် လင်ယောကျ်ား၏ ကျေနပ်မှုကို မရယူခဲ့ကြဘဲ မတောင်းပန်ခဲ့ကြဘဲ သေဆုံးခဲ့ကြပါလျှင် ခင်ပွန်း၏ မကျေနပ်မှုကြောင့် ရရှိခံစားကြရမည့် ပြင်းပြခက်ထန်လှသည့် (အဇာဗ်)-ပြစ်ဒဏ်တို့အား မျှော်တွေးစိုးရိမ် ကြောက်ရွံ့မှုထားကြရန်မှာ သင့်လှပေသည်။

ဤနေရာတွင် ဂျန္နသီအမျိုးသမီးတို့၏ ခေါင်းဆောင်ဖြစ်သည့် ရစူလ်သခင်၏ ရင်သွေးတော် ဖွာသေမာဟ်သခင်မကြီး၏ လင်-ခင်ပွန်းနှင့် ပတ်သက်၍ စိုးရိမ်ကြောက်ရွံ့မှု စံနမူနာတော် တစ်ခုအား အတုယူဖွယ်ရာ၊ လိုက်နာကျင့်သုံးဖွယ်ရာအဖြစ် ရေးသားတင်ပြ လိုက်ရပေသည်။

သမီးတော်၏ စိုးရိမ်ကြောက်ရွံ့မှု

တစ်နေ့သောအခါတွင် သမီးတော် ဖွာသွေမာဟ် သခင်မသည် မျက်နှာတော် မသာမယာ ဖြင့် ဖခမည်းတော် ရစူလ်သခင်၏ ထံတော်မှောက်သို့ ရောက်လာခဲ့ပေသည်။ သမီးတော်၏ မျက်နှာတော်မှာ မျက်ရည်စများကို မြင်နေရသဖြင့် ငိုကြွေးထားသည်မှာ ထင်ရှား၍ နေပေ၏။ ခမည်းတော် ရစူလ်သခင်က "သမီးတော်၊ ဘာဖြစ်၍ လာခဲ့ပါသနည်း" ဟု အမေးတော် ရှိလေသော် သမီးတော်က ဤသို့ လျှောက်ထားတော်မူခဲ့လေသည်။

"ယမန်နေ့ညက ခင်ပွန်း-လင် အလီနှင့် သမီးတော်တို့ နှစ်ဦးသားမှာ တစ်ယောက်ကို တစ်ယောက် ကျီစယ်ရင်းဖြင့် ခင်ပွန်းအလီ မနှစ်မြို့သော စကားတစ်ခွန်းအား သမီးတော်၏ နှုတ်ဖျားမှ အမှတ်မထင် ပြောကြားမိခဲ့ပါသည်။ ထိုစကားရပ်အပေါ်တွင် အလီသခင်သည် စိတ်ဆိုး၍ သွားခဲ့ပါသည်။ မိမိကြောင့်ဟု သမီးတော်မှာ ရိပ်စားမိသည်နှင့် ယူကြုံးမရဖြစ်ကာ အကြီးအကျယ် စိတ်မကောင်းဖြစ်၍ သွားခဲ့ရပါသည်။ ချက်ချင်းပင် အလီသခင်အား တောင်းပန်ခဲ့ပါသည်။

(အို-ကျွန်မ၏ချစ်သူ၊ ကျွန်မကို စိတ်ဆိုး၍သွားလေပြီလား)ဟု ပြောဆိုကာ ခင်ပွန်းဖြစ်သူအား (၇)ကြိမ် တဝါဖိလှည့်ပတ်ပြီး တောင်းပန်စကားကို သမီးတော်မှ ပြောဆိုခဲ့ပါသည်။ မကြာမီ အလီ သခင်သည် သမီးတော်ကို စိတ်ဆိုးပြေ၍ ပျော်ရွှင်မှုဖြင့် ပြန်လည် ပြုံးရွှင်လာခဲ့ပါသည်။

သမီးတော် ဖွာသွေမာဟ်သခင်မသည် ဖြစ်ရပ်စုံ အခြေအနေတို့အား ဖခမည်းတော်ကို တင်ပြ လျှောက်ထားတော်မူပြီးလျှင် ဆက်လက်၍-

"အို-ဖခမည်းတော်၊ ဤသို့ပြုံးရွှင်လာအောင် ခင်ပွန်းဖြစ်သူအား တောင်းပန်ခဲ့ပြီး ဖြစ်ပါသော်လည်း သမီးသည် ထိုဖြစ်ရပ်အပေါ်၌ အရှင်မြတ်၏ အမျက်တော်အား ကြောက်ရွံ့စိုးရိမ်လှပါပေသည်"ဟု လျှောက်တင်တော်မူခဲ့လေသည်။

ဖခမည်းတော်ရစူလ်သခင်သည် သမီးတော်၏ လျှောက်တင်ချက်များ အပေါ်တွင် ကြားနာတော်မူပြီး သမီးတော်အား ဤသို့မိန့် မြွက်တော်မူခဲ့လေသည်။

"အို-ချစ်သမီး၊ အလ္လာဟ်အရှင်မြတ်၏ကစမ် ထိုအရှင်မြတ်က ငါ့အား နဗီရစူလ်အဖြစ်နှင့် စေလွှတ်တော်မူခဲ့လေသည်။ အကယ်၍သာ သမီးတော်သည် ခင်ပွန်းအလီသခင်အား ကျေနပ်

အောင် မတောင်းပန်လိုက်ပါဘဲနှင့် ကွယ်လွန် သေဆုံးသွားခဲ့မည် ဆိုပါလျှင် ငါဖခင်သည် ချစ်-သမီး၏ (ဂျနာဇာ)တွင်ပါဝင်လိမ့်မည် မဟုတ်ပေ။"

"အို-ဖွာသွေမာဟ်၊ သတိပြု၍ နားဆင်ပါ။ အလွာဟ်အရှင်မြတ်၏ ကျေနပ်နှစ်မြို့မှုသည် ခင်ပွန်းလင်၏ ကျေနပ်နှစ်မြို့၌ ရှိနေတော်မူ၍ ထိုအရှင်မြတ် မနှစ်မြို့ခြင်းသည်လည်း ခင်ပွန်း-လင်ယောကျ်ား၏ မနှစ်မြို့ခြင်း၌ ရှိနေလေသည်။ ခင်ပွန်းအား စိတ်ဆိုးအောင်ပြုခြင်းသည် အရှင်မြတ်ကို အမျက်တော်ထွက်စေရန်ပြုခြင်းပင် ဖြစ်၏။"

"အို–သမီးတော် အကယ်၍ အကြင်အမျိုးသမီးသည် မရ်ယမ် သခင်မ ကဲ့သို့ အေဘာဒသ်-ခဝပ်မှုအား မပြတ်ပြုနေသူ ဖြစ်သော်ငြားလည်း ခင်ပွန်းလင်၏ စိတ်ငြိုငြင်ခြင်းအား ခံယူရပါလျှင် ထိုသူမ၏ မည်သည့် အမလ်ကောင်းမှု တစ်ခုကိုမှ အရှင်မြတ်က လက်ခံတော်မူလိမ့်မည် မဟုတ်ပေ" ဟု မိန့်တော်မူခဲ့လေသည်။

ရစူလ်သခင်၏ ဤအမိန့်တော်သည်ကား သမီးတော်နှင့်တကွ အမွှမ်သမီးများ အားလုံး အတွက်ပါ မိန့်မြွက်တော်မူထားခဲ့ခြင်း ဖြစ်လေသည် မဟုတ်ပါလော။

အို-အမျိုးသမီး ဇနီးမယားအပေါင်းတို့ ခင်ပွန်းလင်တို့အပေါ် (ခစ်ဒ်မသ်) ပြုစုမှုများ အတွက် ကျေနပ်မှုများအတွက် ရှောင်လွဲ ဆန့်ကျင်ရန်ကို နောက်ထပ် မည်ကဲ့သို့သော ဆင်ခြေ-ဆင်လက်တို့အား ထပ်မံရှာဖွေနေကြလေဦးမည်နည်း။

သမီးတော် ဖွာသွေမာဟ်သခင်မကြီး၏ စိုးရိမ်ကြောက်ရွံ့မှုမျိုးကို စံနမူနာထားလျက် ရစူလ်သခင်၏ မိန့်မှာလမ်းညွှန်ချက်များအပေါ်တွင် လိုက်နာဆောင်ရွက်သွားကြရမည်သာ ဖြစ်လေသည် မဟုတ်ပါလော။

ကမ္ဘာ့တရားစီရင်ဆုံးဖြတ်မည့် (ကေယာမသ်)နေ့တွင် အရှင်မြတ်က ဤလောကတွင် နေထိုင်စဉ်က မိမိ၏ ခင်ပွန်းလင်ယောကျ်ားတို့၏ နောက်ထပ် နေကာဟ်ပြုမှုအပေါ်တွင် ဆွဗရ် ထား၍ သည်းခံခဲ့ကြခြင်း၏ ဂျဇာ-အစားကို ဇနီးမယားတို့အား (ဂါဇီ) သူရဲကောင်းဟူသော ဘွဲ့ထူး၊ ဂုဏ်ထူးကို ပေးအပ်၍ ဂုဏ်ပြုချီးမြှင့်ခြင်း ပြုတော်မူမည် ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် အလွာဟ်အရှင်မြတ်သည် ဤလောကတွင် အီမာန်ရှင်တို့အား ဆူးတစ်ချောင်းစူးဝင်၍ နာကြင်မှုဝေဒနာ ခံစားခဲ့ရသည်ကိုပင် အလဟဿ အကျိုးမဲ့ ဖြစ်စေ

တော်မူလိမ့်မည် မဟုတ်ပေ။ ထိုကဲ့သို့သော ဆူးစူး ဒဏ်ရာခံစားခဲ့ကြရသည့် အစားကိုလည်း အကျိုးဆဝါဘ်များ ပေးသနားချီးမြှင့်တော်မူမည် ဖြစ်လေသည်။ အီမာန်ရှင်တို့၏ ဒုက္ခတိုင်း အတွက် အစားပေးမှု (အကျိုးစဝါဗ်)သည် ရှိနေပေ၏။

မျက်စပ်ပိုးဝင် ဆံတစ်ပင်တင်း ချစ်ခြင်းမယား ရည်စားလူလု အူနုကျွဲခတ်ဟူသော စကားပုံများ ရှိခဲ့လေသည်။ ဤသည်မှာကား လူသားတို့ အခံရအခက်ဆုံး ဖြစ်သော ခံစားချက် များကို တင်စားဖော်ကျူးထားခြင်းပင် ဖြစ်လေသည်။

ချစ်သူရည်စားကို အလုခံရသောအခါတွင် အူနုကို ကျွဲခတ်ခြင်း ခံရသကဲ့သို့ ခံစားချက်များ ပြင်းထန်ဆိုးဝါးလှသည်ထက်ပင် မိမိခင်ပွန်းလင်က နောက်ထပ်မယား ယူလေသောအခါတွင် ပိုမို၍ပင် ခံစားချက်မှာ ပြင်းထန်လှပေတော့၏။ အချို့သော ဇနီးမယားတို့သည် ထိုခံစားချက်များ ကြောင့် နာတာရှည်ရောဂါသည်တို့ပမာဖြစ်၍ သွားခဲ့ကြ၏။ အချို့မှာ ရူးကြောင်ကြောင်ပင် ဖြစ်သွားခဲ့ကြ၏။ အချို့ကတော့ လင်ယောကျ်ားကို အရွဲ့တိုက်၍ မိမိဘဝအား ရေစုံမျှော ပစ်လိုက်ကြလေသည်။ ပျက်စီးခြင်းတွင် နစ်မွန်းသွားခဲ့ကြလေသည်။ အချို့ဇနီးမယားတို့မှာမူ ကိုယ့်အသက်ကို ကိုယ်ရန်ရှာပြီး သေကြောင်းကြံစည်သွားကြသည်များ ရှိသကဲ့သို့ နောက် ဇနီးသည်အား သေကြောင်းကြံစည်ခြင်းတို့ကိုလည်း ပြုလုပ်တတ်ကြလေသည်။ ဤသည်မှာ ယနေ့ကြုံတွေ့ ကြားမြင်နေရသော မူလပထမ နေကာဟ်ရှင် ဇနီးမယားတို့၏ ခံစားချက်အဖုံဖုံ ဖြစ်ရပ်စုံတို့ပင် ဖြစ်လေသည်။

အစ္စလာမ့် ရှရီအသ်တရားတော်မြတ်တွင် ခင်ပွန်း-လင် ယောကျ်ားတို့သည် မဟရ်နှင့် မယား၏ စရိတ်၊ အိမ်ထောင်တစ်ခုလုံး၏ စရိတ်ကိုလည်း တတ်စွမ်းနိုင်၍ ဇနီးမယားတို့၏ အပေါ်တွင် တန်းတူ ညီတူ မျှတမှု ထားရှိနိုင်ပါလျှင် ဒုတိယ၊ တတိယ၊ စတုတ္ထ စသည်ဖြင့် ထပ်မံပြီး နေကာဟ်များ ဆက်လက်ပြုလုပ်ခွင့်ကို ပေးထားတော်မူလေသည်။

ဤသည် အမျိုးသမီးတို့အပေါ်မှာ အရှင်မြတ်၏ သနားကြင်နာ ကရုဏာသက်ရောက်မှု ပင် မဟုတ်ပါလော။ လင်ခင်ပွန်းယောကျ်ား တစ်ယောက်ကို အကြောင်းခံပြီး အမျိုးသမီး (၄) ယောက်မှ မှီခိုခွင့် ရရှိခဲ့လေသည်။ ထိုအမျိုးသမီးတို့၏ဘဝ အရှက်သိက္ခာ လုံခြုံမှုတို့အတွက် ထိုခင်ပွန်းလင်တို့မှ ထိန်းသိမ်းစောင့်ရှောက်မှုကို ပေးစေခဲ့လေ၏။ ဤကဲ့သို့ အမျိုးသမီးများ အပေါ်တွင် သက်ရောက်ခဲ့သော အရှင်မြတ်၏ ကျယ်ဝန်းတော်မူသော ကြင်နာမှု ကရုဏာတော်

ဆုလာဒ်အား အီမာန်ရှင်အမျိုးသမီးများက သိနားလည်တန်ဖိုးထား၍ လေးစားစွာ လိုက်နာသင့်ကြပေသည်။ (ဟစ်က်မသ်)တော်ရှင်၏ ကျေးဇူးတရားကို အမျိုးသမီးများသည် အမြော်အမြင်ဖြင့် သိစေချင်ပါသည်။

သို့အတွက်ကြောင့် ဇနီးမယားတို့အား ပန်ကြားလိုသည်မှာ အစွလာမ့် ရှရီအတ်-တရားတော်ကို ရှေ့ဝယ်ထားလျက် နားလည်မှုရှိကြစေလိုပါသည်။ တရားနှင့်နေ တရားနှင့် ဖြေသိမ့်ကြပါက ဤ ဒွန္ဒယာသည် နေပျော်ဘွယ်ရာ ဖြစ်ပေလိမ့်မည်။ မည်သူ တရားပျက်ပျက် ကိုယ်မပျက်စေရန်အတွက် အရေးကြီးလှပါသည်။

လင်ခင်ပွန်းဖြစ်သူ၏ နောက်ထပ် နောက်ထပ် နေကာဟ်များ အတွက် မဟုတ်မဟတ် ဆေးဆရာများနှင့် နီးနွယ်ပတ်သက်ပြီး နောက်ဇနီးနှင့် ကွဲကွာအောင် မိမိဘက်ပါလာအောင် စသည်ဖြင့် ဖန်တီးလုပ်ဆောင်ခြင်းတို့ကို လုံးဝမပြုလုပ်အပ်ပေ။ (အချို့ လုပ်ဆောင်မှုတို့ဖြင့် အီမာန်ကိုပင် ထိခိုက်ပျက်စီးသွားတတ်ပေသည်) ထို့ကြောင့် လင်ခင်ပွန်းတို့မှ ဇနီးမယားတို့အား သာတူညီမျှထား၍ ဝတ္တရားကျေပွန်နိုင်ကြပါသော် ထိုခင်ပွန်းလင်တို့အပေါ်တွင် တရားတော်က ခွင့်ပြုမိန့်ပေးထားပြီးဖြစ်သည့် ၎င်းတို့၏ အခွင့်အရေးများကိုလည်း ဇနီးမယားတို့က လုံးဝ တားမြစ်နှောက်ယှက်ခြင်း မပြုမိကြပါစေနှင့်။

အလ္လာဟ်အရှင်မြတ်၏အပေါ် အကြောက်တရား ထားရှိကြပါ။ (သက္ကဒိရ်)၏ မှင်ရည်သည် ခြောက်သွေ့ခဲ့လေပြီဖြစ်၏။ အရှင်၏ သတ်မှတ်ချက် (သက္ကဒိရ်)သည်သာလျှင် အတည်ဖြစ်ချေသည်။ အရှင်မြတ်၏ ဆုံးဖြတ်ချက်အပေါ်တွင် ကြည်ဖြူနိုင်သော နှလုံးသား ပိုင်ရှင်ဖြစ်စေရန် နေ့စဉ် ဆုပန်ကြား၍ နေသင့်ကြပေသည်။

အမှန်တကယ်ပင် ခင်ပွန်းလင်တစ်ဦးတည်းကို အတူတကွ ပေါင်းသင်းနေကြရသည့် ဇနီးမယားတို့မှာ စိတ်၏ ဆင်းရဲခြင်းဒုက္ခများကို မည့်သည့် ဝေဒနာတို့နှင့်မျှ မတူညီအောင်ပင် နာကျင် ကြေကွဲစွာ ခံစားနေကြရလေသည်။ အီမာန်ရှင်ဇနီးမယားတို့၏ ထိခံစားမှု ဒုက္ခများကိုလည်း (ဟစ်က်မသ်)တော်ရှင် အရှင်မြတ်က အလဟဿ အကျိုးမဲ့စေတော်မူမည် မဟုတ်ပေ။ ကေယာမသ်နေ့တွင် ထိုကဲ့သို့သော ဒုက္ခများကို ခံစားခဲ့ကြရမှုများ၏ အစားကို ထိုက်တန်စွာ ထိုမြို့သိပ် သည်းခံခဲ့သည့် ဇနီးမယားတို့အား အရှင်မြတ်က ဂုဏ်ပြုချီးမြှင့်တော်မူဦးမည် ဖြစ်လေသည်။

ဤလောက၌ မည်သည့်အမျိုးသမီးတစ်စုံတစ်ယောက်မှ မရရှိခဲ့ကြဘူးသော (ဂါဇီ)-သူရဲကောင်းဟူသော ဘွဲ့ထူးအား အရှင်မြတ်က ပေးအပ်ဂုဏ်ပြု ချီးမြှင့်တော်မူပေမည် ဖြစ်၏။ ထိုဘွဲ့ထူးဂုဏ်ထူးသည် ဤလောကတွင် မယားပြိုင်ဘဝနှင့် နေထိုင်ခဲ့ကြရစဉ်က ဇနီးမယားတို့မှာ မိမိတို့၏ စိတ်နှလုံးသားများနှင့် ဆန့်ကျင်တိုက်ခိုက် နေထိုင်ခဲ့ကြရလေသည့်အစား စိတ်ပင်ပန်းဆင်းရဲခြင်းကြီးစွာကို ခံစားခဲ့ကြလေသည့် အစားကို ပေးအပ်ချီးမြှင့်ဂုဏ်ပြုတော်မူခြင်းပင် ဖြစ်လေသည်။

ထို့ကြောင့် ဇနီးမယား အီမာန်ရှင်အမျိုးသမီးများ သိထားသင့်ကြသည်မှာ ဤလောကီ၏ လူ့ဘဝသက်တမ်းသည်ကား ယာယီဘဝ သက်တမ်းသာလျှင် ဖြစ်ပါသောကြောင့် မိမိတို့၏ အသက်ရှင်သန် နေထိုင်ကြရခြင်းသည်လည်း ယာယီခဏသာလျှင် ဖြစ်ပေ၏။

အိုး-အီမာန်ရှင် ဇနီးမယားအပေါင်းတို့ ယာယီဘဝတွင် ယာယီ ခဏ စိတ်ဒုက္ခခံစားလျက် နေထိုင်သွားကြပါ။ ဇနီးမယားတို့၏ တာဝန် ဝတ္တရားများကိုလည်း မပျက်မကွက် ဆောင်ရွက်သွားကြပါ။ ယာယီဘဝတွင် ဒုက္ခခံရခြင်းသည်လည်း ယာယီခဏသာလျှင် ဖြစ်ပါကြောင်း ထပ်လောင်း၍ သိစေအပ်ပါသည်။

လင်ခင်ပွန်း၏ နောက်ထပ်နေကာဟ်ပြုခြင်း၏ စိတ်ဒုက္ခများ အပေါ်တွင် ကေယာမသ် နေ့၌ ဘွဲ့ထူးဂုဏ်ထူးတစ်ခုကို ရရှိရန် အကြောင်းခံပင် ဖြစ်၍နေလေသည်ဟု ဖြေသိမ့်၍သာ နေထိုင်သွားကြပါ။ (ရှရစ်ဂ်) လုပ်ငန်းများကို ပြုလုပ်ပြီး လင်ချစ်ဆေး၊ လင်နိုင် နည်းများကို မရှာမိကြပါစေနှင့်၊ အီမာန်ကို မပျက်စီးကြပါစေနှင့်ဟု စေတနာမွန်ဖြင့် အီမာန်ရှင် ဇနီးမယား အပေါင်း၏ အကျိုးတရားများကို မျှော်ကိုး၍ ရေသားအကြံပြုအပ်ပါသည်။

အမလ် (၄) ရပ်ဖြင့် ဂျန္နသ်သို့ ဝင်ကြရအောင်

အီမာန်ရှင် အမျိုးသမီးများသည် ဂျန္နသ်(သုခဘုံ)ကို ရယူပိုင်ဆိုင်နိုင်ကြစေရန်အတွက်မှာ ကြီးမားလေးလံ ပြင်းထန်သော အမလ်အေဘာဒတ်များကို ပြုလုပ်ဆောင်ရွက်ကြရန် မလိုအပ်ပေ။ ဤသည် ဘန္ဒီအမျိုးသမီးများအပေါ်တွင် အလွှာဟ်အရှင်မြတ်၏ သနားကြင်နာမှု ကရုဏာတော် ဆုလာဘ်ပင် ဖြစ်ပါလေ၏။

အလ္လာဟ်အရှင်မြတ်၏ အချစ်တော် ရစူလ်သခင်ကလည်း (အီမာန်ရှင် အမျိုးသမီးတို့သည် (၄) ရပ်သော အမလ်ကို ပြုလုပ်ဆောင်ရွက်ခြင်းအားဖြင့် ဂျန္နသ်(သုခဘုံ)၏ တံခါး (၈) ပေါက်လုံးအား ဖွင့်ပေးခြင်းကို ခံယူရပေမည်။ ထိုအမျိုးသမီးသည် သုခဘုံအတွင်းသို့ သူမနှစ်သက်ရာ တံခါးပေါက်မှ ဝင်ရောက်စံမြန်းရမည် ဖြစ်လေသည်)ဟု မိန့်တော်မူခဲ့လေသည်။

လူတစ်ယောက် ဝင်ရောက်ရန်အတွက် တံခါးတစ်ပေါက်သည်ပင် လုံလောက်ပေသည်။ ဤသို့ ရှိသမျှ တံခါး (၈) ပေါက်လုံးကို ဖွင့်ပေးတော်မူခြင်းမှာ ထိုသူမအား ဂုဏ်ပေးခြင်းပင် ဖြစ်လေသည် မဟုတ်ပါလော့။

ထိုအမလ် (၄) ရပ်မှာ -

(၁) နမာဇ် (၅) ကြိမ်၏ တာဝန်ကို နေ့စဉ်ကျေပွန်စွာ ထမ်းဆောင်ခြင်း။

(၂) ရမ္မဇာန်လ၏ ရိုဇာကို (တစ်နှစ်မှာတစ်လ) ကျေပွန်စွာ ထမ်းဆောင်ခြင်း။

(၃) လင်ခင်ပွန်း၏ အမိန့်စကားများကို နာခံဆောင်ရွက်ခြင်း။

(၄) မိမိတို့၏ အရှက်အိန္ဒြေကို ထိန်းသိမ်းစောင့်ရှောက်နေထိုင်ခြင်း။

စသည်တို့ဖြစ်ကြောင်း မိန့်တော်မူခဲ့လေသည်။

(အလ်ဟမ်ဒိုလစ်လ္လာဟ်) အရှင်မြတ်၏ သနားကြင်နာကရုဏာသက်မှုပင် ဖြစ်ပါ၏။ အရှင်မြတ်သည် မိမိ၏ ဘန္ဓိအမျိုးသမီးတို့ကို ဤကဲ့သို့ ကရုဏာသက်စွာဖြင့် ဝန်ပေါ့စေတော်မူခဲ့လေသည်။

ဘန္ဓာအမျိုးသားတို့ကိုမူကား ကြီးမားသည့် အမလ်အေဘာဒတ် တို့အား ပြုလုပ်ဆောင်ရွက်ရန် တာဝန်ထား၍ သတ်မှတ်တော်မူခဲ့လေသည်။

အရှင်မြတ်ပြုထားတော်မူသည့် ထိုကျေးဇူးတော်မြတ်တို့အား အီမာန်ရှင် အမျိုးသမီးတိုင်းမှာ တန်ဖိုးထား၍ နားလည်သဘောပေါက်ကြရန် သင့်လှပေသည်။ ဤနေရာတွင် ဟဇရတ် မောင်လာနာ စအီးဒ်အဟ်မဒ်ခန်းဆပ် ရေးသားပြုစုခဲ့သော (အစ္စလာမ့် အိမ်ထောင်သည် အမျိုးသမီးများ၏ ထွဋ်မြတ်မှု အကျိုးကျေးဇူးများ)အား အီမာန်ရှင် အမျိုးသမီးတိုင်း လေ့လာဖတ်ရှု သတိပြု လိုက်နာကြစေရန်အလို့ငှာ ထပ်ဆင့်တင်ပြ ရေးသားလိုက်ရလေသည်။

အစွန်လာမဲ့အိမ်ထောင်သည် အမျိုးသမီးများ၏

ထွဋ်မြတ်မှု အကျိုးကျေးဇူးများ

၁။ ကောင်းမှုရှင် အမျိုးသမီးတစ်ဦးသည် ဝလီပေါင်း(၇၀)ထက် သာမြတ်၏။

၂။ မကောင်းသော အမျိုးသမီးတစ်ဦးသည် မကောင်းသော အမျိုးသားပေါင်း (၁၀၀၀) ထက် သာပိုဆိုး၏။

၃။ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦး၏ (၂) ရက်အသံနမာဇ်သည် ကိုယ်ဝန်မရှိသည့် အမျိုးသမီးတစ်ဦး၏ နမာဇ်ထက် အဆပေါင်း (၈၀)ရက်အသံ သာ ပိုထွဋ်မြတ်၏။

၄။ နို့တိုက်ကျွေးသည့် မိခင်အား နို့ရည်တစ်စက်ချင်းအပေါ်တွင် (သက်ရှိကိုရှင်စေသည့်) ကောင်းမှုတစ်ခုကျစီ ချီးမြှင့်ခြင်း ခံရပေမည်။

၅။ စိတ်သောကနှင့် ပြန်ရောက်လာသူ ခင်ပွန်းသည်အား နှစ်သိမ့် သြဘာစကားဖြင့် အားပေးသူ ဇနီးမယားကို ဂျေဟာဒ်တစ်ကြိမ်၊ နှစ်ကြိမ်၏ ကုသိုလ်အကျိုးဆဝါဘ်ကို ချီးမြှင့်ခြင်း ခံရ၏။

၆။ နို့တိုက်ရ၍ တစ်ညလုံးမအိပ်စက်နိုင်သည့် မိခင်အား ကျွန်(၂၀) သူကောင်းပြုသော အကျိုးဆဝါဗ်အား ချီးမြှင့်တော်မူ၏။

၇။ ခင်ပွန်းက ဇနီးကိုသော်လည်းကောင်း၊ ဇနီးက ခင်ပွန်းကိုသော် လည်းကောင်း ချစ်ခင်ကြင်နာသော အရှုနှင့် ကြည့်ခဲ့ပါလျှင် အရှင်မြတ်ကိုယ်တိုင် ထိုဇနီးမောင်နှံအား (ရဟ်မသ်) ကရုဏာတော်သက်သောအရှုနှင့် ရှုကြည့်တော်မူမည် ဖြစ်၏။

၈။ ဇနီးက ခင်ပွန်းကို အလွှာဟ်လမ်းတော်၌ စေလွှတ်ပြီး မိမိအိမ်တွင် စည်းကမ်းတကျ ကျင့်ကြံနေထိုင်လျှင် ထိုဇနီးသည်အား ခင်ပွန်းထက်နှစ်ပေါင်း (၅၀၀) စာ၍ ဂျန္နသ်သို့ ဝင်စေမည် ဖြစ်၏။ ဖရစ်ရှ်သာပေါင်း (၇၀၀၀၀)နှင့် ဂျန္နသ်ရှိ ဟူရ်ကညာပျိုများ၏ ခေါင်းဆောင် ဖြစ်စေမည့်အပြင် ထိုသူမအား ဂျန္နသ်၌ ရေချိုးသန့်စင်စေပြီး မြစိမ်းရောင် ဝတ်စုံနှင့် မြမကိုင်္ဍသရဖူအား ဆောင်းပြီး မြင်းပေါ်တွင် စီးနင်းစေလျက် ခင်ပွန်းအား စောင့်ကြိုစေမည် ဖြစ်၏။

၉။ အကြင်မိခင်သည် ကလေးနာမကျန်းဖြစ်၍ မအိပ်ရသည့်ပြင် ကလေး သက်သာရန် ကြိုးစားနေပါက အရှင်မြတ်သည် ထို မိခင်၏ အပြစ်ဂိုနာဟ်များကို ခွင့်လွှတ်တော်မူပြီး (၁၂)နှစ်တာ ကဘူလ်ပြုလက်ခံပြီးသော အေဘာဒတ်၏ အကျိုးဆဝါဘ်ကို ချီးမြှင့်တော်မူလေသည်။

၁၀။ အကြင်အမျိုးသမီးသည် (ဗစ္စမစ်လ္လာ)ရွတ်ဆို၍ နွားနို့ညှစ်လျှင် ထိုသားကောင်က အမျိုးသမီးအား ဒိုအာပြုပေးပေမည်။

၁၁။ (ဗစ္စမစ်လ္လာ) ရွတ်ဆို၍ ဂျုံနယ်ခြင်း၊ ဆန်ဆေးခြင်းများကိုပြုလျှင် ထိုအမျိုးသမီး၏ ရိက္ခာတွင် (ဘရ်ကသ်) မဂ််လာချပေးတော်မူ၏။

၁၂။ သူစိမ်းအမျိုးသားကို ကြည့်ရန်သွားသော အမျိုးသမီး၏အပေါ်တွင် အရှင်မြတ်က လအိန်နသ်ပြုတော်မူ၏။ သူစိမ်းအမျိုးသမီးကို ကြည့်ခြင်း အမျိုးသားများအတွက် (ဟရာမ်) ဖြစ်သကဲ့သို့ သူစိမ်းအမျိုးသားကို ကြည့်ခြင်းသည်လည်း အမျိုးသမီးများအတွက် (ဟရာမ်)ပင် ဖြစ်လေသည်။

၁၃။ ဇကိရ်ပြုလျက် တံမြက်စည်းလှည်းသည့် အမျိုးသမီးအား ကအ်ဘာကျောင်းတော် ဝန်းကျင်၌ တံမြက်စည်းလှည်းသည့် အကျိုးစဝါဗ်ကို ချီးမြှင့်တော်မူသည်။

၁၄။ သင်အရှက်အိန္ဒြေမရှိလျှင် ကြိုက်ရာလုပ်ပေတော့။(ဗိုခါရီကျမ်း) (အရှက်မရှိက အထိန်းမရှိတော့။ ရှက်ကြောက်ခြင်းသည် ကောင်းရာဘက်သို့ ဖန်တီးသည်။)

၁၅။ နမာဇ်၊ ရိဇာမြဲပြီး ကိုယ်ကာယ သန့်စင်မှုကို ဂရုပြု၍ မိမိတို့၏ ကာအိန္ဒြေကို စောင့်ထိန်းပြီးလျှင် ခင်ပွန်းလင်၏ အနှံအတာခံသူအမျိုးသမီးတို့အတွက် ဂျန္နသ်သုခဘုံ၏ တံခါး (ဂ) ပေါက်တွင် နှစ်သက်ရာ တံခါးမှ ဂျန္နသ်သုခဘုံသို့ ဝင်ခွင့်ပြု မည်ဖြစ်၏။

(မစ်ရှ်ကားသ်ကျမ်း)

၁၆။ သခင်၏ထံမှ ထွက်ပြေးသည့် ကျွန်၏နမာဇ်၊ လင်ခင်ပွန်း၏ အမိန့်ကိုဖီဆန်သည့် ဇနီးသည်တို့၏ နမာဇ်များသည် ဦးခေါင်းထက်မှပင် အပေါ်သို့ မတက်နိုင်ပေ။

၁၇။ ကိုယ်ဝန်ဆောင်သည်၏ ညသည် အေဘာဒတ်၊ နေ့သည် ရိဇာ အဖြစ် သတ်မှတ်ထား လေသည်။

၁၈။ ကလေးမျက်နှာမြင်သည့် မိခင်အတွက် နှစ်ပေါင်း(၇၀) နမာဇ် ရိဇာ၏ အကျိုး-ကျေးဇူးများကို ရေးမှတ်ပေမည်။ မွေးဖွားချိန်တွင် အနာတရဖြစ်လျှင် ဒုက္ခခံရသော အကြောမျှင်တစ်ခု (တစ်ခု)စီ၏အစား တစ်မနက်ခင်း ကြိုးပမ်းသည့် အေဘာဒတ်၏ အကျိုး-ဆဝါဗ်အား ပေးသနားတော်မူမည် ဖြစ်၏။

၁၉။ ကလေးမွေးဖွားပြီးနောက် ရက်(၄၀)အတွင်း ကွယ်လွန်သည့် မိခင်အား ရုဟာဒသ်၏ အဆင့်အတန်းကို ချီးမြှင့်တော်မူပေမည်။

၂၀။ ညၭ် ကလေးငိုသောအခါတွင် မကျိန်ဆဲဘဲ နို့တိုက်လျှင် တစ်နှစ်တာလုံး နမာဇ်၊ ရိဇာ၏ အကျိုးများ ရရှိမည် ဖြစ်လေသည်။

၂၁။ နို့တိုက်ကာလပြည့်မြောက်လျှင် (အသင်မအတွက် အရှင်မြတ်က ဂျန္နသ်သုခဘုံအား အတည်ပြုပြီးကြောင်း) ဖရစ်ရှ်သာတစ်ပါးက ရောက်လာပြီး (မိခင်ဖြစ်သူ၏ ပုခုံးကိုကိုင်၍) မင်္ဂလာ သတင်းပြောကြားပေလိမ့်မည်။

၂၂။ ခရီးမှပြန်လာသော ခင်ပွန်းအား (ခစ်ဒ်မသ်) ပြုစုကျွေးမွေးသည့် အမျိုးသမီးသည် ခင်ပွန်းလင်မရှိခိုက် ဖောက်ပြန်ခြင်း များလည်း မရှိခဲ့ပါလျှင် (၁၂)နှစ်တာ နဖိလ် အေဘာဒတ်၏ အကျိုးများ ရရှိပေမည်။

၂၃။ ခင်ပွန်းလင်က မစေခိုင်းသော်ငြားလည်း နှိပ်နယ်ပေးသော အမျိုးသမီးသည် ရွှေ (၇) တိုလာ ဆွဒကဟ်ပေးလှူသည့် အကျိုးဆဝါးဗ်များ ရရှိမည်ဖြစ်ပြီး ခင်ပွန်းလင်စေခိုင်းသဖြင့် နှိပ်နယ် ပေးသော် ငွေ(၇)တိုလာ ပေးလှူသည့် အကျိုးဆဝါးဗ်များ ရရှိပေမည်။

၂၄။ ခင်ပွန်း၏ သဘောတူကျေနပ်မှုရှိစဉ်၌ ကွယ်လွန်ခဲ့သော ဇနီးမယားအတွက် ဂျန္နသ်-သုခဘုံ(ဝါဂျစ်ဗ်) ဖြစ်လေသည်။

၂၅။ ဇနီးဖြစ်သူကို သာသနာ့သင်ခန်းစာတစ်ပုဒ်သင်ပေးခြင်းအားဖြင့် နှစ်ပေါင်း (၈၀) အေဘာဒသ် အကျိုးဆဝါဗ်များ ရရှိမည် ဖြစ်၏။

၂၆။ အရှင်မြတ်အား ဖူးမျှော်ရန်အတွက် ဂျန္နသီများသွားကြရမည်။ ကာအိန္ဒြေ စောင့်စည်း၍ (ပရ်ဒါ)လုံခြုံစွာနေထိုင်သည့် အမျိုးသမီးများ ဖူးမျှော်နိုင်ကြစေရန် အတွက်မှာ မူကား အရှင်မြတ်ကိုယ်တော်တိုင် ကြွရောက်လာတော်မူပေမည် ဖြစ်၏။

၂၇။ သူစိမ်းများမှ (ပရိဒါ) လုပ်ပါ။ ပါးလွှာသည့် ဝတ်စုံဝတ်ဆင်သော သူမ၊ တဏှာရာဂ နိုးဆွသူမ၊ သူစိမ်းအမျိုးသားများဘက်သို့ တဏှာရာဂစိတ်ဖြင့် စွဲလန်းအောင်လုပ်သူမ၊ ပကာသန အလှချယ်ပြသသူမ၊ ထိုအမျိုးသမီးတို့သည် ဂျန္ဓသ်သုခဘုံ၌ မဝင်ရောက်ရ။ ဂျန္ဓတ်သုခဘုံ၏ အနံ့ကိုပင် ရှူရှိုက်ခွင့်ရမည် မဟုတ်ပေ။ **(မွတ်စ်လင်မ်ကျမ်း)**

ဇနီး၏ လုပ်ရပ်ဆိုးကြောင့် နန်းစွန့်ခဲ့ရသည့် နဗီ

နဗီတမန်တော် စိုလိုင်မံ (အလိုင်ဟစ္စလမ်) သခင်သည် အရှင်မြတ်ချီးမြှင့်တော်မူခြင်းကြောင့် တစ်ချိန်က တစ်ကမ္ဘာလုံး၏ အုပ်ချုပ်မှု အာဏာအား လက်ဝယ်ရရှိ ပိုင်ဆိုင်ခဲ့ရလေသည်။

အလ္လာဟ်အရှင်မြတ်သည် ထိုနဗီတမန်တော်အား ကြီးကျယ်သည့် အုပ်ချုပ်မှု စည်းစိမ်ချမ်းသာတို့အား ချီးမြှင့်ပေးသနားတော်မူ ထားခဲ့လေရာ စိုလိုင်မံနဗီသခင်သည် ဂျင်နီတပ်ဖွဲ့၊ လူတပ်ဖွဲ့နှင့် တိရိစ္ဆာန်တပ်ဖွဲ့ စသည်တို့ကိုပင် ပိုင်ဆိုင်ခဲ့ရ၍ တိရိစ္ဆာန်တို့၏ ဘာသာစကားများကိုလည်း နားလည်တတ်ကျွမ်းမှုကို ချီးမြှင့်ခြင်း ခံခဲ့ရလေသည်။ “လေ”ကိုလည်း အစိုးရတော်မူခဲ့၏။

ဤမျှလောက်ပင် ကြီးကျယ်သည့် အုပ်ချုပ်မှု အာဏာရှင် နဗီ သခင်ကြီးမှာ ဇနီးကြင်ယာတစ်ပါးဖြစ်သော “အန်ကဗူသ် မင်းသမီး (ဂျေရာဒါဟ်)” ၏ လုပ်ရပ်ဆိုးကြောင့် ထီးနန်းစိုးစံမှုနှင့် အုပ်ချုပ်မှုရ အာဏာတို့အား လက်လွတ်ဆုံးရှုံးခဲ့ရဖူးလေသည်။

အကြောင်းမှာ ဤသို့တည်း။ စိုလိုင်မံနဗီသခင်သည် ဆွိဒမ်မြို့ကို သိမ်းပိုက်သောအခါတွင် ထိုမြို့၏ ဘုရင်သည်လည်း အဆုံးစီရင်ခြင်းကို ခံခဲ့ရ၏။ နဗီကြီးသည် ဘုရင်၏ သမီးအား အစွာလာမ်သို့ ကူးပြောင်းစေပြီး နေကာဟ်ပြု သိမ်းပိုက်ခဲ့လေသည်။ ထိုမင်းသမီးသည် ဖခင်ကို လွမ်းစိတ်ကြောင့် ငိုကြွေးမှုကို အမြဲပြုနေလေသည်။ တစ်နေ့သောအခါ ရှိုင်တွာန်မိစ္ဆာသည် လူယောင်ဆောင်ပြီးလျှင် ထိုမင်းသမီးထံ ရောက်လာ၍ လှည့်စား ဖြားယောင်းလေတော့၏။

ရှိုင်တွာန်က“အသင်မ မိမိဖခင်၏ ကျေနပ်မှုအား ရယူရန် ဖခင်၏ ပုံတူရုပ်ထု တစ်ခုပြုလုပ်၍ အမြဲပူဇော်ပသ၍နေပါ။ သို့မှသာ အသင်မ၏ ဖခင်မှာ အသင်မအပေါ်ဝယ် ကျေနပ်

လိမ့်မည်ဖြစ်၏။ အသင်မ၏ ဖခင်က အသင်မ၏ ထိုကဲ့သို့ လုပ်ရပ်မျိုးအား မျှော်လင့်လျက် ရှိနေပေသည်။ သို့ရာတွင် စိုလိုင်မံနဗီကိုတော့ဖြင့် လုံးဝအသိ မပေးပါလေနှင့်”ဟု ဖြားယောင်း ပြောဆိုခဲ့လေသည်။

အန်ကဗူးသိမ်ဖုရားသည် ရှိုင်တွာန်၏အကြံပြုချက်ကို လက်ခံခဲ့ပြီးလျှင် ဖခင်၏ ရုပ်ထုအား အိမ်၌ လျှို့ဝှက်စွာ ထား၍ ပူဇော်ပသ လေတော့၏။ ထိုအခြေအနေမျိုးဖြင့် ရက်ပေါင်း (၄၀) ပြည့်မြောက်လေသောအခါတွင် ထိုလုပ်ရပ်ဆိုး၏ အကျိုးဆက် ဆိုးကျိုးအဖြစ် စိုလိုင်မံ နဗီသခင်သည် ထီးနန်းစည်းစိမ်အုပ်ချုပ်မှု အာဏာတို့အား စွန့်ခဲ့ရလေတော့၏။

ဆင့်ပြန်မှုတစ်ခုတွင် နဗီသခင်က မင်းသမီအား သာသနာကို လက်ခံစေပြီး နေကာဟ် ပြုရန် တိုင်ပင်ဆွေးနွေးကြသောအခါတွင် မင်းသမီးက “အသင်နဗီနှင့်လည်း နေကာဟ်ပြု လက်ထပ်ပါမည်။ ကျွန်မသည် ဖခင်အား အလွန်ပင်ချစ်မြတ်နိုးရပါသောကြောင့် ဖခင်၏ ရုပ်ထု တစ်ခုအား ပြုလုပ်ပြီး အိမ်တွင်ထားခွင့်ပြုရပါမည်။ ဖခင်အား လွမ်းဆွတ်မှုကို စိတ်ဖြေနိုင်ရန် အတွက် ဖြစ်ပါသည်”ဟု အကြောင်းပြ တောင်းဆိုခဲ့လေသည်။

နဗီသခင်သည်လည်း (ရှရီအသ်သေ့စိုလိုင်မာနီ)တွင် ရုပ်ပုံထားရှိခြင်းနှင့် ပတ်သက်၍ တားမြစ်ချက် မရှိသည့် အတွက်ကြောင့် မင်းသမီး၏ ထိုတောင်းဆိုမှုအား လက်ခံတော်မူခဲ့လေ သည်။ သို့ရာတွင် နောက်ပိုင်း၌ မင်းသမီးသည် နဗီသခင်မသိအောင် ဖခင်၏ရုပ်ထုအား ဦးချ ကိုးကွယ် လေတော့၏။ ထိုအတွက်ကြောင့် စိုလိုင်မံ နဗီမှာ မိမိ၏ထီးနန်းစည်းစိမ်နှင့် အုပ်ချုပ်မှု အာဏာတို့အား စွန့်ခဲ့ရလေတော့၏။

အခြားဆင့်ပြန်မှုတစ်ရပ်တွင်မူ မင်းသမီး၏ ဖခင်သည် စိုလိုင်မံ နဗီနှင့် တိုက်ခိုက်ချိန်တွင် နှံကောင်စစ်သည်များက သူမဖခင်၏ မျက်လုံးတို့အား ဖျက်ဆီးခဲ့ကြလေသည်။ ထိုဖြစ်ရပ်၏ အပေါ်၌ သူမသည် နှံကောင်များကို အမျက်သို ရန်ညှိုးထားပြီးလျှင် အီးဒ်နေ့ချိန် ခါသမယတွင် နှံကောင်အား ကုရ်ဗာနီပြုပါရစေဟု နဗီ၏ထံ တောင်းဆိုခဲ့လေသည်။ နဗီသခင်က နှံကောင်၏ အစား ကုလားအုတ်အား ကုရ်ဗာနီပြုလုပ်ရန် ညွှန်ကြားသော်ငြားလည်း ဖခင်အတွက် နှံကောင် ၏ အပေါ်တွင် လက်စားချေ တုံ့ပြန်လိုစိတ် ပြင်းထန်နေသော ကြင်ယာဇနီးမင်းသမီးက နှံကောင်ကိုသာလျှင် ကုရ်ဗာနီပြုပါရစေဟု အကြိမ်ကြိမ်ပင် အဓိကထားပြီး တောင်းဆိုခဲ့လေ သည်။ စိုလိုင်မံနဗီမှာ ဇနီးဖြစ်သူ၏ အာဃာတကြီးမားမှု ရန်ညှိုးထားမှု အကြံအစည်တို့အား

လုံးဝမရိပ်မိ မသိရှိခဲ့ဘဲ ဇနီး၏ပူဆာမှုအတိုင်း နှံကောင်တစ်ကောင်အား ပေးအပ်ခဲ့၏။ မင်းသမီးသည် ထိုနှံကောင်အား ဖခင်အတွက် လက်စားချေသည့် အနေနှင့် လည်လှီး၍ သတ် ပစ်ခဲ့လေသည်။

အလ္လာဟ်အရှင်မြတ်သည် ဤကဲ့သို့ဖခင်၏ ရုပ်ထုအား ပူဇော်ပသ ကိုးကွယ်ခြင်း အတွက်ကြောင့် တစ်ကြောင်း၊ ဖခင်အတွက် နှံကောင်အား လက်စားချေ သတ်ဖြတ်ခဲ့ခြင်း အတွက်ကတစ်ကြောင်း တို့ကြောင့် ထိုဇနီးမယားဖြစ်သူ၏ လုပ်ရပ်ဆိုးအပေါ်တွင် စိုလိုင်မံ နဗီ သခင်အား (သတ်မှတ်ရက် အချိန်ကာလ တစ်ရပ်အထိ) ဘေးဒုက္ခ၌ ကျရောက် နစ်မွန်းစေခဲ့ပြီး လျှင် ထီးနန်းစည်းစိမ်ကိုလည်း စွန့်လွှတ်စေခဲ့လေသည်။

ဤသည်နှင့် ပတ်သက်၍ ကျမ်းတော်မြတ်ကုရ်အာန်တွင် အရှင်မြတ်က မိန့်မြွက်ထား တော်မူသည်မှာ-

“ထိုမှတပါး ဇကန်မလွဲ ငါအရှင်မြတ်သည် (နဗီတမန်တော်) စိုလိုင်မံကို စမ်းသပ် တော်မူခဲ့၏။ စင်စစ် ငါအရှင်မြတ်သည် ထိုရာဇ-ပလ္လင်၏အပေါ်ဝယ် ခန္ဓာကိုယ်တစ်ခုအား ချထားပေးတော်မူခဲ့၏။ သို့ရှိရာ စိုလိုင်မံသည် ပြန်လှည့်ခဲ့ရလေ၏။” (၃၈း၃၄)

စိုလိုင်မံနဗီသခင်၌ အလ္လာဟ်အရှင်မြတ် ချီးမြှင့်တော်မူထားသော (အစွမ်မဲ့အအင်္ဂမ်) စာလုံးပါရှိသည့် အလွန်စွမ်းအင် ထက်မြက်သော လက်စွပ်တော်ရှိ၏။ ထိုလက်စွပ်တော်အား အပေါ့ အလေး သွားလိုသောအခါတိုင်း (အာမီနာဟ်)မည်သော မိမိ၏အကျိုးဆောင် အမျိုးသမီး ထံပါး အပ်နှံထားလေ့ရှိ၏။ တစ်နေ့သောအခါတွင် လက်စွပ်တော်ကိုအပ်နှံ၍ အပေါ့စွန့်ရန် သွားခဲ့လေရာ (ဆွာခ်ရာ)မည်သော ဂျင်နက် စိုလိုင်မံနဗီ၏ ရုပ်အသွင်သဏ္ဌာန် ဆောင်ပြီး ထို အမျိုးသမီးထံမှ လက်စွပ်တော်ကို တောင်းယူခဲ့၍ ရာဇပလ္လင်ထက်သို့ တက်ရောက်ကာ ထီးနန်း စိုးစံလေတော့၏။

ဤသည်မှာ အန်ကဗူသ်မင်းသမီးမှ (ရှရစ်က်)ပြု တုဖက် ကိုးကွယ်မှုလုပ်ငန်းအား ရက်ပေါင်း (၄၀) ပြုကျင့်ခဲ့လေသောအခါတွင် ပေါ်ပေါက်လာခဲ့ရသည့် ဖြစ်ရပ်ဆိုးပင် ဖြစ်လေ သည်။

စိုလိုင်မံနဗီသည် မိမိ၏ရုပ်အသွင်ဖြင့် ရာဇပလ္လင်ပေါ်တွင် အခြားသူတစ်ယောက်က ထိုင်နေသည်ကို တွေ့မြင်ရလေသောအခါ လူတို့အား မိမိသည်သာလျှင် စိုလိုင်မံနဗီသခင်

ဖြစ်ကြောင်း ရာဇလွှင်ပေါ်၌ ထိုင်နေသောသူသည် စိုလိုင်မံနဗီ မဟုတ်ကြောင်းကို လိုက်လံ ပြောဆိုခဲ့လေသည်။ သို့ရာတွင် နဗီသခင်၏ပြောစကားကို မည်သူကမျှ မယုံကြည်ကြဘဲ စိတ်မနှံ့သူ၊ အရူးဟူ၍ပင် နဗီသခင်အား ပြောဆို သမုတ်ကြလေကုန်၏။

စိုလိုင်မံနဗီသခင်မှာ ထိုကဲ့သို့သော သေးသိမ်ဂုဏ်သိက္ခာမဲ့သည့် ဖြစ်ရပ်များကို တွေ့ကြုံ ဆုံစည်းခဲ့ရသည့်အတွက်ကြောင့် မြို့မှ ထွက်ခွာလာခဲ့ပြီးလျှင် တံငါသည်တစ်ဦး၏ထံတွင် အလုပ်သမား တစ်ယောက်အဖြစ်နှင့် ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်နေထိုင်ခဲ့ရရှာလေသည်။ ဤသည် ဇနီးဖြစ်သူ၏ ရှုစိုက်လုပ်ငန်းကြောင့် ပေါ်ပေါက်လာခဲ့ရသော ဆိုးကျိုးပင် မဟုတ်ပါလော။

စိုလိုင်မံနဗီသခင်သည် တစ်နေကုန် ပင်ပန်းကြီးစွာဖြင့် တံငါ အလုပ်အား ထမ်းဆောင် လုပ်ကိုင် နေရပါသော်ငြားလည်း နဗီ၏လုပ်အားခမှာ ငါး(၂)ကောင်ရခြင်းသာ ဖြစ်လေသည်။ ထိုငါး(၂)ကောင်မှ နဗီသည် တစ်ကောင်ကိုရောင်းချပြီး တစ်ကောင်ကို စားသောက်နေခဲ့ရ၏။ ဤသို့ဖြင့် နဗီသခင်မှာ တံငါသည်၏ အလုပ်သမားဘဝဖြင့် ရက်ပေါင်း (၄၀) ကြာမြင့်ခဲ့ရလေပြီ။

ထိုအချိန်၌ နန်းတော်အပေါ်တွင် ဓိမ်ယစ်နေသော ဂျင်နဗ်၏ အဖြစ်မှာလည်း ဤသို့ ဖြစ်လေသည်။ နဗီ၏ ကြင်ယာတော်များနှင့် နန်းတွင်းသူ နန်းတွင်းသားတို့မှာ ထိုဂျင်နဗ်၏ ပုံစံ မမှန်ကန်သည့် အခြေအနေအရပ်ရပ်နှင့် ပုံစံ မမှန်ကန်သည့် အုပ်ချုပ်မှု အထွေထွေတို့အပေါ်တွင် သုံးသပ်ကြည့်မြင်ဆင်ခြင်မိကြပြီးလျှင် စိုလိုင်မံနဗီ အစစ်မဟုတ်ကြောင်းကို ရိပ်စားသိမြင် လာကြလေကုန်၏။ ထိုအခါ (ဆွာခ်ရာ)ဂျင်နဗ်သည်လည်း အခြေအနေမဟန်တော့ကြောင်း သဘောပေါက်ကာ နန်းကိုစွန့်၍ ပြေးလေတော့၏။ စိုလိုင်မံနဗီ၏ လက်စွပ်တော်ကိုလည်း ပင်လယ်ထဲသို့ လွှင့်ပစ်ခဲ့လေသည်။ ထိုလက်စွပ်အား ငါးတစ်ကောင်က မျိုခဲ့၏။ ထိုငါးမှာ နဗီ၏ အလုပ်ရှင်တံငါ၏ ပိုက်ကွန်တွင်ပါလာလေတော့၏။ ထိုငါးသည် နဗီ၏ လုပ်အားခအဖြစ်နှင့် သခင်အိမ်အပြန်တွင် ပါလာခဲ့လေသည်။ နဗီသခင်သည် ချက်ပြုတ်ရန်အတွက် ထိုငါးအား ခုတ်ထစ်လေသောအခါ ငါး၏ဝမ်းဗိုက်အတွင်းမှ မိမိ၏လက်စွပ်တော်အား ပြန်လည် တွေ့ရှိခဲ့ ရလေသည်။ ထိုလက်စွပ်တော်ကို ဝတ်ဆင်ပြီး နဗီသခင်သည် နန်းတော်သို့ ပြန်သွားလေသော အခါတွင် အုပ်ချုပ်မှုနှင့် ထီးနန်းစည်းစိမ်တို့ကို ပြန်လည်ရယူ ပိုင်ဆိုင်ခဲ့ရလေတော့၏။ နဗီ စိုလိုင်မံ (အလိုင်ဟစ္စလာမ်)သခင်သည် အရှင်မြတ်အား များစွာ ကျေးဇူးတော်တင်ရှိလျက် (စင္စ်ဒါ) ပြုလေသည်။

“အို-အမျိုးသမီးအပေါင်းတို့ အစ္စလာမ့်ရာဇဝင်သမိုင်းကြောင်း တစ်ခုမှ ဤဖြစ်ရပ်မှန်အား ပြန်ပြောင်း အောင်းမေ့သတိချပ်၍ သုံးသပ်ဆင်ခြင်ကြပါလေ။”

ခင်ပွန်းလင်ယောကျ်ားသည် မည်ကဲ့သို့သော သူမွန်၊ သူမြတ် (နဗီတမန်တော်)ပင် ဖြစ်ပါစေ၊ အိမ်၌ရှိသော ဇနီးမယားက ရရှိအသိတရားတော်နှင့် ဆန့်ကျင်သော လုပ်ငန်းစဉ်တို့ အား လျှို့ဝှက်၍ ဖြစ်စေ၊ ထင်ရှားစွာဖြစ်စေ၊ ပြုလုပ်ကျူးလွန်ခဲ့ပါလျှင် ထိုလုပ်ရပ်များ၏ ဆိုးကျိုးသည်ကား လင်ယောကျ်ား၏အပေါ်မှာလည်း ဘေးအန္တရာယ်ဒုက္ခမုန်တိုင်းကြီးများသည် အင်အားကြီးမားစွာ ဝင်ရောက် ဘေးသင့်နိုင်ပါကြောင်းကို ကောင်းစွာပင်နားလည်သဘောပေါက် သင့်ကြပေသည်။ မိမိတို့၏ လုပ်ရပ်ဆိုးအမျိုးမျိုးတို့၏ တန်ပြန်မှုကြောင့် မိမိတို့၏ အိမ်ထောင် တစ်ခုလုံးမှာ ဖြောင်းဆန်အောင် ပြဿနာဘေးဒုက္ခအဖုံဖုံနှင့် ကြုံဆုံခံစားနေကြရသည်ကိုလည်း ပြန်လည် သုံးသပ်ဆင်ခြင်ပြီး စဉ်းစားတွေးခြင် သိစေချင်ပါသည်။

မကောင်းသော ဇနီးမယားဆိုးများနှင့် ပတ်သက်၍ ပညာရှင် ရိုင်ခ်စအ်ဒီ(ရဟ်မသွလ္လာ အလိုင်းဟ်) သခင်ကြီးသည် ဖာရစီ ကဗျာတစ်ပုဒ်တွင် ဤသို့ ဖော်ကျူးမိန့်ဆိုထားခဲ့လေသည်။ “မကောင်းသော ဇနီးမယားကို ရရှိထားသူသည်ကား လောကဌ်ပင် ငရဲထဲသို့ ကျရောက်သွားသူ ကဲ့သို့ ဖြစ်လေသည်။”

ထို့ကြောင့် မကောင်းသော ဇနီးမယားဆိုးရှိသည့် အိမ်သည် ငရဲဘုံ ပမာ ဘေးဒုက္ခ ပြဿနာပေါင်းစုံများ တွေ့ကြုံပေါ်ပေါက် ခံစားကြရမည် ဖြစ်ကြောင်းအား ပညာရှိစကားဖြင့်ပင် မှတ်သားလေ့လာ သိရှိရပါသည်။

အီမာန်ရှင်အမျိုးသမီး ဇနီးမယားအပေါင်းတို့အား အနူးအညွတ် မေတ္တာရပ်ခံ၍ ပန်ကြား လိုသည်မှာ ဤစာစဉ် - “**သင်၏ဇနီးကိုပြောပြပါ**”အား စ,လယ်ဆုံး ဖတ်ရှုလေ့လာ သုံးသပ်ပြီး သကာလ မိမိတို့၏ ပြုမှားမိပြီးသည့် ဂိုနာဟ်အကုသိုလ်များမှ (သောင်ဗာဟ်၊ အစ္စတေဖွာရ်) များ ပြုကြ၍ မိမိတို့၏ ဘဝနေထိုင်မှုပုံစံအား (ကုရ်အာန်နှင့် ဟဒီးဆ်)မှ ပြသလမ်းညွှန်ထားသည့် အတိုင်း ပြောင်းလဲ ကျင့်ကြံနေထိုင်သွားကြပါရန်နှင့် သို့မှသာ (၂) ဌာန၏ အောင်မြင်မှု နှင့် ကောင်းခြင်းမင်္ဂလာအဖြာဖြာ သက်ရောက်မည် ဖြစ်ပါကြောင်း။

ယူစွဖ် (အလိုင်ဟစ္စလာမ်) သခင် ဝဖားသ် ဖြစ်ပြီးသည့်နောက် အိုင်ယူးဘ်(အလိုင်-ဟစ္စလာမ်) မည်တွင်သော နဗီတမန်တော် တစ်ပါးအား အရှင်မြတ်က ပွင့်စေတော်မူ၏။

အကြောင်းမှာ ထိုအိုင်ယူးဘ်နဗီကို စံနမူနာထား၍ လူသတ္တဝါတို့သည် ဤဒုန္နယာလောက၌ တွေ့ကြုံလာရသမျှ ဆင်းရဲဒုက္ခ များအပေါ်တွင် ဆွဗရ်-သည်းခံတရားများ ထားရှိနိုင်ကြစေခြင်း အကျိုးငှာသော်လည်းကောင်း၊ ၎င်းပြင် ခင်ပွန်းလင်ယောကျ်ားနှင့် မကင်းနိုင်ကြသည့် ဇနီးမိန်းမများတို့သည် ထိုနဗီသခင်၏ဇနီးမြတ် ဘီဘီရဟီမာ သခင်မကြီးအား စံပြုအတုယူထားကြလျက် လင်သားများ၏ တာဝန်ဝတ္တရားတို့အား (ခစ်ဒ်မသ်)ပြု ဆောင်ရွက်နိုင်ကြစေခြင်း အကျိုးငှာသော်လည်းကောင်း ထိုအကျိုးအကြောင်းတို့ဖြင့် ဤလောကတွင် အိုင်ယူးဘ်အမည်တွင်သော နဗီတမန်တော်တစ်ပါးကို ပွင့်ရောက်စေတော်မူခဲ့လေသည်။ ထိုနဗီတမန်တော်မှာ ဆင်းရဲဒုက္ခ ရောဂါဝေဒနာဆိုးကြီးများနှင့် တွေ့ကြုံရင်ဆိုင်ခံစားရခဲ့သော်ငြားလည်း အလ္လာဟ် အရှင်မြတ်၏ အေဘာဒသ်ကို အပြည့်အဝ ထမ်းဆောင်နိုင်ခဲ့လေသည်။

ထိုနဗီ အိုင်ယူးဘ်(အလိုင်ဟစ္စလာမ်)သခင်သည်ကား မူလက ပစ္စည်း၊ ဥစ္စာ၊ ရတနာ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားနှင့် သားသမီးရတနာများတွင် ပြိုင်ဘက်မရှိအောင်ပင် ပေါများ ကြွယ်ဝ ပြည့်စုံခဲ့သည့် နဗီသခင်ဖြစ်၏။ ရုပ်ဆင်းအင်္ဂါ အလွန်လှပ၍ မာန်မာနတရား စွန့်ပယ်ထားပြီးလျှင် နေရာတိုင်းတွင် သည်းခံတရား အမြဲထားရှိကာ လူသတ္တဝါ ဝေနေယျတို့အား များစွာပင် သနားကြင်နာမှု ထားရှိခဲ့သော နဗီ ဖြစ်၏။

ဆွဗူရီ (သည်းခံတရားထားရှိသူ) သည် ဂျန္နသီဖြစ်ကြောင်း ဤလောကတွင် အမြတ်ဆုံး အကျင့်သီလမှာ “ဆွဗရ်-သည်းခံခြင်းတရား”သာလျှင်ဖြစ်ကြောင်း ထိုတရားကို အမြဲလက်ကိုင်ထားရှိကြပါရန်ကို အဓိကထားပြီး ဟောပြော တော်မူလေ့ရှိ၏။

ရှိုင်တွာန်မိစ္ဆာသည် ထိုနဗီမြတ်၏ အေဘာဒတ် ပြုမူခြင်းများအပေါ်တွင် လွန်စွာပင် မနာလို ဝန်တိုမှုများ ပွားများလာခဲ့ပြီး အရှင်မြတ်ထံ လျှောက်တင်ခဲ့လေသည်။ (အိုင်ယူးဘ်နဗီသည် စည်းစိမ်ရတနာ ပြည့်စုံကုံလုံ ကြွယ်ဝခြင်းကြောင့်သာလျှင် ဤသို့သော “ခဝပ်မှု အေဘာဒတ်များကို မပြတ်ပြုနိုင်သည် ဖြစ်ပါကြောင်း၊ အကယ်၍ ထိုနဗီ၏ထံတွင် ဆင်းရဲ-

ဒုက္ခများ ဆိုက်ရောက်လာခဲ့ပါသော် အရှင်မြတ်၏ အေဘာဒတ်အား လုံးဝပြုလုပ်တော့မည် မဟုတ်ပါကြောင်း)ကို လျှောက်တင်ခဲ့လေသည်။

အရှင်မြတ်က ရှိုင်တွာန်မိစ္ဆာအား (နဗီသူတော်စင်များအပေါ်တွင် အပြစ်မရှာရန်နှင့် နဗီ-ရစူလ် သူတော်စင်များသည် ပစ္စည်းဥစ္စာ မကြွယ်ဝသော်ငြားလည်း သူတော်ကောင်းတို့၏ ကျင့်ဝတ်-အေဘာဒတ်အား မည်သို့သောအခါမှ ရုတ်လျှင်ကြမည် မဟုတ်ကြောင်း ထိုနဗီများအပေါ်တွင် လူသာမန်တို့ သည်းခံခြင်းငှာ မစွမ်းနိုင်သော ကြီးမားသည့် ဘေးဒုက္ခများ ကျရောက်လာခဲ့ပါလျှင်လည်း ထိုသူတော်ကောင်းတို့မှာ ဆွဗရ်တရားထားရှိလျက် ငါအရှင်မြတ်အား သတိရတသပြီး အေဘာဒတ်-ခဝပ်မှုတို့မှလည်း ရုတ်လျှင်ကြမည် မဟုတ်ကြောင်း)ကို မိန့်တော်မူခဲ့လေသော် မိစ္ဆာရှိုင်တွာန်သည် ဝေးရာသို့ ထွက်ပြေးခဲ့လေသည်။

တစ်နေ့သောအခါတွင်မူ အိုင်ယူးဘ်နဗီကိုယ်တိုင်ကပင် အရှင်မြတ်၏ ထံတော်ပါးတွင် ဆုပန်တော်မူခဲ့လေသည်။

“အရှင်မြတ်၏ ဗျာဒိတ်တော် (မည်သူမဆို ဒွန္နယာလောကၦ် တွေ့ကြုံရသော ဘေးဒုက္ခ ဆင်းရဲမှုအပေါင်းအား ဆွဗရ်-သည်းခံမျှိုသိပ်လျက် အေဘာဒတ်တရားတို့မှ မပျက်ပြားခဲ့ပါသော် နောင်အာခေရသ် တမလွန်လောကၦ် (ရဟ်မသ်) ချမ်းသာမှုများကို အခြားသူများထက်ပင် သာပို ရရှိစံစားစေတော်မူမည်ဖြစ်၏) ဟူသော အမိန့်တော်မြတ်အား သိရှိနာခံရပါသောကြောင့် ဆင်းရဲပင်ပန်းကြီးစွာ ထား၍ ကျင့်ကြံကာ ရအပ်သည့် (ဒရ်ဂျာ) (ဖဇီလသ်) ထိုစည်းစိမ်တော်မြတ်အား ရယူခံစားလိုပါသောကြောင့် ဤဒွန္နယာတွင် ဒုက္ခ ဆင်းရဲခြင်း ဘေးဘယာ အမျိုးမျိုးတို့အား ကျွန်တော်မျိုး၏အပေါ်တွင် တွေ့ကြုံဆုံစည်းစေတော်မူပါ။ ထိုဒုက္ခများကို ကြိုးစားသည်းခံပြီး အေဘာဒတ်များပြုပါရစေ”ဟု လျှောက်ထားတော်မူလေသည်။

အရှင်မြတ်က ထိုနဗီ၏ ဒိုအာကို လက်ခံတော်မူလေရာ တမဟုတ်ခြင်းပင် နဗီ၏ စည်းစိမ်ဥစ္စာများ ပျက်စီးခြင်းသို့ ရောက်ရှိခဲ့ပြီး နဗီ၏ ခန္ဓာကိုယ်မှာလည်း နာကြင်ဖောယောင် ကွဲအက်၍ အနာကြီးရောဂါများ ထွက်ပေါ်လာခဲ့လေတော့၏။ နဗီသခင်သည်လည်း ကြုံတွေ့ရသော ဆင်းရဲဒုက္ခများကို ဆွဗရ်ပြုသည်းခံ မြိုသိပ်လျက် ယခင်ကထက် ပိုမိုစွာပင် အရှင်မြတ်၏ ကျင့်ဝတ် အေဘာဒတ်များကို ဆောက်တည်သမှု ပြုခဲ့ရှာလေသည်။

အချိန်ကြာမြင့်လာသောအခါ နဗီ၏ ခန္ဓာကိုယ်မှ အနာကြီးများမှ ကွဲအက်၍ ပိုးမွှားများပင် ထွက်ကျလာကြလေကုန်၏။ ထိုနဗီတွင် ဇနီးမယား ကြင်ယာတော်(၄)ပါးရှိခဲ့သော်လည်း ဘီဘီရဟီမာ သခင်မမှလွဲ၍ ကျန်ဇနီး(၃)ဦးမှာ (ဥစ္စာတစ်စိ၊ မရှိပါသော် လင် "မတော်ဘူး) ဆိုဘိ-သကဲ့သို့ ချစ်ကြိုးကို စောစီးစွာ ဖြတ်တောက် ချစ်ဇာတ်ကို သိမ်းသွားခဲ့ကြလေသည်။ နဗီ၏ ထံပါးမှ စွန့်ခွာတိမ်းရှောင်၍ သွားကြလေကုန်၏။

ထို့ပြင်တဝ ပတ်ဝန်းကျင် အိမ်နားနီး မိတ်ဆွေအတုအယောင်များတို့ကလည်း နဗီသခင်၏ ဥစ္စာဓန မွဲပြာကျ၍ လူလုံးမလှသော ဝေဒနာဆိုးကြီးများကြောင့် {ဤအရပ်တွင် မနေထိုင်ကြနှင့်တော့}ဟူ၍ပင် စိမ်းကားစွာ မထောက်မညှာ ပြောဆိုခဲ့ကြလေသည်။ ထိုအခါ ရဟီမာ သခင်မ ခမျာမှာ မိန်းမသားပီပီ နေရာတိုင်းမှာ မကြံစည်နိုင်ရှာသဖြင့် စိတ်အားငယ်စွာ ငိုကြွေးလျက် နေရရှာလေသည်။

ထိုစဉ် နဗီသခင်ကို ကြည်ညိုရင်းစွဲရှိသောလူ(၂)ယောက်မှာ ရောက်ရှိလာခဲ့ပြီး နဗီသခင်ကို ထမ်းစင်နှင့် ထမ်းပိုးပြီးလျှင် မြို့နှင့် ဝေးရာတောမြိုင်သာသို့ ပို့ဆောင်ပေးခဲ့ကြလေသည်။ ထိုသို့ဖြင့် ဇနီးမောင်နှံ(၂)ပါးတို့မှာ လူသူနှင့် မနီးသော တောကြီးအတွင်း၌ ရောက်ရှိ နေထိုင်ခဲ့ကြရရှာလေသည်။

ဤကဲ့သို့ တောအရပ်တွင် ရောက်ရှိရသော်ငြားလည်း ပရိယေသန ဝမ်းစာရေးအတွက် ဇနီးကောင်းဇနီးမြတ် ဘီဘီရဟီမာ သခင်မသည် မြို့သို့တက်ကာ စျေးဆိုင် ကန္နား သွားလာလှည့်ပတ်ပြီး အရပ်ရပ်၌ ကူလိုလုပ်ငန်းအား အခစား လုပ်ကိုင်ခဲ့ရရှာလေသည်။ ထိုကူလီခမျာရရှိသည့် ငွေကြေးဖြင့် အစားအစာတို့ကို ဝယ်ယူရရှာပြီး လင်ခင်ပွန်းရှိရာ တောအရပ်သို့ ပြန်လာကာ ရေပူရေချမ်းများ ကမ်းလှမ်း၍ (ခစ်ဒ်မသ်) ကျွေးမွေးပြုစုခဲ့ရှာလေသည်။

ဘီဘီရဟီမာ သခင်မသည်ကား ဇနီးကောင်း ဇနီးမြတ်တို့၏ အဂ်ါရုပ်တို့နှင့်အညီ မိမိ၏ ခင်ပွန်းဖြစ်သူအား ကျိုးကန်းနှုရွဲ၍ နေပါစေ ချစ်ခြင်းမေတ္တာခိုင်မြဲစွာဖြင့် လုပ်ကျွေးသမှု ပြုစုခဲ့ရှာလေသည်။ ရိုသေလေးစား မြတ်နိုးစွာဖြင့် ခင်ပွန်းလင်၏ အပေါ်မှာ အနစ်နာခံခဲ့ရှာလေသည်။

ထို့အတွက်ကြောင့်ပင် ဘီဘီရဟီမာသခင်မကြီးအား သစ္စာရှင် ဇနီးကောင်း၊ ဇနီးမြတ် အဖြစ် အစွဲလာမှဲ့ရာဇဝင်တွင် စာတင်ထားခြင်းကို ခံခဲ့ရပြီး ဂန္ဓဝင်မြောက်သည့် မွန်မြတ်သော ဇနီးကောင်း တစ်ယောက်ဖြစ်ခဲ့ရလေသည် မဟုတ်ပါလော။

ယနေ့မျက်မှောက်ခေတ်ရှိ ဇနီးမယားတိုင်း “စံ”ထား၍ အတုယူထိုက်သည့် ထိုသစ္စာရှင်သခင်မကြီး၏ လင်ခင်ပွန်း၏အပေါ်တွင် အနစ်နာခံ၍ ပြုစုခဲ့မှုများကို “စံ”ပြု အတုယူဖွယ်ရာအဖြစ် ရေးသား တင်ပြပါရစေ။

သူတော်ကောင်းဇနီးမောင်နှံ(၂)ပါးတို့မှာ ကြီးမားလှစွာသော ဆင်းရဲဒုက္ခတို့အား (၇)နှစ်-တိုင်တိုင် တွေ့ကြုံခံစားရပြီးသည့်နောက် တစ်နေ့သောအခါတွင် ရဟီမာသခင်မသည် လင်ခင်ပွန်းအား တောအရပ်မှာ ထားရစ်ခဲ့ပြီး နေ့စဉ်ဆောင်ရွက်မြဲအတိုင်း ဝမ်းစာရေးအတွက် ရွာရိုး-ကိုးပေါက် အိမ်စဉ်လျှောက်၍ ဆန်ဖွပ်မောင်းထောင်း ခေါင်းရွက်၊ ရေခပ် အစရှိသော ကူလီအလုပ်ကို လုပ်ကိုင်ရန်အတွက် ငှားမည့်သူအား လိုက်လံရှာဖွေလေရာ တစ်ဦးတစ်ယောက်မျှပင် မပေါ်လာ မတွေ့ခဲ့ရပေ။ နေဝင်ချိန်ကျလုနီးသော် အပြန်ခရီးအတွက် ဒုက္ခိတ ခင်ပွန်းလင်သုံးဆောင်ရန် အစားအစာများ ဝယ်ချမ်းစရာမှာ အသပြာငွေမရှိ လက်မဲ့အတိ ဖြစ်ခဲ့ရလေသည်။

ဘီဘီရဟီမာသခင်မမှာ မိမိ၏ပြန်အလာကို မျှော်လင့်ချက် မျက်နှာပေးဖြင့် စောင့်မျှော်နေရှာလေမည့် ခင်ပွန်းလင်နဗီသခင်၏ မျက်နှာတော်အား အတွေးတွင် မြင်ယောင်မိရင်း သနား-ကြင်နာ ကရုဏာသက်ခြင်းများက ရင်တွင်းမှ ပြည့်နှက်စွာ ဖြစ်ထွန်းလာခဲ့ရလေသည်။

ထို့အတွက်ကြောင့် မိမိ၏အရှက်တရားကိုပင် မငဲ့ကွက်နိုင်ရှာတော့ဘဲ အိမ်ကြီး တစ်အိမ်၏ ရှေ့တွင် ရပ်ပြီး ပြုံးချိုသည့် မျက်နှာငယ်လေးကို ဖန်တီးကာ အလွန်ချိုသာစွာဖြင့် “အို-အိမ်ကြီးရှင်မ မနက်ဖန် အသင်မ၏အိမ်မှ အလိုရှိရာကို ကျွန်တော်မအား စေခိုင်းပါ။ ယခုမှာမူ ကျွန်တော်မ၏ ခင်ပွန်းလင် ဒုက္ခသည် စားသုံးနိုင်ရန်အတွက် အစားအစာများ ဝယ်ယူနိုင်ဖို့ အသပြာ ပဲ့ဝက်အား ကြိုတင်၍ ပေးကမ်းတော်မူပါဟု” အသနားခံ တောင်းပန်ခဲ့ရှာလေသည်။

သို့ရာတွင် အိမ်ကြီးရှင်မက (ငင်း၏ထံ၌ အစေခံများစွာ ရှိပါသောကြောင့် ခိုင်းစေ စရာအလုပ်မရှိကြောင်း၊ ပဲ့ဝက်အသပြာအား အလိုရှိပါလျှင် အလကား သက်သက်မှာ မရနိုင်ကြောင်း သင်မ၏ ပိတုန်းတောင်ကဲ့သို့ မဲနက်အရောင်သုံးတောင်ထွာရှိသည့် ဆံကေသာကိုသာ ဖြတ်၍ ရောင်းချခဲ့ပါ)ဟု ရေနစ်သူ ဝါးကူ၍ ထိုးသလို အကြပ်ကိုင်ခဲ့လေသည်။

ရဟီမာ သခင်မသည်လည်း သနားဖွယ်ရာ အားငယ်စွာဖြင့် “အို-အိမ်ကြီးရှင်မ ကျွန်တော်မျိုးမ၏ စကားကို သနားသဖြင့် ပြီးဆုံးအောင် နားဆင်တော်မူပါရန် တောင်းပန် အပ်ပါသည်။ ကျွန်တော်မ၏ ခင်ပွန်းလင်မှာ ကြီးမားသည့် ရောဂါဝေဒနာများကို ခံစားနေရသူ

ဖြစ်ပါသည်။ ထိုဝေဒနာဆိုးကြီးကြောင့် မည်သည့် ဆွေမျိုးကမှ အကပ်မခံကြတော့သဖြင့် တောအရပ်တစ်နေရာတွင် နေထိုင်ခဲ့ကြရပါသည်။ ထိုခင်ပွန်းကို ကျွန်တော်မကသာလျှင် မပစ်ရက် မခွာရက်ဖြင့် လုပ်ကျွေးသမှု ပြုစုနေခဲ့ရပါသည်။ လင်ခင်ပွန်းသည် ကိုက်ခဲ ထိုးဆွ နာကြင် ပြင်းပြလှပါသော ဝေဒနာဆိုးကြီး များကြောင့် အိပ်ရာမှထရာတွင် ဖေးကူသူလူမရှိဘဲ မထနိုင်ရှာပါ။ ထို့ပြင် နမာဇ်ဝတ်ပြုရန်နှင့် အခင်းကြီး အခင်းငယ် ကိစ္စများအတွက် ထ,ရာထိုင်ရာ တွင်လည်း မချိမဆန့်နှင့် အသက်ထွက်လုမတတ် ဝေဒနာများကို ခံစားရရှာပါသည်။ ထိုကဲ့သို့ အိပ်ယာမှ ထသောအခါတွင် ကျွန်တော်မ၏ ဤဆံပင်များကိုသာ အားပြု၍ ဆွဲကာ အားခဲပြီး ထရရှာပါသည်။ သို့အတွက်ကြောင့် အို-အိမ်ကြီးရှင်မ ကျွန်တော်မ၏ ဆံပင်များကို ဖြတ်ရောင်း ရမည့် အရေးအား ချမ်းသာခွင့်ပေးတော်မူပါ”ဟု တင်ပြ တောင်းပန်ခဲ့ရှာလေ၏။

အိမ်ကြီးရှင်မကလည်း သူမဘက်မှ တစ်စက်ကလေးမှ မလျော့ဘဲ (ဆံပင် မပေးလိုလျှင် ဖြင့် ငါ၏ အသပြာပဲဝက်မျှကိုလည်း မပေးနိုင်ပါ)ဟု ပြတ်သားစွာပင် ငြင်းဆိုလေ၏။ သခင်မ ခမျာမှာ မိမိ၏ဆံပင်ကို နှမြောသည်ထက် ပြင်းပြသည့် ဝေဒနာဆိုးကြီးများ ခံစားလျက် ဆာလောင်မွတ်သိပ်စွာဖြင့် ဇနီးဖြစ်သူ၏ ပြန်အလာအား မျှော်တလင့်လင့်နှင့် စောင့်မျှော် နေရှာလေမည့် မိမိ၏ခင်ပွန်းလင်အား လွန်စွာပင် သနားကရုဏာ သက်မိပါသောကြောင့် မျက်စိ ကို စုံမှိတ်ကာ (ဖြတ်ယူပါတော့)ဟု အိမ်ကြီးရှင်မ၏ ရှေ့မှောက်တွင် မိမိ၏ဆံပင်များကို အပ်နှံခဲ့ ရှာလေသည်။

ရှိုင်တွာန်မရ်နာတ်သည် ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ ချက်ခြင်းပင် သူတော်စင် ယောင်ဆောင်ပြီး အိုင်ယူးဘ်နဗီကြီးထံ သွားရောက်၍ ဂုံးတိုက်ခဲ့လေသည်။

“အို-နဗီသခင် သင်၏ဇနီးသည် နေ့စဉ် မြို့တွင်းသို့သွား ရောက်ပြီး (ဟလာလ်) ရိုဇီ-တရားသော ရှာဖွေမှုဖြင့် ကျွေးမွေးပြုစု နေခြင်းမဟုတ်။ (ဟရာမ်) မတရားသော ရှာဖွေမှုနှင့် သင့်အား ရှာဖွေကျွေးမွေး၍ နေခဲ့သည်မှာ ကြာမြင့်ခဲ့လေပြီ။ ယနေ့သော်ကား သင်၏ ဇနီးမှာ သူတစ်ပါး၏ ပစ္စည်းကို ခိုးယူလေရာ ဖမ်းမိသောကြောင့် ပစ္စည်းရှင် မိန်းမက ဖမ်းဆီးရိုက်နှက်ပြီး ဦးခေါင်းမှ ဆံပင်တို့အား ဖြတ်ယူ၍ ထားလိုက်လေပြီ”ဟု သစ္စာရှင် သူတော်စင်သခင်မအား ပြစ်မှားပြောဆို ဂုံးတိုက်လေတော့၏။

ထိုအခါတွင် လူသားစင်စစ်ဖြစ်တော်မူလေသော အိုင်ယူးဘ် နဗီသခင်မှာ ရုတ်တရက်-သော် အတွေးချော်လျက် သခင်မ၏ အပေါ်တွင် ယုံမှားသံသယ ဝင်မိပြီးလျှင် အရှင်မြတ်၏ ထံတော်ပါးသို့ လက်မြှောက်၍ ဒိုအာဆုအား ပန်ကြားလေ၏။

“အို-အရှင်၊ ကျွန်တော်မျိုးသည် ဆင်းရဲဒုက္ခများကိုသော် လည်းကောင်း၊ ပြင်းပြနာကျင်လှသည့် ဝေဒနာကြီးများကို သော်လည်းကောင်း၊ ဆွဖရ်ထား၍ သည်းခံမြဲသိပ်နိုင်ပါသည်။ သို့ရာတွင် နှစ်ရှည်လများ မတရားသော ဟရာမ်အစားအစာများကို စားသောက် နေခဲ့ရခြင်းကို မူကား အလွန်တရာပင် စက်ဆုပ်ရွံရှာလှပါပေ၏။ အို-အရှင်၊ ကျွန်တော်မျိုးအား ဤ ဒုက္ခဝေဒနာ ဆိုးကြီးမှ တဖန် ချက်ခြင်း ပျောက်ကင်းချမ်းသာပေးသနားတော်မူပါ။ အကယ်၍သာ ကျွန်တော်မျိုးမှာ နေကောင်း၍ ကျန်းမာလာခဲ့ပါက ထိုဇနီးအား ရိုက်ဒဏ်(၁၀၀) ပေးပါမည်ဟု ကျိန်ဆိုခဲ့မိလေသည်။

နဗီ၏ ဒိုအာကို အရှင်မြတ်က လက်ခံတော်မူပြီးလျှင် ဂျစ်ဗရာအီလ် ဖရစ်ရှ်တာကြီးအား နဗီထံစေလွှတ်တော်မူခဲ့လေသည်။ ဖရစ်ရှ်တာကြီးက - “အို–နဗီ၊ သင်၏ ဝေဒနာများအတွက် အရှင်မြတ်၏ ရဟမတ်တော်ဖြင့် ချမ်းသာသုခ ရစေလိုသော် မြေပြင်တွင် ခြေတင်၍ ဆောင့်-လိုက်ပါ။ ထိုနေရာမှ ကြာမျိုး(၅)ပါးနှင့် ပြည့်စုံသော ရေကန်တော် တစ်ခု ပေါ်ထွန်းလာပေလိမ့်မည်။ ထိုရေကန်တွင်း၌ သက်ဆင်းချိုး သောက်၍ ခန္ဓာကိုယ်အား သုံးသပ်ခြင်းဖြင့် ဝေဒနာများမှာ ကင်းစင် ပပျောက်လျက် ရုပ်ရည်ရှုပါအဆင်းတို့မှာ လှပတင့်တယ်ခြင်းသို့ ဆိုက်ရောက်ရပေအံ့” ဟု အရှင်မြတ်၏ အမိန့်တော်အား ပြန်ကြား လျှောက်ထားလေသော် နဗီသခင်သည်လည်း မိန့်မှာ လျှောက်ထား ချက်များအတိုင်း ပြုလုပ်တော်မူခဲ့လေသည်။

ထိုသို့ဖြင့် နဗီသခင်မှာ (၇)နှစ်တာပါတ်လုံး ယူကြုံးမရ လူလုံး မလှစွာ ခံစားနေရရှာလေသော ဆင်းရဲဒုက္ခ ဝေဒနာဆိုးကြီးမှ တမဟုတ်ချင်းပင် လျောကျသက်ကြွေ ပျောက်ကင်းချမ်းသာ ရရှိခဲ့လေ၏။ အိုင်ယူးဘ်နဗီသခင်သည် အံ့သြဖွယ်ရာ ရေကန်သာနှင့် ဖရစ်ရှ်တာကြီး ပေးဆပ်ခဲ့သည့် ဂျန္ထသ်မှ ဝတ်စားတန်ဆာများကို ဝတ်ဆင်တော်မူပြီးလျှင် ဝမ်းမြောက်ရွှင်လန်းစွာဖြင့် အရှင်မြတ်အတွက် (ရွှတ်ကရီယာနမာဇ်(၂) ရကအသ်) ကို ဝတ်ပြုတော်မူခဲ့ လေသည်။

ထိုအချိန်တွင် ဘီဘီရဟီမာသခင်မ၏ ဖြစ်အင်ကို သုံးသပ်၍ ကြည့်ပါလျှင် မိမိ၏ ဒုက္ခိတ-ခင်ပွန်းလင်အတွက် ရရာအသပြာနှင့် ဆံပင်အား ဖြတ်ရောင်းပြီး စားဖွယ်ရာအချို့ကို ဝယ်ယူ၍

ခင်ပွန်းလင် ရှိရာ တောထဲသို့ ပြန်လာခဲ့ရာလေသည်။ သို့ရာတွင် သခင်မသည် မိမိထားရစ်ခဲ့သော နေရာတွင် မိမိ၏ လင်သူတော်စင်ကို မတွေ့ မမြင်ရတော့ပေ။

ထို့အတွက်သခင်မခမျာမှာ ရင်မှာပူလောင်မြောက်တောင် အရှေ့အနောက် အခေါက်-ခေါက် အခါခါ ဟစ်ကြွေးကြော်ပြီး ရှာဖွေ မြည်တမ်း ငိုကြွေးရှာလေတော့၏။ သားရဲတိရိစ္ဆာန်များက ကိုက်ဖြတ်စားသောက်၍ပင် သွားလေပြီလား ဟု စဉ်စားတွေးထင်ပြီး ရင်တွင်း၌ အပူသောက ဗျာပါဒမီးတို့ လောင်ကျွမ်းတိုးစွက် လာခဲ့ရလေသည်။ လင်ခင်ပွန်းအား တကြော်ကြော် ဟစ်ခေါ် ငိုကြွေးမည်တမ်းလျက် လူးလာခေါက်ပြန် ရှာဖွေလေသည့် ခရီးစခန်း၊ သွားလမ်း၊ လာလမ်းတို့ကို စခန်းဖွဲ့၍ တွက်စစ်လိုက်ပါသော်(ငါးယူဇနာ) ခန့်မျှလောက်ပင် ရှိပါသောကြောင့် သခင်မကြီး ခမျာမှာ မချိုပူးနှိုင်ခွေယိုင်၍သာ လဲလေ ရှာတော့၏။

သခင်မကြီး၏ အခြေအနေ အဖြစ်အပျက် အလုံးစုံတို့အား အိုင်ယူးဘ်နဗီသခင်မှာ မျက်ဝါးထင်ထင် တွေ့မြင်နေရလေသည်။ တွေ့ဆုံရန် သင့်လေသောအခါကျမှ နဗီသခင်သည် သခင်မ မိန်းမောရာသို့ ရောက်ရှိလာခဲ့ပြီးလျှင် - "အို-အမျိုးသမီး၊ သင်မ၏ ဒုက္ခ ကြီးမားလှယောင် ပါတကား ဖြစ်သမျှ အကြောင်းအား ပြန်ပြောင်း၍ ပြောပြပါလေ။ ကျွန်ုပ်ကူညီပါမည်" ဟု မိန့်ကြားလေသော် ကိုယ်ယောင်ကိုယ်ဝါတောက်ပစွာဖြင့် အသွေးပြောင်း၍ တမူထူးခြား လှပတင့်တယ်လျက်ရှိသည့် နဗီသခင်အား သခင်မခမျာမှာ မိမိ၏ပျောက်ဆုံးနေသော ဝေဒနာရှင် ယောကျ်ားဖြစ်ကြောင်းကို မတွေးထင်မမှတ်မိနိုင်ရှာခဲ့ပေ။ ကူညီမည့်သူဟုပင် ထင်မှတ်ပြီး လဲနေရာမှ ထရှာလျက် အားကိုးအားထားစွာဖြင့် တိုင်တည်ပြောပြရှာလေ၏။

"ကျွန်တော်မ၏ ဖြစ်အင်ကို နားဆင်တော်မူပါ၊ နုနယ်ပျိုမြစ် ငယ်စဉ်ကပင် စွဲစွဲမြဲမြဲ ချစ်ခဲ့ရပါသော ကျွန်တော်မ၏ လင်ခင်ပွန်းသည် မျက်မြင်ဆိုးဝါး လွန်ကြီးမားလှသည့် ရောဝါဝေဒနာ ဆိုးကြီး စွဲကပ်သောကြောင့် ဤတောအရပ်မှာ ရွှေ့ပြောင်းနေထိုင်ခဲ့ပါသည်။ ကျွန်တော်မသည် ခင်ပွန်းလင် ဒုက္ခသည်အား သခင်တစ်ခု လင်တစ်ခုပြု၍ သစ္စာရှိစွာဖြင့် လုပ်ကျွေးပြုစုခဲ့သည်မှာ (၇)နှစ်ရာသီ ကြာရှိခဲ့ပါပြီ။ ကျွန်တော်မသည် အဘယ်မျှတိုင် နှစ်ကာလကြာရှည်စွာ ပြုစုခဲ့ရပါသော်လည်း ခင်ပွန်းလင်အပေါ် မေတ္တာမပျက် ချစ်သဒ္ဓါဖက်လျက် ယုယကြည်ဖြူစွာပင် ကူညီ-သမှု ပြုစုခဲ့ပါသည်။ နေ့စဉ် နေ့တိုင်း ဆန်ဖွပ်၊ မောင်းထောင်း၊ ထင်းပေါက်၊ ရေခပ် အစရှိသည့် ကူလီအလုပ်များကို နေ့စဉ်ပြုလုပ်၍ ဒုက္ခိတ ဝေဒနာရှင် ခင်ပွန်းလင်အား ပြုစု၍ နေခဲ့ပါသည်။ ယနေ့မှာမူကား အစားအသောက်ရှာဖွေရာမှ ပြန်ရောက်လာသောခါတွင် တောခွင်မြိုင်ကြား

ဤနေရာ၌ ထားရစ်ခဲ့သည့် ဝေဒနာရှင် ခင်ပွန်းလင်အား အရိပ်အငွေ့မျှပင် မတွေ့မမြင်ရလေသောကြောင့် တောတိရိစ္ဆာန် ကျားရဲများက ကျွန်တော်မ၏ ခင်ပွန်းလင်အား ကိုက်ချီ၍များသွားလေပြီလားဟုပင် စိတ်ဘဝင် နှလုံး၌ ယူကျုံးမရ အပူလုံးကြီးခဓိရပါသည်”ဟု သခင်မက သနားဖွယ်ရာ အားငယ်စွာဖြင့် ပြောပြခဲ့ရှာလေသည်။

နဗီသခင်မှာ ဇနီးဖြစ်သူ၏ ဖြစ်အင်လျှောက်တင်ချက်များကို ကြားနာ သိမြင်ရလေသော အခါတွင် ရင်ထုမနာ သနားကြင်နာ ကရုဏာသက်လှစွာဖြင့် (သြော်-ဤ သူတော်ကောင်းမသည်ကား ငါ့အား အသက်မက ချစ်မြတ်နိုးလှပါချေတကား)ဟု စဉ်းစားတွေးမြင်မိပြီးသော် မိမိအား မမှတ်မိနိုင်ရှာသည့် ဇနီးမယားအား-“အသင်မ၏ ခင်ပွန်းလင်မှာ အဘယ်အမည်နာမရှိ၍ ရုပ်ဆင်းသဏ္ဌာန်မှာ မည်သို့ပါနည်း။ ဤဒုက္ခိတ ရောဂါသည်ကို နေကုန်အောင်ပစ်ထားခဲ့ပြီး ယခုလို အချိန်လင့်ကာမှ အသင်မ ပြန်ရောက်လာခဲ့သည်မှာ မည်သို့သော အကြောင်းကြောင့် ဖြစ်ပါ သနည်း”ဟု စိတ်အလိုစမ်း၍ သိလိုသည်များကို မေးမြန်းခဲ့လေသည်။

သစ္စာရှင်သခင်မကြီးက စိတ်နေသဘောထား ဖြူစင်ရိုးသားစွာဖြင့်-

“ကျွန်တော်မ၏ သခင် ခင်ပွန်းလင်ယောကျ်ား၏ ရုပ်ရည် အဆင်းသည်ကား ကျန်းမာစဉ် အခါက ဆိုပါလျှင် အသင်နှင့်ဆင်တူ လှပေသည်။ ဘွဲ့တော်အမည်နာမမှာ အိုင်ယူးဘ် (အလိုင်-ဟစ္စလာမ်)ဟု ထင်ပေါ်ခေါ်တွင်ခဲ့ပါသည်။ ယခင်နေ့များကဲ့သို့မဟုတ်ဘဲ ယနေ့ ကျွန်တော်မ မိုးချုပ်နေဝင်ခဲ့ရသည်မှာ အခြားကြောင့်မဟုတ်။ တစ်နေကုန်တစ်နေခန်း ကူလီ အလုပ်ကို ရှာဖွေခဲ့ရာ မရခဲ့ပါသောကြောင့် ဦးခေါင်းမှ ဆံပင်ကိုရတတ်သမျှနှင့် ရောင်းချပြီး လင်အတွက် စားစရာ ဤအဟာရတို့အား ဝယ်ယူခဲ့ရပါသည်။ ထို့အတွက် ကြန့်ကြာနှောင့်နှေး၍ မိုးချုပ်နေဝင်သော အချိန်ကာလ ဖြစ်ရှိခဲ့ရပါသည်” ဟု ပြန်လည်ပြောပြအစီရင်ခံ ခဲ့ရှာလေသည်။

အကြောင်းရင်း အမှန်အဖြစ်စုံတို့အား ကြားနာရလေပြီးသော် နဗီသခင်မှာ မိမိ၏သစ္စာရှင် ဇနီးကောင်းဇနီးမြတ်၏ အပေါ်တွင် ကြင်နာမြတ်နိုးမှုများ ဆတက်ထမ်းပိုးတိုးလာပြီးလျှင် ဝမ်းမြောက်ဝမ်းသာစွာ မိန့်မြွက်တော်မူခဲ့လေသည်။

“အို-သူတော်စင်မ ကျွန်ုပ်သည်ကား ကြီးမားလှစွာသော ရောဂါဝေဒနာဆိုးကြီးအား အသက်မထွက်ရုံတမယ် မချိမဆန့်ခံစား နေခဲ့ရပါလေသော အသင်မ၏ လင်ခင်ပွန်း အိုင်ယူးဘ်

နဗီသခင်ပင် ဖြစ်ပါလေ၏။ သေချာစေ့စပ်စွာ ရှုကြည့်စမ်းပါလေ” သခင်မ သည်လည်း သေချာစွာ ကြည့်ရှုပြီး မှတ်မိသိရှိသွားလေတော့၏။

သခင်မမှာ အတိုင်းမသိဝမ်းမြောက်ဝမ်းသာစွာဖြင့် ခင်ပွန်းလင် နဗီသခင်ကို ထွေးဖက်ပြီး လျှင် ဖြစ်ကြောင်းကုန်စင်အားရှင်းပြတော်မူပါရန် ပန်ကြားခဲ့ရှာလေသည်။ နဗီသခင်ကလည်း အစမှ အဆုံးတိုင် ပြန်လည်ပြောပြတော်မူခဲ့ပြီး၊ သူတော်ကောင်း ဇနီးမောင်နှံ(၂)ပါးသည် အရှင်မြတ်အပေါ် ကျေးဇူးတော်များတင်ရှိကြလျက် (ရွှတ်ကရိယာနမာဇ်) ကို ဝတ်ပြုတော်မူခဲ့ကြလေသည်။ ထို့နောက် မိမိတို့၏ နေရင်းဌာနေဆီသို့ ပြန်သွားခဲ့ကြလေသည်။

နေရပ်ဌာနေသို့ ရောက်ကြလေသောအခါ အံ့သြဖွယ်ရာ တွေ့ကြုံကြရသည်မှာ အရှင်မြတ်က (၇)နှစ်တာအချိန်ကာလအတွင်း၌ ပျက်စီးယိုယွင်းခဲ့ရသော နဗီသခင်၏ စီးပွား ဥစ္စာ၊ ရတနာ၊ ခြွေရံသင်းပင်၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားနှင့်တကွ သားသမီးရတနာများတို့ကိုပါ အကောင်းပကတိပြန်လည်၍ ဖြစ်ရှိစေတော်မူပြီး ပြန်လည် ချီးမြှင့်ပေးသနားတော်မူခြင်းကို ခံယူခဲ့ကြရလေသည်။

ထိုကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ဖွယ်ရာများကြားမှ နဗီသခင်၏ နှလုံးသား၌ အပူလုံး ခ၍ ယူကြုံးမရ ဖြစ်ရလေသောအကြောင်း တစ်ရပ်မှာ ရှိုင်တွာန်၏ ဂုံးတိုက်စွပ်စွဲမှုအပေါ်တွင် ဇနီးမယားကို ယုံမှားသံသယဖြစ်မိပြီး ရိုက်ဒဏ်(၁၀၀)ပေးမည်ဖြစ်ကြောင်း အရှင့်ထံတော်ပါးတွင် ကျိန်ဆိုခဲ့မိခြင်းပင် ဖြစ်လေသည်။

ထိုကျိန်ဆိုမှုအတွက်ကြောင့် နဗီမှာ နောင်တ,သံဝေဂတရား တို့ဖြင့် ဆောင်ရွက် ပြုလုပ် ရန် အရေးကို သောကများနေတော်မူစဉ်မှာပင် အရှင်မြတ်အထံတော်မှ ဖရစ်ရှ်သာတစ်ပါးသည် သက်ဆင်း ရောက်ရှိလာခဲ့ပြီး အရှင်မြတ်၏ အမိန့်တော်အား ပြန်ကြားလျှောက်တင် တော်မူခဲ့ လေသည်။

နဗီသခင်၏ ကြင်ယာတော် ရဟီမာသခင်မသည် အကျင့်သီလဖြူစင်၍ လင်ယောကျ်ား ကို ရိုသေစွာလုပ်ကျွေးပြုစုခဲ့သော ပြိုင်စံရှားသည့် ဇနီးမယားဖြစ်ပေသည်။ နဗီသခင်၌ ရှေးယခင က ရောဂါကြီမား စီးပွားအချည်းအနှီးဖြစ်ခဲ့စဉ် အချိန်ကာလက အခြားသော ဇနီးမယား(၃) ယောက်က စွန့်ပစ်ကာ ထားသွားခဲ့ကြသော်ငြားလည်း ဤသခင်မသည် ခင်ပွန်းလင် ဒုက္ခိတ-ရောဂါသည်အား မပစ်ခွာ မစွန့်ရက်နိုင်ရှာဘဲ သစ္စာရှိစွာဖြင့် နေ့ရက်များစွာ ဝိုကြွေးကာ

ရေပူရေချမ်းများ ကမ်းလှမ်းပြုစု ယုယမြတ်လေး အခစားကူလီ ဘဝဖြင့် လုပ်ကိုင်ကျွေးမွေးခဲ့ရှာလေသော မိန်းမမြတ်ဖြစ်ပေသည်။ ထိုကဲ့သို့သော သစ္စာရှင် သူတော်စင်မကို မရိုက်ထိုက်သဖြင့် မရိုက်ပါလေနှင့်။ ကျိန်ဆိုမိသည့် ကတိစကားကိုလည်း မပျက်ယွင်းရလေအောင် ဂျုံအပင်(၁၀၀)စီးထားသော ဂျုံပင်(၁၀၀)စီးအလှိုင်းတစ်ခုနှင့်သာ နဗီ၏လက်တော်နှင့် ဖြေညှင်းစွာ တစ်ချက်မျှသာ ရိုက်စေတော်မူပါရန် အလျှောဟ်အရှင်မြတ် အမိန့်တော်ရှိကြောင်း” လျှောက်တင်ခဲ့လေသည်။

နဗီသခင်သည် အမိန့်တော်အတိုင်း ပြုလုပ်ဆောင်ရွက်တော်မူခဲ့လေရာ ကျိန်ဆိုထားမှုသည် ပြေငြိမ်းသွားလေတော့၏။

အိုး-အီမာန်ရှင်အမျိုးသမီးအပေါင်းတို့ အစ္စလာမ့်ရာဇဝင်တွင် “စံ” တင်ထားခြင်းခံခဲ့ရသော ဂန္ဓဝင်မြောက်သစ္စာရှင် ဇနီးကောင်း ဇနီးမြတ်ဖြစ်သည့် ဘီဘီရဟီမာ သခင်မ၏ အကြောင်းကို ဖတ်ရှု လေ့လာသုံးသပ်ကာဖြင့် စဉ်းစားတွေးမြင်ကြပါလေကုန်။

အရှင့်ထံတော်ပါး ကျိန်ဆိုထားခဲ့မိသော်ငြားလည်း လင်ယောကျ်ားကို လေးစားရိုသေတန်ဘိုးထားကာ မြတ်နိုးခဲ့ရှာလေသည့် သစ္စာရှင် ဇနီးမယားအတွက် အရှင်မြတ်က ရိုက်ခွင့်ကိုပင် မပေးခဲ့ဘဲ ဤနည်းဖြင့်သာ (ကဖ္ဖာရာ) ကို ပြုစေခဲ့လေသည်။

ဤသည်မှာ မွန်ရည်ရိုးသား၍ လင်ခင်ပွန်းအား အနစ်နာခံပြုစုခဲ့သော သစ္စာရှင် ဇနီးကောင်း၊ ဇနီးမြတ်တို့အပေါ်တွင် အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုပင် ဖြစ်လေသည် မဟုတ်ပါလော။

ထိုကဲ့သို့ အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုနှင့်အတူ ဇနီးကောင်းဇနီးမြတ် အဖြစ်ကို အသင်မတို့ ရယူနိုင်ကြရန်အတွက် လိုလားပါလျှင် ယခုလည်း ရယူနိုင်ကြပေသည်။ မသေမီ ကြိုးပမ်းရန် အချိန်သည် ရှိနေပေသေး၏။

ထို့ကြောင့် ထိုအဆင့်-ဒရ်ဂျာများကို အကျိုးခံစား ရရှိနိုင်ကြစေရန်အတွက် ရရှိအသ်-တရားတော်က ပြဋ္ဌာန်းထားသော လင် ယောကျ်ားတို့၏ ဟက်-ဝတ္တရားများကို တာဝန်ကျေပွန်ကြပြီး အနစ်နာခံ၍ ပြုစုကြပါဟု အမျိုးသမီးတို့၏ အကျိုးတရားများကို မျှော်ကိုး၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **(အစ္စလာမ့်ပေါင်းချုပ်)**

ရွေးချယ်ပါ

ယခု ဤစာစဉ်မှ ဇနီးဆိုး၏ အကြောင်းကိုလည်း ဖတ်ရှုပြီးခဲ့ကြချေပြီ။ ထို့နောက် ဇနီးကောင်း ဇနီးမြတ်၏ အကြောင်းကိုလည်း ဖတ်ရှု၍ ပြီးခဲ့ကြလေပြီ။ စာဖတ်သူတို့သည် အခြားသော ရာဇဝင်သမိုင်းကြောင်းများမှ ဇနီးဆိုး၊ ဇနီးကောင်းတို့၏ အကြောင်းများကိုလည်း များစွာ ဖတ်ဖူး၊ မှတ်ဖူးကြပေလိမ့်မည်။ “သက်ကြီးစကား သက်ငယ်ကြား” ဆိုစကားကဲ့သို့လည်း ရှေးလူကြီးသူမများ၏ ဇနီးဆိုး၊ ဇနီးကောင်းတို့နှင့် ပတ်သက်ရာ အကြောင်းများကို တဆင့်စကား ဖြင့်လည်း များစွာပင် ကြာဖူးကြပေလိမ့်မည်။ မှတ်သားနာယူ ထားဖူးကြပေလိမ့်မည် ဖြစ်၏။

ထိုသမိုင်းကြောင်းများကို ပြန်လည်စဉ်းစားပြီး နှလုံးသားဖြင့် ခံစားကြည့်ကြပါလျှင် ဇနီးဆိုး၏ အဖြစ်ကို မည်သူမဆို ရွံမုန်းစက်ဆုပ်၍ အော့နှလုံးနာကြပြီးလျှင် ဇနီးကောင်း ဇနီးမြတ်အဖြစ်ကို မည်သူမဆို အားကျနှစ်သက်လိုလားကြသည်မှာ ဓမ္မတာပင် ဖြစ်ကြလေသည် မဟုတ်ပါလော။

ရာဇဝင်ထဲက ဆိုးသွမ်းသောဇနီးမယားမျိုးကို ရွံရှာမုန်းတီးကြ သကဲ့သို့ မိမိတို့၏ ဘဝ သမိုင်းကြောင်းတွင်လည်း မိမိတို့ကိုယ်တိုင်သည်ပင် ဇနီးဆိုးအဖြစ်ကို မှတ်တမ်းမတင်ဖြစ်၊ မှတ်တမ်းမဝင်ဖြစ်ကြပါစေနှင့်။ ဤဒွန္ဒယာလောကသို့ ကိုယ့်သမိုင်းကိုယ်ရေးကြရန် ရောက်ရှိလာခဲ့ကြခြင်း ဆိုသည်ကိုလည်း မေ့မထားကြပါနှင့်။

ဇနီးကောင်း ဇနီးမြတ်တို့အကြောင်း ဖတ်ရှုကြားနာကြရလေသောအခါ နှစ်မြို့အားကျ လိုလားကြကာ ကိုယ်တိုင်ပမာပင် ခံစားတတ်ကြပေ၏။ ထိုအတိုင်းပင် ကိုယ့်ဘဝကိုယ့်သမိုင်း တွင်လည်း “ကိုယ်ကိုယ်တိုင် အမှန်တကယ်ကောင်းပါမှ အကောင်းထင်ဟပ်၍ မြတ်ကြပေမည် မဟုတ်ပါလော။ ကောင်းခြင်း မြင့်မြတ်ခြင်းတို့အား နှစ်သက်တတ်ကြပါလျှင် ကောင်းအောင် မြင့်မြတ်အောင် နေထိုင်ကျင့်ကြံဆောင်ရွက်ကြရမည်မှာ မိမိတို့၏ တာဝန်သာဖြစ်ပါသည်။ ကိုယ်တိုင် မကောင်းပါဘဲလျက်နှင့်တော့ မည်သူကမှလည်း အကောင်းထင်မည်၊ မြင်မည် မဟုတ်ပေ။

အို-ဇနီးမယားအပေါင်းတို့၊ ဤကဲ့သို့သော အကြောင်းအရာများကို သိထားကြပါလျက်နှင့် ရှုရှိအသိကို ကျောခိုင်း၍ မိမိတို့၏ ဘဝအား အဘယ်အတွက်ကြောင့် အကျင့်စရိုက်ဆိုးများနှင့် ဆင်ယင်ခြယ်သ၍ နေထိုင်ခဲ့ကြပါသနည်း။

ထို့ကြောင့် ရွှေးချယ်ပါ-

အသင်မသည်ကား ဂျန္ဆသ်(သုခဘုံ)နှင့် ဂျဟန္နမ် (ငရဲဘုံ)၏ ကြားလည်တွင်ရှိနေသည့် လူသားပင် ဖြစ်ပါ၏။

လင်ခင်ပွန်းကျေနပ်သော “ဓနီးကောင်း”အဖြစ်နှင့် အရှင်မြတ်၏ ထံတော်သို့ ပြန်ကြရပါလျှင် ဂျန္ဆသ်သုခဘုံတွင် ဝင်ရောက်စံမြန်းကြရမည်မှာ အသေအချာပင် ဖြစ်ပါ၏။

အကယ်၍များ လင်ခင်ပွန်း မနှစ်မြို့သော “ဓနီးဆိုး” အဖြစ်နှင့် အရှင်မြတ်၏ ထံတော်ပါး ပြန်သွားကြရပါလျှင် ဂျဟန္နမ် ငရဲဘုံတွင် ကျရောက်ခံစားကြရမည်မှာလည်း အသေအချာပင် ဖြစ်ပါ၏။

အို-အမျိုးသမီးဇနီးမယားအပေါင်းတို့၊

ဇနီးကောင်းအဖြစ်နှင့် ပြန်သွားကြမည်လော

ဇနီးဆိုးအဖြစ်နှင့် ပြန်သွားကြမည်လော။

စေတနာမွန်ဖြင့်

ချမ်းမြေ့ကြည်သာ (သာစည်)

ဇနီးမယားတို့အတွက် နောက်ဆက်တွဲ လက်ဆောင်မွန်

အဟ်ကာမွလ်အစ်ဇ်ဒီဝါးဂျ်ကျမ်းလာ သိမှတ်ဖွယ်ရာများ

“ဇနီးမယားတို့က လင်ယောကျ်ားတို့အား ပြုအပ်သော ဝတ္တရား (၁၃) ပါး”

၁။ လင်ယောကျ်ား၏ ပြောစကားများကို ရှုရှိအတ်တရားတော်နှင့် မဆန့်ကျင်သမျှ နာခံလိုက်နာကြရမည်။

၂။ လင်ယောကျ်ားတတ်စွမ်းနိုင်သည်ထက် ပိုမို၍ စားစရိတ်ကို တောင်းဆိုခြင်း မပြုရ။

၃။ လင်ယောကျ်ားများ၏ အခွင့်မရရှိဘဲ မည်သူ့ကိုမျှ အိမ်သို့ လာခွင့်မပြုရ။

၄။ ခင်ပွန်းလင်မှ ခွင့်ပြုချက်မရှိဘဲ အိမ်အပြင်သို့ ထွက်ခြင်းကိုလည်း မပြုရ။

၅။ ခင်ပွန်း၏ အခွင့်မရဘဲ ၎င်း၏ဥစ္စာပစ္စည်းမှ မည်သူ့ကိုမျှ တစ်စုံတစ်ရာ ပေးကမ်းခြင်း မပြုရ။

၆။ ခင်ပွန်းက ဆန္ဒရှိ၍ ခေါ်သောအခါ ရှုရှိအတ်တရားတော်နှင့် မဆန့်ကျင်လျှင် (တရား-ဝင် အကြောင်းမရှိဘဲ) ငြင်းဆန်ခြင်း မပြုရ။

၇။ ခင်ပွန်း၏ အခွင့်မရှိပါက နဖိလ်ရိဇာ၊ နဖိလ်နမာဇ်များကို မဆောက်တည်ရ။

၈။ ခင်ပွန်းအား ဆင်းရဲသောကြောင့်ဖြစ်စေ၊ အရှုပ်ဆိုးသော ကြောင့်ဖြစ်စေ အထင်သေး ခြင်း မပြုရ။

၉။ ခင်ပွန်းတွင် တရားတော်နှင့် ဆန့်ကျင်သော ကိစ္စကိုတွေ့မြင်ခဲ့လျှင် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုပြုပြင်ရမည်။

၁၀။ ခင်ပွန်းအား အမည်တပ်၍ ဟစ်ခေါ်ခြင်း မပြုရ။

၁၁။ တစ်ဦးတစ်ယောက်၏ရှေ့မှောက်တွင် လင်ခင်ပွန်း၏ မကောင်းကြောင်းများကို မပြောဆိုရ။

၁၂။ ခင်ပွန်း၏ ရှေ့မှောက်တွင် စကားမရှည်ရ။

၁၃။ ခင်ပွန်းလင်ယောကျ်ား၏ ဆွေမျိုးများနှင့် ခိုက်ရန်မဖြစ်ကြရ။

လင်ယောက်ျားနှင့် သင့်မြတ်စွာ ပေါင်းဖော်နည်း

ဇနီးမောင်နှံအချင်းချင်းမှာ အသက်ထက်ဆုံး ရာသက်ပန် ပေါင်းသင်းနေထိုင်သွားကြရမည့်သူများ ဖြစ်ကြပေရာ စိတ်သဘောထားများ ညီညွတ်တိုက်ဆိုင်ခြင်းသည် အကြီးမားဆုံး စည်းစိမ်ချမ်းသာကြီး တစ်ရပ်ဖြစ်ပြီး စိတ်သဘောထား ဆန့်ကျင်ကွဲလွဲမှုများသည်လည်း ကြီးမား လှသော ဒုက္ခအန္တရာယ်ပင် ဖြစ်လေသည်။ ထို့ကြောင့် သင့်မြတ်စွာ ပေါင်းဖော်မှုအား အထောက်-အကူပြုမည့် အချက်များကို ရေးသား တင်ပြပါမည်။

၁။ လင်ယောက်ျား၏ အခြေအနေထက်ပို၍ အသုံးစရိတ်တောင်းဆိုခြင်း မပြုရ။ တစ်စုံ-တစ်ရာ လက်ဝတ်လက်စား၊ အဝတ်အထည်များ လိုလားသော် ခင်ပွန်းလင်၌ ဝယ်ပေးနိုင်စွမ်း မရှိက မပူဆာရ။

၂။ လင်ခင်ပွန်းက ပစ္စည်းတစ်စုံတစ်ရာ ယူလာခဲ့သော် မိမိနှစ်သက်သည်ဖြစ်စေ၊ မနှစ်-သက်သည် ဖြစ်စေ ဝမ်းသာအားရ လက္ခဏာကိုသာ ပြသရမည်။ ဤအရာမကောင်းသောပစ္စည်း ဖြစ်ကြောင်း မိမိ မနှစ်သက်ကြောင်းကို မပြောဆိုရ။ ထိုပြောဆိုမှုကြောင့် စိတ်ပျက်ကာ မည်သည့် အရာမျှ ယူဆောင်လာတော့မည် မဟုတ်ပေ။

၃။ တစ်စုံတစ်ရာကိစ္စအား စိတ်တိုင်းမကျသော် ချက်ခြင်း မပြောမိစေနှင့်။ တစ်ချိန်ချိန်တွင် သင့်လျော်သောနည်းဖြင့် ဆွေးနွေးညှိနှိုင်းရာ၏။ လင်ယောက်ျားအား ကျေးဇူးကန်းစကား များ မပြောဆိုလေနှင့်။ ဥပမာ-"တစ်သက်လုံး ဒုက္ခခံနေရသည်။ ကျွန်မ၏ဖခင်က နဖူးစာဆိုးစေ သည်။ ရှင်နှင့် ထိမ်းမြားပေး၍ ဒုက္ခရောက်နေရသည်"ဟု မပြောလေနှင့်။ ထိုပြောဆိုမှုကြောင့် လင်ယောက်ျားတို့မှာ စိတ်အပျက်ကြီးပျက်ကာ အချစ်လျော့နည်းသွားပေတော့မည်။ လင်-ခင်ပွန်း စိတ်ဆိုးဒေါသဖြစ်နေချိန်တွင် အမျက်ဒေါသပိုမိုပွားစေမည့် အပြောများ စကားများကို ရှောင်ရှားကြရမည်။

၄။ ကိစ္စတစ်စုံတစ်ရာကြောင့် လင်ခင်ပွန်းမှ အမျက်ထွက်ခဲ့သော် ဇနီးမယားက မျက်နှာ-ကို စူပုတ်၍ မထားရ။ ကျေနပ်စေရန်သာ တောင်းပန်ရမည်။ အကယ်၍ မိမိအပြစ်မဟုတ်ဘဲ ခင်ပွန်း၏ အပြစ်ဖြစ်နေပါလျှင်လည်း လင်ခင်ပွန်းအား တောင်းပန်ရခြင်းကို မိမိအတွက် ဂုဏ်ယူ-စရာဟု မှတ်ယူရမည်။

၅။ ယောကျ်ားမအိမ်၌ တစ်စုံတစ်ခုသော ကိစ္စကို မနှစ်သက်ခဲ့သော် မိဘအိမ်သို့ ပြန်လာ၍ ဂုံးတိုက်ခြင်း မပြုလုပ်လေနှင့်။ ဤကဲ့သို့ အသေးအဖွဲကိစ္စရပ်များကို ပုံကြီးချဲ့ကား၍ သမီးက မိဘထံတွင် ဖောက်သည်ချ ပြောဆိုခြင်းနှင့် မိခင်တို့ကလည်း အတွင်းစကားများကို နှိုက်နှိုက်-ချွတ်ချွတ် စုံစမ်းမေးမြန်းကြခြင်းကိုသည် ဆွေမျိုးချင်း တစ်ဘက်နှင့် တစ်ဘက်မှာ ခိုက်ရန် ဖြစ်ပွား ကြရသည်အထိပင် အခြေအနေများမှာ တင်းမာဆိုးရွားသွား တတ်ပေသည်။

၆။ ခင်ပွန်းလင် ခရီးမှပြန်လာလျှင် ကျန်းမာရေးကို ပထမမေး၍ ဆီးကြိုပါ။ ငွေကြေးနှင့် စပ်လျဉ်း၍ (ဘာယူလာလဲ၊ ငွေအိတ် ဘယ်မှာလဲ) စသည်ဖြင့် မမေးပါနှင့်။

၇။ အလွှာဟ်အရှင်မြတ်သည် ဇနီးမယားတို့အပေါ်တွင် လင်ယောကျ်ားနှင့် ပတ်သက်ပြီး ကြီးမားလှသော တာဝန်ဝတ္တရားများကို ချမှတ်ထားတော်မူသည့်အပြင် အလွန်မြင့်မြတ်သော အဆင့်အတန်းများကိုလည်း ချီးမြှင့်ပေးသနားတော်မူထားလေ၏။ လင်ယောကျ်ားကို ကျေနပ်စေခြင်းမှာ ကြီးမားသော (အေဘာဒတ်) တရားအားထုတ်မှုတစ်ခုပင် ဖြစ်လေသည်။

(၈) နမာဇ်(၅)ကြိမ်နှင့် ရမ္မဇာန်လ၏ ရိဇာတာဝန်ကို ကျေပွန်ပြီး မိမိ၏ကာအိန္ဒြေကို ထိန်းသိမ်း၍ လင်ခင်ပွန်း၏ ပြောစကားကို နာခံခဲ့သော အမျိုးသမီးသည် ဂျန္နတ်သုခဘုံအတွင်းသို့ နှစ်သက်ရာ တံခါးပေါက်မှ ဝင်ရောက်စံမြန်းရမည်ဖြစ်ကြောင်း ဟဒီးစ်တော်၌ လာရှိထားပေသည်။

၉။ လင်ခင်ပွန်းရှိနေလျှင် ၎င်း၏အခွင့်မရရှိဘဲ နဖိလ်ရိဇာစောင့်ထိန်းခြင်း၊ နဖိလ်နမာဇ် ဝတ်ပြုခြင်းများကို မပြုလေနှင့်။

၁၀။ လင်ယောကျ်ားကို လာဘ်စားလာဘ်ယူပြုရန်၊ မတရားသောနည်းနှင့် ဝင်ငွေရှာဖွေခြင်းများပြုရန်၊ မည်သည့်အခါမျှ မတိုက်တွန်းလေနှင့်။ မတရားသော နည်းများဖြင့် ရှာဖွေရရှိခဲ့သည့် ငွေများကိုလည်း အိမ်သို့ယူဆောင်၍ မလာပါစေနှင့်။ လင်၏ ခွင့်ပြုမှုမရှိဘဲ မိမိ၏မိဘထံသို့ ဥစ္စာပစ္စည်းများကို လျှို့ဝှက်ပေးပို့ခြင်းကိုလည်း မပြုရ။ တရားတော်အရ ယင်းကဲ့သို့ ပေးကမ်းခွင့်မရှိပေ။

ယောကျ်ားမနှင့် ချွေးမဆက်ဆံနည်း

၁။ ယောကျ်ားမ (၂) ပါးတို့ အသက်ထင်ရှားရှိနေသမျှ ထိုယောကျ်ားမ တို့အား ပြုစုရခြင်း၊ ၎င်းတို့၏ အမိန့်ပြောစကားတို့အား နာခံရခြင်းအား မိမိ၏တာဝန်ဖြစ်သည်ဟု မှတ်ယူပါလေ။ ထိုကဲ့သို့ ဆက်ဆံနေထိုင်ရခြင်းသည် မိမိအတွက် ဂုဏ်ကျက်သရေရှိသည်ဟု မှတ်ယူပါလေ။ အကြောင်းမရှိဘဲ ယောကျ်ားမတို့နှင့် သီးခြားနေထိုင်ရန် မစီစဉ်ပါလေနှင့်။

(၂) အကြောင်းမဲ့ သီးခြားနေထိုင်ရန် စီစဉ်ခြင်းသည် ယောကျ်ားမ၊ ယောင်းမတို့နှင့် မသင့်မြတ်မှု ဖြစ်သောကြောင့် ဖြစ်၏။ မိဘတို့သည် မိမိတို့၏ သားကို ကြီးပြင်းအောင် ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့ကြ၏။ အိုမင်းမစွမ်းသောဘဝတွင် မိမိတို့အတွက် သက်သာမှုရရှိရာ ရရှိကြောင်း ကို မျှော်မှန်းကာ ထိမ်းမြားလက်ထပ်ပေးခဲ့ကြလေသည်။ သို့ရာတွင် ချွေးမသည် ယောကျ်ားမ အိမ်သို့ ရောက်လာသည်နှင့် မိဘနှင့်ခွဲ၍ သီးခြားနေထိုင်ရန် စဉ်းစားပြီး စည်းရုံးလေတော့၏။ ယင်းကဲ့သို့ စီစဉ်သည်ကို မိခင်က ရိပ်စားမိလေသောအခါ ခိုက်ရန် ဖြစ်ပွား လေတော့သည်။

၃။ ယောကျ်ားမ၏ မိသားစုနှင့် သင့်မြတ်စွာနေထိုင်ပါ။ ယောကျ်ားမတို့အား ရိုသေလေးစားပါ။ မိမိဆောင်ရွက်ရမည့် ကိစ္စကို အခြားသူအား မလွှဲအပ်ပါနှင့်။ မိမိပစ္စည်းကို မည်သူမည်ဝါ သိမ်း-ဆည်းပေးလိမ့်မည်ဟု ယူဆကာ ကိုယ်တိုင်မသိမ်းဆည်းဘဲ မထားပါလေနှင့်။ ယောကျ်ားမ၏ အလုပ်အား လုပ်ဆောင်ပေးရန် မရက်လေနှင့်။ ယောကျ်ားမက မခိုင်းစေမီ မပြောမီ သင်မ-ကိုယ်တိုင် လုပ်ဆောင်၍ပေးပါလေ။ ဤသို့ဖြင့် ယောကျ်ားမများ၏ စိတ်တွင် အသင်မအား ချစ်ခင်-မေတ္တာစိတ်များ ဖြစ်ပေါ်လာပေမည် ဖြစ်၏။ (အသင်မသည်လည်း တစ်ချိန်တွင် ယောကျ်ားမ ဖြစ်လာပေဦးမည် မဟုတ်ပါလော။)

၄။ လူ(၂)ယောက် တီးတိုးစွာ ပြောဆိုနေသော စကားများကို စူးစမ်းခြင်း၊ ထောက်လှမ်း ခြင်းများ မပြုလုပ်ပါနှင့်။ ထိုအချိန်တွင် ၎င်းတို့နှင့် ခွဲခွာလိုက်ပါ။ အထူးသတိပြုရန် အချက်မှာ ယောကျ်ားမအိမ်၌ စိတ်ပျက်သောအမူအရာ လက္ခဏာများကို မပြရ။ အိမ်သစ်ဖြစ်၍ စိတ်မပျော်သော်လည်း မှိုင်တွေ၍ မနေရပေ။ စိတ်ကို ဖျောင်းဖျဖြေသိမ့်၍ နေထိုင်ရမည် ဖြစ်သည်။

၅။ သူတစ်ပါး ရှဲရှာစကံဆုပ်လောက်အောင်လည်း အလဟဿ စကားများကို မပြောဆိုမိ စေရန် အထူးသတိပြုပါ။ ထိုနည်းတူစွာပင် သူတစ်ပါးက စကားပြောဆိုရန် တိုက်တွန်းရ-

လောက်အောင်လည်း ဘာတစ်ခုမှ မပြောမဆိုဘဲ တိတ်ဆိတ်လွန်းစွာ မနေရပေ။ အကြောင်းမှာ ဤသည် ဆိုးယုတ်သောအကျင့်ဖြစ်ပြီး မာနကြီးသည်ဟုလည်း ထင်မှတ်ရပေသည်။

(အဟ်ကာမွလ်အစ်ဇ်ဒီဝါးဂျ်)

ဖသာဝါကာဇီခါန်းတွင် ပါရှိသည်မှာ လင်ယောကျ်ားသည် မိမိ၏ ဇနီးမယားအား (၄) မျိုးသော ကိစ္စရပ်တို့အတွက် ရိုက်နှက်၍ ဆုံးမ ပိုင်ခွင့်ရှိလေသည်။ ထို (၄) မျိုးမှာ -

၁။ ခင်ပွန်းလိုလားသည့်အတိုင်း မိမိကိုယ်ကို မပြင်ဆင်ခြင်း၊ ဝတ်ကောင်းစားလှ မဝတ်-ဆင်ဘဲနေခြင်း၊ ခေါင်းမဖြီးဘဲနေခြင်း၊ ညစ်ထေးထေး နေထိုင်ခြင်း။

၂။ ခင်ပွန်းက ဆန္ဒရှိသောအခါ တရားဝင်အကြောင်းပြချက်မရှိဘဲ ငြင်းဆိုခြင်း။

၃။ မီးယပ်သွေးဆင်းပြီး သန့်စင်သောအခါနှင့် ပေါင်းသင်းပြီးသော အခါတွင် ရေမချိုးဘဲနေခြင်း။

၄။ နမာဇ်ဝတ်မပြုဘဲနေခြင်းတို့ ဖြစ်ကြပေသည်။

ကုရ်အာန်ကျမ်းတော်လာ ဗျာဒိတ်တော်(၃)ပါးနှင့် ဟဒီးစ်တော်လာ ဩဝါဒတော် (၃) ရပ်တို့ဖြင့် (သင်၏ဇနီးကို ပြောပြပါ)အား နိဂုံး ချုပ်အပ်ပါသည်။

- ❖ အလ္လာဟ်အရှင်မြတ်သည်(ယောကျ်ားနှင့်မိန်းမတို့အနက်) အချို့ကို (ယောကျ်ားများကို) အချို့သူတို့ထက် (မိန်းမများထက်)ပင် အရည်အချင်း အဆင့်အတန်း သာလွန်ထူးမြတ်စေတော်မူသောကြောင့် လည်းကောင်း၊ ယောကျ်ားများသည် မိမိတို့၏ ဥစ္စာပစ္စည်းများကို သုံးစွဲကြသောကြောင့်လည်းကောင်း၊ ယောကျ်ားများသည် မိန်းမတို့အပေါ်၌ အုပ်ထိန်းသူများဖြစ်ကြလေသည်။ ကုရ်အာန်(၄:၃၄)
- ❖ ယောကျ်ားများသည် မိန်းမတို့ထက် တစ်ဆင့်သာကြသည်။ကုရ်အာန် (၂:၂၂၈)
- ❖ မိန်းမမြတ်တို့သည် (လင်ယောကျ်ားတို့၏) အမိန့်ကိုနာခံသူ များဖြစ်ကြ၏။ နောက်-ကွယ်ရာတွင် (ခင်ပွန်း၏ ဥစ္စာပစ္စည်းနှင့် မိမိတို့၏ ကာအိန္ဒြေများကို) အရှင်မြတ်၏ ကူညီစောင့်ရှောက်မှုဖြင့် ထိန်းသိမ်းသူများဖြစ်ကြကုန်၏။ ကုရ်အာန် (၄:၃၄)
- ❖ မိုဟမ္မဒ်၏ အသက်ကို စိုးပိုင်တော်မူသော အလ္လာဟ်အရှင်မြတ်၏ ကစမ်၊ မည်သည့် အမျိုးသမီးမဆို မိမိ၏ခင်ပွန်းနှင့် ပတ်သက်သည့် တာဝန်ဝတ္တရားများကို မကျေပွန် သမျှ

ကာလပတ်လုံး အလွှာဟ်အရှင်မြတ်နှင့် ပတ်သက်သော တာဝန်ဝတ္တရားများကို ကျေပွန်နိုင်မည်မဟုတ်ပေ။ (ဟဒီးစ်)

- ❖ မည်သည့်အမျိုးသမီးမဆို ၎င်း၏ ခင်ပွန်းလင် ကျေနပ်နှစ်သက်မှုရှိသော အခြေအနေတွင် ကွယ်လွန်သေဆုံးခဲ့သည် ရှိသော် ထိုအမျိုးသမီးသည် ဣန္ဒသ်သုခဘုံတွင် ဝင်ရောက်စံမြန်းရမည် ဖြစ်ပေသည်။ (ဟဒီးစ်)
- ❖ မိန်းမအပေါ်၌အကြီးဆုံးသော တာဝန်ဝတ္တရားမှာ ၎င်း၏လင်-ယောကျ်ားနှင့် ပတ်သက်သော တာဝန်ဝတ္တရားဖြစ်ပြီး သား-ယောကျ်ားလေး အပေါ်တွင် ၎င်း၏ မိခင်၏ အခွင့်အရေးမှာ အကြီးကျယ်ဆုံး ဖြစ်ပေသည်။ (ဟာကင်မ်ကျမ်း)

ဤစာစဉ်မှ အကျိုးတရားများကို အမျိုးသမီးများမှာ ဖတ်ရှု လိုက်နာရယူ စံစားနိုင်ကြပြီးလျှင် အရှင်သခင်၏ ကျေနပ်နှစ်သက်မှုတည်းဟူသော လမ်းစဉ်တွင် ထာဝရ ပျော်ရွှင်ချမ်းမြေ့ကြပါစေ။

"သင်၏ဇနီးကိုပြောပြပါ"၏ နောက်ဆုံးကဏ္ဍတွင် (၁၄)ရာစုနှစ်၏ မုဂျဒ်ဒိဒ် (သာသနာ့ကို သန့်စင်သူ) ဟကီမွလ်အွမ္မသ် မော်လာနာ အရှ်ရဖ်အလီ ထာနဝီ (ရဟ်မတွလ္လာအလိုင်းဟ်) သခင်ကြီး၏ "အမျိုးသမီးများအတွက် သာသနာ့ပညာ၏ အရေးပါမှု"ဟူသော လမ်းညွှန်ပညာပေးထားသည့် ဩဝါဒတော်မွန်အား ဖတ်ရှုသူ မွတ်စလင်မ်များမှာ အကျိုးတရားများကို ရယူခံစားနိုင်ကြစေရန်အတွက် မျှော်ကိုးချက်ဖြင့် မှတ်သားလိုက်နာ ကျင့်သုံးဖွယ်ရာ သာသနာ့လက်ဆောင်မွန် ရတနာတစ်ရပ်အဖြစ် ထပ်မံတင်ပြ လက်ဆင့်ကမ်းလိုက်ရပါသည်။

(မုဂျဒ်ဒိဒ်) ဟူသည့် ဘွဲ့နာမမွန်နှင့်ပတ်သက်၍ ဦးစွာပထမ ရှင်းလင်းတင်ပြလိုသည်မှာ ရစူလ်ကိုယ်တော်က - "မုချေကန် အလွှာဟုအရှင်မြတ်သည် ရာစုနှစ်တိုင်း၏ အစ၌ ဤအွမ္မသ်အတွက် သာသနာတော်အား ပြန်လည်သန့်စင်စေရန် (မုဂျဒ်ဒိဒ်) ပုဂ္ဂိုလ်ထူးတို့အား စေလွှတ်တော်မူလေသည်ဟု မိန့်တော်မူခဲ့လေသည်။ နဗီနှင့် မုဂျဒ်ဒိဒ်မှာ ဤသို့ခြားနားလေ၏။ "နဗီတမန်တော်"ဟူသည်မှာ ရှေး ရှရီအသ်တော်ကိုလည်းကောင်း၊ ယခု ရှရီအသ်တော်ကို လည်းကောင်း ပြန်လည်ရှင်သန်စေသူ ဖြစ်၏။ "မုဂျဒ်ဒိဒ်" ဟူသည်မှာ သာသနာတော်အတွင်း၌ သာသနာ ရေးရာမဟုတ်သော အညစ်အကြေးတို့ ရောယှက်နေသည်ကို ပယ်ထုတ်ပစ်လျက် သာသနာတော်ကို သန့်စင်သောသူပင် ဖြစ်လေသည်။

ရစူလ်ကိုယ်တော်၏ နဗူဝသ်မှစ၍ နှစ်ပေါင်း(၁၀၀)ပြည့်တိုင်း (မုဂျဒ်ဒိဒ်) သခင်များမှာ တစ်ပါးစီ (တစ်ပါးစီ) ပေါ်ထွန်းပြီးလျှင် သာသနာတော်အား သန့်စင်ခဲ့ကြလေသည်။ ၎င်းမုဂျဒ်ဒိဒ် သခင်များမှာ -

(၁) ရာစု ဟဇရတ် အုမရ်ဗင်န် အဗ္ဗဒွလ်အဇီးဇ် သာဗေ့အီ(ရဟ်မသွလ္လာအလိုင်းဟ်)

(၂) ရာစု ဟဇရတ် အေမာမ် မုဟမ္မဒ် အိဒ်ရိုးစ် ရှာဖေ့အီ (ရဟ်မသွလ္လာအလိုင်းဟိ)

(၃) ရာစု အဘွလ်အဗ္ဗားစ် အဟ်မဒ်ဗင်န် ရှရီဟ် (ရဟ်မသွလ္လာအလိုင်းဟ်)

(၄) ရာစု အဘူဘကရ်ဗင်န် အလ်ခသီးဗ် ဗာကစ်လ်လာနီ (ရဟ်မသွလ္လာအလိုင်းဟ်)

(၅) ရာစု ဟုဂ်ျဂျသွလ်အစ္စလာမ် အဘူဟာမိဒ် ဂဇာလီ (ရဟ်မသွလ္လာအလိုင်းဟ်)

(၆) ရာစု မုဖတ်စ်စေ့ရေ့ကဗီရ် အေမာမ်အဗူအဗ္ဗဒွလ်လာဟ် အရ်ရာဇီ
(ရဟ်မသွလ္လာအလိုင်းဟ်)

(၇) ရာစု အေမာမ် အစ်ဗနေ့ ဒကီကုလ်အီးဒ် (ရဟ်မသွလ္လာအလိုင်းဟ်)

(၈) ရာစု အေမာမ် ဗလ်ကိနီ(ရဟ်မသွလ္လာအလိုင်းဟ်) ဟာဖစ်ဇ်ဇိုင်နွတ်ဒီးန်
(ရဟ်မသွလ္လာအလိုင်းဟိ)

(၉) ရာစု ဂျလာလွတ်ဒီးန် စို့ယူသွို(ရဟ်မသွလ္လာအလိုင်းဟ်)

(၁၀) ရာစု အေမာမ် ရှမ္မစွတ်ဒီးန်ဗင်န် ရှဟာဘွတ်ဒီးန် (ရဟ်မသွလ္လာအလိုင်းဟ်)
မုဟဒ္ဒစ်ဆ် မွလ္လာအလီ အလ်ကာရီ (ရဟ်မသွလ္လာအလိုင်းဟ်)

(၁၁) ရာစု မုဂျဟ်ဒိဒ်အလ်ဖစာနီ(ရဟ်မသွလ္လာအလိုင်းဟ်)
အေမာမ် အီဘရာဟီမ်ဗန် ဟစံ ကုရ်ဒီ (ရဟ်မသွလ္လာအလိုင်းဟ်)

(၁၂) ရာစု ရွိုက်ခ်စွာလေးဗင်န် မုဟမ္မဒ်ဗင်န် နူးဟ် အလ်ဖုလာနီ
(ရဟ်မသွလ္လာအလိုင်းဟ်)
ရှားဟ် ဝလီယွလ္လာဟ်(ရဟ်မသွလ္လာအလိုင်းဟ်)

စိုင်ယဒ် မှရ်တသွာ ဟုစိုင်နီ(ရဟ်မသွလ္လာအလိုင်းဟ်)

(၁၃) ရာစု စိုင်ယဒ် အဟ်မဒ် ရှဟီးဒ် ဘရေလ်ဝီ (ရဟ်မသွလ္လာအလိုင်းဟ်)

မော်လာနာ ကာစင်မ် နနုသဝီ(ရဟ်မသွလ္လာအလိုင်းဟ်)

(၁၄) ရာစု ဟဇရတ် မော်လနာ ရှရီးဒ်အဟ်မဒ် ဂန်ဂိုဟီ (ရဟ်မသွလ္လာအလိုင်းဟ်)

ဟဇရတ် မော်လာနာ အရှ်ရဖ်အလီ ထာနဝီ (ရဟ်မသွလ္လာအလိုင်းဟ်)

ဟဇရတ် မော်လာနာ အီလီယာစ် ကာန်ဒလ်ဝီ (ရဟ်မသွလ္လာအလိုင်းဟိ)

သခင်များဖြစ်ကြလေသည်။

(၁၄) ရာစုနှစ်၏ မုဂျဒ်ဒိဒ် (သာသနာသန့်စင်သူ) ဟကီမွလ်အွမ္မတ် မော်လာနာ အရှ်ရဖ်-အလီ ထာနဝီ(ရဟ်မသွလ္လာအလိုင်းဟ်)သခင်ကြီးက (အမျိုးသမီးများအတွက် သာသနာ့ပညာ၏ အရေးပါမှု) ခေါင်းစီးဖြင့် အောက်ပါအတိုင်း လမ်းညွှန် ပညာပေးထားပါသည်။

အမျိုးသမီးများအတွက် သာသနာ့ပညာ၏ အရေးပါမှု

ထာနဝီ (ရဟ်မသွလ္လာအလိုင်းဟ်) သခင် မိန့်ကြားခဲ့သည်မှာ အမျိုးသားများတွင် အာလင်မ်-သာသနာ့ပညာရှင်များ ပေါ်ထွက်လာခြင်းသည် အမျိုးသမီးများ၏ သာသနာရေး လိုအပ်ချက်အတွက် အကြောင်း (၂)ရပ်ကြောင့် မလုံလောက်ကြောင်း အတွေ့အကြုံက သက်သေပြနေ၏။ ပထမအကြောင်းမှာ - ဟိဂျာဗ်လုံခြုံမှု ကိစ္စကြောင့် အမျိုးသမီးတိုင်းသည် အာလင်မ်-သာသနာ့ပညာရှင်များထံ မသွားရောက်နိုင်ကြချေ။ ယင်းကိစ္စရပ်နှင့်ပတ်သက်၍ မိမိ ခင်ပွန်းကို အကြောင်းခံပြုမည်ဆိုပါလျှင်လည်း မြောက်များစွာသော အမျိုးသမီးတို့မှာ ထိုသို့ အကြောင်းခံပြုပေးနိုင်သော ခင်ပွန်းကိုပင် ရရှိထားကြခြင်းမရှိကြချေ။

အချို့သောအမျိုးသားများတွင် သာသနာရေးကိုင်းရှိုင်းမှု မရှိတတ်ကြပေ။ ယင်းကဲ့သို့ အမျိုးသားတို့သည် မိမိ၏ဇနီးအတွက် အာလင်မ်-သာသနာ့ပညာရှင်များထံသို့ အဘယ်ကဲ့သို့ သွားနိုင်ကြမည်နည်း။ ထို့အတွက်ကြောင့် အမျိုးသမီးများအဖို့မှာ သာသနာ့ ပညာရှာဖွေ ဆည်းပူးကြရန်မှာ သာပို၍ပင် ခက်ခဲသွားပေတော့၏။ အကယ်၍ မိမိ၏နေအိမ်တွင် ဖခင်၊

ခင်ပွန်း (သို့) သားဖြစ်သူက အာလင်မ်ဖြစ်နေလျှင်ပင် ထိုအမျိုးသမီးသည် ရှရီအသ်၏ အချို့ ဓမ္မသတ်များနှင့်ပတ်သက်၍ ထိုအမျိုးသားများအား မမေးမြန်းရဲ၊ မမေးမြန်းနိုင်ပေ။

ထို့ကြောင့် အမျိုးသမီးများအဖို့ သာသနာရေးနှင့်ပတ်သက်၍ သိသင့်သိအပ်သည့် ဓမ္မသတ်များနှင့် အခြားသော သာသနာ့အသိပညာများ လွယ်ကူစွာဆည်းပူးနိုင်ရန်အတွက် -

"***အမျိုးသမီး သာသနာ့ပညာရှင်များ ပေါ်ထွန်းလာရေး***"သည် အလွန်အရေးကြီးသော ကိစ္စရပ်ပင်ဖြစ်နေ၏။

သို့ဖြင့်အမျိုးသမီး သာသနာ့ပညာရှင်များထံတွင် လွယ်ကူပွင့်လင်းစွာပင် မိမိတို့ သိသင့်သိအပ်သော ကိစ္စရပ်များကို မေးမြန်းကျင့်သုံးနိုင်ကြပါလိမ့်မည် ဖြစ်ပေသည်။ ထို့ကြောင့် အချို့သော အမျိုးသမီးတို့အား တရားတော်၏ မှန်ကန်သော နည်းစနစ်ဖြင့် သာသနာ့ပညာသင်ယူဆည်းပူးစေခြင်းသည်(ဝါဂျိဗ်) ဖြစ်လေသည်။

(အိဆွ်လာဟေ အင်နိကိလားဗ်ကျမ်း၊စာ(၂၆)၊တွဲ(၁))

အမျိုးသားများထက် အမျိုးသမီးများအား

သာသနာ့ပညာ ပို့ချရေးသည် သာပို၍အရေးကြီးခြင်း

ထာနဝီ (ရဟ်မတ္တလ္လာအလိုင်းဟ်) သခင် မိန့်ကြားခဲ့သည်မှာ သားသမီးများကို ပဲ့ပြင်-ထိန်းသိမ်း ဆုံးမရေးအတွက် အမျိုးသမီးများကို သာသနာ့ပညာ ဆည်းပူးစေရေးသည် အလွန်အရေးကြီးလှပေ၏။ အမျိုးသမီးများ သာသနာ့ပညာမဲ့ခြင်း၏ ဆိုးကျိုးသည် အမျိုးသားများအပေါ်မှာလည်း သက်ရောက်တတ်လေသည်။ အဘယ်ကြောင့်ဆိုသော် ကလေးငယ်များမှာ မိခင်၏ရင်ခွင်၌သာလျှင် ကြီးပြင်းကြရလေ၏။ ဤသည်တွင် သားယောကျ်ားလေးများသည်လည်း ပါဝင်ပေသည်။ မိခင်၏စာရိတ္တနှင့် အကျင့်အမူများ၏ အကျိုးဆက်သည် ထိုရင်ခွင်ပိုက် ကလေးငယ်များအပေါ်တွင် ထိမိစွာသက်ရောက်လေ၏။

ပညာရှင်များမှ အဘယ်ထိတိုင်အောင်ပင် မိန့်ထားသည်ဆိုသော် ရင်သွေးငယ်သည် အရာဝတ္ထုများအား အနည်းငယ်ခွဲခြား နားလည်နိုင်သည့် အရွယ်သို့ ရောက်သွားသောအခါ စကားမပြောနိုင်သေးလျှင်ပင် မိခင်ဖြစ်သူ၏ ပြောဆိုမှုတိုင်းနှင့် လုပ်ရပ်တိုင်းသည်

ကလေးငယ်၏ အသိအာရုံ၌ ပုံရိပ်ပမာ ထင်ဟပ်တတ်ပေ၏။ ထို့ကြောင့် ဖော်ပြပါ အရွယ်ရှိ ရင်သွေးငယ်များတို့၏ ရှေ့မှောက်၌ မပြောအပ်သောစကားများနှင့် မပြုအပ်သည့် လုပ်ရပ်မျိုးမှ အထူး ရှောင်ရှားသင့်ကြပေသည်။

အချို့ပညာရှင်များက မိခင်၏ဝမ်းဗိုက်တွင် အသက်ရှင်လျက် ရှိနေသော ကလေးငယ်၏ အပေါ်၌ပင် မိခင်ဖြစ်သူ၏ လုပ်ဆောင်ချက်များနှင့် အကျိုးဆက် သက်ရောက်ပါကြောင်းကို မိန့်ဆိုထားကြလေ၏။

ထို့ကြောင့် မိန်းကလေးများ သာသနာ့ပညာဆည်းပူးရေးသည် သာပို၍ အရေးကြီး လေ၏။ သားယောကျ်ားလေးများ သွားတတ် လာတတ်သော အရွယ်သို့ရောက်သည့်အခါ ဆရာ-သခင်ကြီးများ (သို့) မရှာအိခ်-သူတော်စင်ကြီးများထံသို့ သွားရောက်ကာ သာသနာရေးဆိုင်ရာ များကို လက်တွေ့သင်ယူဆည်းပူးခွင့်အားရရှိကြပေ၏။ သို့သော် သမီးမိန်းကလေးများ အရွယ် ရောက်လာသောအခါ ထိုသို့အခွင့်အရေးမရှိကြတော့ပေ။

အဘယ်ကြောင့်ဆိုသော် မွတ်စ်လင်မ်အမျိုးသမီးများသည် မိမိနေအိမ်၌ပင် ရှိမြဲ ရှိနေ ရပေသည်။ ဤသည်မှာ အရွယ်ရောက်ပြီးသော အမျိုးသမီးများအတွက် အသင့်မြတ်ဆုံးသော ကိစ္စရပ်ပင် ဖြစ်လေသည်။

သို့သော်မွတ်စလင်မ် အမျိုးသမီးများတွင်လည်း စစ်မှန်သော သာသနာ့ပညာ တတ်ကျွမ်း သော အမျိုးသမီး-သာသနာ့ပညာရှင်များ ပေါ်ထွန်းလာရန်မှာလည်း အလွန်ပင် အရေးကြီးလှ ပေသည်။

ထိုအမျိုးသမီး သာသနာ့ပညာရှင်များသည် မွတ်စလင်မ် အမျိုးသမီးများ၏ သာသနာရေး ဆိုင်ရာ လိုအပ်ချက်များကိုလွယ်ကူစွာပင် ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဖြစ်၏။ အဘယ်ကြောင့်-ဆိုသော် အမျိုးသားအာလင်မ် သာသနာ့ပညာရှင်များသည် အမျိုးသမီးတို့၏ သာသနာရေး ဆိုင်ရာ လိုအပ်ချက်တိုင်းကို မဖြည့်ဆည်း ပေးနိုင်ကြချေ။

(အသ်သဗ်လိဂ်ကျမ်း၊ စာ-၁၆၄-၁၆၆)

မိန်းကလေးများနှင့် အမျိုးသမီးများတွင် သာသနာရေး ကိုင်းရှိုင်းမှု မရှိကြခြင်းသည် မိဘ(၂)ပါး၏ ပေါ့လျော့မှုကြောင့်သာ ဖြစ်ပေသည်။

ဤသည်မှာ မိဘ(၂)ပါးက မိမိတို့၏ သမီးမိန်းကလေးများကို သာသနာ့ပညာ သင်ကြား-နိုင်ရေးအတွက် အလေးထား ဆောင်ရွက်ပေးခြင်း မရှိကြ၍သာဖြစ်ပေသည်။

(အသံသဗ်လိဂ်၊ တွဲ-၇၊ စာ-၆၂)

အမျိုးသမီးများအား ဒီးန်ရေးရာသင်ကြားပေးခြင်း၏ အကျိုးကျေးဇူး

ထာနဝီ(ရဟ်မသွလ္လာအလိုင်းဟ်) သခင်က ကျွန်ုပ် ကစမ်ကျိန်ဆို၍ ပြောလိုသည်မှာ-

အသင်တို့ ဦးစွာ အမျိုးသမီးတို့ကို သာသနာ့ပညာသင်ယူ ဆည်းပူးစေလိုက်ကုန်။ ထိုအခါမှသာ ထိုအမျိုးသမီးများတွင် အသိပညာကြွယ်ဝမှု ကိစ္စအဝဝ၌ စည်းစနစ်ရှိမှုနှင့် လောကီရေးဆိုင်ရာ ကိစ္စများတွင်လည်း စနစ်တကျ စီမံဆောင်ရွက်နိုင်မှု စသောအရည်အချင်းများ ဖြစ်ပေါ်လာသည်ကို အသင်တို့မှာ အံ့သြစွာပင် မျက်ဝါးထင်ထင်တွေ့မြင်ကြရပေလိမ့်မည်။

(အင်နှ်ရှာအောလ္လာဟ်) သာသနာ့ပညာဆည်းပူးထားသော အမျိုးသမီးတို့၏ အသိနှင့် ဆင်ခြင်မှုတရားသည် လောကီပညာရပ်ကိုသာ ဆည်းပူးထားသည့် အမျိုးသမီးများထက် မုချသာလွန် မွန်မြတ်နေပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သာသနာ့ပညာ တတ်မြောက်ထားသည့် အမျိုးသမီး၏နှုတ်မှ အသိတရားနှင့် ပြည့်စုံသော စကားရပ်များသာ ထွက်လာလိမ့်မည် ဖြစ်လေသည်။

အများအားဖြင့် ခင်ပွန်းလင်တို့သည် မိမိဇနီးသည်တို့၏ အပြစ်များကို ရှာဖွေတွေ့မြင်နေတတ်ကြလေသည်။ သို့သော် မိမိတို့၏ဇနီးများကို သာသနာ့ပညာတတ်မြောက်ရေးအတွက် စီစဉ်ပေးခြင်းမျိုးကား လုံးဝမရှိတတ်ကြပေ။

သာသနာ့ပညာနှင့် လောကီပညာ

ထာနဝီ (ရဟ်မသွလ္လာအလိုင်းဟ်) သခင်ပြောကြားခဲ့သည်မှာ "တစ်ကမ္ဘာလုံးတွင် သာသနာ့ပညာက လူသားအား စစ်မှန်သော လူဘဝဆောက်တည်မှု၊ ယဉ်ကျေးမှု၊

စည်းစနစ်ရှိမှုနှင့် မြင့်မြတ်သော တွေးခေါ်မှုများကို သင်ကြားပေးသကဲ့သို့ အခြားမည်သည့် ပညာရပ်ကမှ ဤကဲ့သို့သင်ကြား၍ မပေးနိုင်ပေ။

ဤသည်နှင့်ပတ်သက်၍ လက်တွေ့သိလိုပါလျှင် စစ်မှန်သည့် သာသနာ့ပညာကို သင်ယူ-ဆည်းပူးပြီး ထိုအတိုင်း လိုက်နာကျင့်သုံးသော သာသနာ့ပညာရှင် တစ်ဦးနှင့် ခေတ်သစ်အတွေး-ခေါ်နှင့် ယဉ်ကျေးမှုလွှမ်းမိုးနေသော ပညာရှင်တစ်ဦးတို့၏ စာရိတ္တ၊ လူမှုဆက်ဆံရေးနှင့် အပေးအယူကိစ္စရပ်များအား ဆန်းစစ်နှိုင်းယှဉ်၍ ကြည့်လိုက်ကြပါလေကုန်။ ထိုအခါတွင် မိုးနှင့်မြေ ပမာ ကွာခြားနေပါကြောင်းကို တွေ့ရှိကြရပေမည်။

တစ်ဦးတစ်ယောက်က နားဝင်ချိုသော စကားလုံးများ အေးမြသော လေယူလေသိမ်းများ အလွန်နူးညံ့သိမ်မွေ့သော ဟန်ချက်များကိုသာ ယဉ်ကျေးမှုဟု သတ်မှတ်ထားလျှင် ဤသည်မှာ “ယဉ်ကျေးမှု”ဟူသော အရာ၏ လိုရင်းသဘောတရားကို လွဲမှားစွာ မှတ်ယူလိုက်ခြင်းသည်ပင် ဖြစ်လေသည်။

(အိဆွ်လာဟော-အင်နာကေလားဗ်ကျမ်း၊ စာ-၁၇၀)

မည်သို့ပင်ဖြစ်စေ အမျိုးသမီးများ၊ သာသနာရေးနှင့်ပတ်သက်၍ ပြည့်ပြည့်ဝဝ နားလည်သိရှိပြီး လက်တွေ့လိုက်နာကျင့်သုံးနိုင်ရေးအတွက် အမျိုးသမီး သာသနာ့ပညာရှင် အချို့ ပေါ်ထွန်းလာရေးသည် မွတ်စ်လင်မ်တိုင်းအပေါ်(ဝါဂျိဗ်) တာဝန်ထိုက်ကြောင်း သတိပြု သင့်ကြပေသည်။

ပါကစ္စတန်နိုင်ငံ (၂၀၀၃-ဇန္နဝါရီလထုတ်) “ဗိုင်ယိနားသ်”စာစောင်မှ ပြန်ဆိုတင်ပြထား သည်ကို မူရင်းအတိုင်း ကူးယူ၍ ထပ်ဆင့်တင်ပြအပ်ပါသည်။

ပြန်ဆိုတင်ပြသူ -

မော်လဝီဂါဇီကရီးမ် ဘခ်ရှ်ဦးစိုးလွင် (မဟ်မူဒီ) ဖြစ်ပါသည်။

المرأة كالرجل، عليها واجبها الدعوة إلى الله،
والأمر بالمعروف والنهي عن المنكر

“ဒအ်ဝသ်-သဗ်လိဂ်လုပ်ဖို့ အမျိုးသားကဲ့သို့
အမျိုးသမီးတွေအပေါ်မှာလည်း တာဝန်ရှိသလား”

(ကမ္ဘာ့မုဖ်သီချုပ် ရှိုက်ခ်ဗင်နဗားဇ်နှင့် တွေ့ဆုံမေးမြန်းခြင်း)

ကမ္ဘာ့မုဖ်သီချုပ်နှင့် ဆော်ဒီအာရေးဗီးယားနိုင်ငံ၏ မုဖ်သီချုပ် ရှိုက်ခ် ဗင်နဗားဇ်က မွတ်စလင်မ်အမျိုးသမီးများ အလွှာဟ် သာသနာဘက်သို့ ခေါ်ဆိုရန် ဒအ်ဝသ်သဗ်လိဂ် လုပ်ငန်းလုပ်ဆောင်ရန် တာဝန်ရှိကြောင်း ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များတွင် ပါရှိသော ဩဝဒါမိန့်မြွက်ချက်များသည် (အချို့မှအပ) အမျိုးသား-အမျိုးသမီး နှစ်ရပ်လုံးအပေါ် ၌ ပတ်သက်အကျုံးဝင်ကြောင်း

﴿ كُنتُمْ خَيْرَ أُمَّةٍ أُخْرِجَتْ لِلنَّاسِ تَأْمُرُونَ بِٱلْمَعْرُوفِ وَتَنْهَوْنَ عَنِ ٱلْمُنكَرِ وَتُؤْمِنُونَ بِٱللَّهِ ﴿١١٠﴾ ﴾ آل عمران [١١٠].

﴿ ٱدْعُ إِلَىٰ سَبِيلِ رَبِّكَ بِٱلْحِكْمَةِ وَٱلْمَوْعِظَةِ ٱلْحَسَنَةِ ﴿١٢٥﴾ ﴾ النحل [١٢٥].

ဟူသော အာယတ်တော်များကို ရည်ညွှန်းကိုးကား၍ မိန့်ကြားခဲ့သည်။ အမျိုးသမီးများ ဒအ်ဝသ်သဗ်လိဂ်လုပ်ငန်း လုပ်ဆောင်ခြင်းနှင့်ပတ်သက်၍ မုဖ်သီချုပ်၏အမြင်ကို မေးမြန်းရာ -

“အမျိုးသမီးတွေ အပေါ်မှာလည်း အမျိုးသားတွေလို (တရားတော်၏ စည်းမျဉ်းဥပဒေ ဘောင်အတွင်းမှ) ဇွဲလုံ့လ သည်းခံစိတ်နဲ့ ကုသိုလ်အကျိုး မျှော်ကိုးပြီး ဒအ်ဝသ်-သဗ်လိဂ်လုပ်ဖို့ တာဝန်ရှိပါတယ်”ဟု ဖြေကြားသည်။

﴿ وَٱلْمُؤْمِنُونَ وَٱلْمُؤْمِنَٰتُ بَعْضُهُمْ أَوْلِيَآءُ بَعْضٍ يَأْمُرُونَ بِٱلْمَعْرُوفِ وَيَنْهَوْنَ عَنِ ٱلْمُنكَرِ ﴿٧١﴾ ﴾ التوبة [٧١].

ထိုနည်းတူစွာ မုအ်မင်နိ်သက်ဝင်ယုံကြည်သူ အမျိုးသား- အမျိုးသမီးတို့သည်လည်း (သာသနာရေးတွင်) အချင်းချင်း တစ်ဦးနှင့်တစ်ဦး အဆွေခင်ပွန်းများဖြစ်ကြ၏။ ၎င်းတို့သည် ကောင်းမြတ်သော ကိစ္စများကို အမိန့်ပေးကြသည်။ ၎င်းပြင် စက်ဆုတ်ရွံရှာဖွယ်ရာများမှလည်း တားမြစ်ကြသည်။ (၉း၇၁)

﴿ وَٱصۡبِرُوٓاْ إِنَّ ٱللَّهَ مَعَ ٱلصَّٰبِرِينَ ٤٦ ﴾ الأنفال [٤٦].

ထို့ပြင် အသင်တို့သည်းခံကြ။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ် သည် သည်းခံသူတို့နှင့် အတူ ရှိတော်မူ၏။

“ဒအ်ဝသ်သဗ်လိဂ်လုပ်ငန်းမှာ ပါဝင်ကြိုးပမ်းနေသူ အမျိုးသမီးတွေအနေနဲ့ အထူးသဖြင့် ကိုယ်ကျင့်သီလ အိန္ဒြေ၊ ပရဲဒဟ် အအ်မာလိစွာလိဟာ စတဲ့အချက်တွေမှာ စံပြဖြစ်ရမယ်။ တရားတော်က တားမြစ်ထားတဲ့ အမျိုးသားတွေနဲ့ရောနှောတာ၊ ပရဲဒါမဲ့ အပြင်ထွက်တာတွေနဲ့၊ ပြောဆိုကျင့်ဆောင်မှုတိုင်းမှာ အလ္လာဟ်အရှင်မြတ်က ဟရာမ်အဖြစ် သတ်မှတ်ထားတာတွေကနေ ဝေးလံစွာ ရှောင်ရှားကြရမယ်”ဟု အလေးအနက်မိန့်ကြားသည်။

မွတ်စလင်မ် အမျိုးသမီးများ ဒအ်ဝသ်-သဗ်လိဂ်လုပ်ငန်း ဆောင်ရွက်ရန် ဖြစ်နိုင်မဖြစ်နိုင်နှင့် ပတ်သက်၍ မုဖ်သီချုပ်၏ သဘောထားအမြင်ကို မေးမြန်းသောအခါ-

“ကျွန်တော်အနေနဲ့ကတော့ အမျိုးသမီးတွေ ဒအ်ဝသ်-သဗ်လိဂ်လုပ်တာနဲ့ ပတ်သက်ပြီး ဘယ်လိုအဟန့်အတားမျိုးကိုမှ မမြင်ပါဘူး”ဟုဖြေကြားပြီး-

“ဒအ်ဝသ်-သဗ်လိဂ်လုပ်ငန်းနဲ့ သင့်တော်မယ့် အရည်အချင်းရှိတဲ့ အမျိုးသမီးတွေကို ကူညီသင့်ပါတယ်။ လိုအပ်တာတွေကိုလည်း စီမံပေးသင့်ပါတယ်။ အမျိုးသမီးအချင်းချင်း ဦးဆောင်လမ်းညွှန်မှု အထူးပဲလိုအပ်နေပါတယ်”ဟု မိမိ၏သဘောထား အမြင်ကိုလည်း ထည့်သွင်း တင်ပြသွားသည်။

ဆက်လက်၍ မုဖ်သီချုပ်က -

“အမျိုးသမီးအချင်းချင်း ဒအ်ဝသ်-သဗ်လိဂ်လုပ်တာ၊ လမ်းမှန်ပြတာ၊ လက်တွဲခေါ်ယူတာတွေဟာ တစ်ခါတစ်လေမှာ အမျိုးသားတွေထက်တောင် ပိုပြီးအကျိုးထူးရှိပါတယ်” အမျိုးသမီး

တွေဆီမှာ အမျိုးသားတွေကို ဖွင့်မပြောဝံ့တဲ့ အရေးကြီးတဲ့ ရုက်စရာကိစ္စ အမြောက်အများ ရှိနေတတ်ပါတယ်။ ဒီအတွက်ကြောင့်လမ်းညွှန်ပေးနိုင်မယ့် အမျိုးသမီးတွေရှိနေရင် ပိုပြီး အဆင်ပြေပါတယ်။ အမျိုးသမီးတွေ ဒအ်ဝသ်-တဗ်လိဂ်လုပ်ရင်း အမျိုးသမီးအချင်းချင်း ရင်းရင်း-နှီးနှီး ဆွေးနွေးနိုင်မယ်၊ အပြန်အလှန်တင်ပြနိုင်မယ်၊ စတဲ့ အကျိုးထူးတွေရှိနေတဲ့အတွက် အမျိုးသမီးအချင်းချင်း ဒအ်ဝသ်-သဗ်လိဂ်လုပ်တာကို ထောက်ခံပါတယ်”ဟု ထပ်ဆင့် တင်ပြသွားသည်။

မုဖ်သီချုပ်က နိဂုံးချုပ်အနေဖြင့် ဒအ်ဝသ်လုပ်ငန်း တာဝန်ထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်၏ -

﴿ وَلۡتَكُن مِّنكُمۡ أُمَّةٞ يَدۡعُونَ إِلَى ٱلۡخَيۡرِ وَيَأۡمُرُونَ بِٱلۡمَعۡرُوفِ وَيَنۡهَوۡنَ عَنِ ٱلۡمُنكَرِۚ وَأُوْلَٰٓئِكَ هُمُ ٱلۡمُفۡلِحُونَ ١٠٤ ﴾ آل عمران [١٠٤].

﴿ قُلۡ هَٰذِهِۦ سَبِيلِيٓ أَدۡعُوٓاْ إِلَى ٱللَّهِۚ عَلَىٰ بَصِيرَةٍ أَنَا۠ وَمَنِ ٱتَّبَعَنِيۖ ١٠٨ ﴾ يوسف [١٠٨].

ဟူသော အာယတ်တော်(၂)ပါးကို ညွှန်းပြီး ဖော်ပြပါအာယတ်တော် (၂) ပါးအပြင် အလားတူ အာယတ်တော် မြောက်များစွာ၌လည်း အမျိုးသား-အမျိုးသမီး နှစ်ရပ်စလုံး အကျိုး-ဝင်ကြောင်း အမျိုးသား၊ အမျိုးသမီးမခြားဘဲ ဒအ်ဝသ်-သဗ်လိဂ်လုပ်ငန်း၌ ပါဝင်ထမ်းဆောင်ရမည် ဖြစ်ကြောင်း ကိုးကားတင်ပြ၍ တိုက်တွန်းမိန့်ကြားသွားသည်။

(ဆော်ဒီအာရေးဗီးယားနိုင်ငံက အရ်ဗီဘာသာဖြင့် လစဉ်ထုတ်“ရာဗီသွဟ်” စာစောင် အမှတ်စဉ်(၃၆၉) ၁၉၉၅ ခုနှစ်၊ ဒီဇင် ဘာ)

ပြန်ဆိုတင်ပြသူ -

မော်လာနာအီစာ၊ပဲန္ဒယ်ကုန်း (မဟ်မူဒီ) အလ်မီဇာန်၊

“အီမာန်ရှင်အမျိုးသမီးများနှင့် ဒီးန်နေ့အစ္စလာမ်၏ အရေးပါမှု”

အမျိုးသမီးတွင် (ဒီးန်)ရောက်မှ သားသမီးတို့တွင် (ဒီးန်) ဝင်ရောက်လာမည်ဖြစ်ပေသည်။

ကလေးသူငယ်တို့မည်သည်မှာ မိခင်၊ အဒေါ်၊ အစ်မ စသည်များနှင့် လက်ပွန်းတတီး ရှိနေတတ်ကြပေရာ ကလေးသူငယ်တို့မှာ သာသနာ့အသိပညာ ရရှိရေးသည် ထိုကလေးတို့နှင့် ပတ်သက်ရာ အမျိုးသမီးတို့နှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိနေပေသည်။

ထိုအတွက်ကြောင့် ပတ်သက်ရာ မိခင်၊ အဒေါ်၊ အစ်မတို့၌ သာသနာ့အသိတရားများ ရှိထားသင့်ကြပေသည်။ ကလေးသူငယ်တို့၏ ဖခင်၊ ဦးမင်း၊ အစ်ကို စသည်တို့မှာ အိမ်တွင် အမြဲမကွာ ကလေးတို့နှင့် အတူမနေနိုင်ကြပေ။ ဝမ်းစာရှာဖွေနေရခြင်း နိုင်ငံ့ ဝန်ထမ်းဖြစ်နေခြင်း၊ အလွာဟ်လမ်းတော် ထွက်နေရခြင်း စသည်တို့ဖြင့် အချိန်ပေးနေရခြင်းအပေါ်တွင် မိမိတို့၏ သားငယ်၊ သမီးငယ်တို့အား သွန်သင်ဆုံးမလမ်းပြညွှန်ကြားကြရန်မှာ “အချိန်” သည်ဆင်းရဲလှပေသည်။ ကလေးတို့နှင့်ထိတွေ့ရမှု အချိန်သည် နည်းပါးလှပေသည်။

ထို့အတွက်ကြောင့်ပင် ဆရာသခင်အကြီးအကဲများက အမျိုးသားတို့၏ထံ (ဒီးန်) ရောက်ရှိခြင်းသည် အိမ်၏ အပေါက်ဝတွင်သာလျှင် (ဒီးန်)ရောက်ရှိပြီး၊ အမျိုးသမီးတို့ထံ (ဒီးန်) ရောက်ရှိခြင်းသည်သာလျှင် အိမ်၏အတွင်းထဲအထိတိုင် (ဒီးန်) ဝင်ရောက်လာမည်ဖြစ်ပါကြောင်း မိန့်ခွေနေကြပေသည်။ ထို့ကြောင့်အီမာန်ရှင် အမျိုးသမီးတိုင်းမှာ သာသနာ့အသိပညာများအား လေ့လာရှာဖွေ ဆည်းပူးကြရန် အလွန်အရေးကြီး လိုအပ်လှပါကြောင်း သိမှတ်ထားကြရပေမည်။

(ဒီးန်)ရှိသော မိခင်ကောင်းတို့၏ လက်အောက်မှကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးများ၊ အေမာမ်-သခင်ကြီးများ၊ (စွဒီးက်)သစ္စာရှင်ကြီးများ၊ ဝလီသူတော်စင်ကြီးများ၊ အာလင်မ်သာသနာ့ပညာရှင်ကြီးများ၊ (တပ်က်ဝါ) ရှင်ကြီးများ၊ ဟာဖိဇ်များနှင့် အသိပညာရှင် အတတ်ပညာရှင် အတွေး-အခေါ်ပညာရှင်များပေါ်ထွန်း၍လာခဲ့ပြီး ဖြစ်ပေသည်။

ထိုကဲ့သို့ ပညာရှင်များ ဆက်လက်ပေါ်ထွန်း၍ (ဒီးန်၏ ခစ်ဒမဒ်)ကို မဲဟ်နသ်ပြု ကြိုးပမ်း-ဆောင်ရွက်နိုင်ကြစေရန်အတွက် မူလ ပထမ အီမာန်ရှင်အမျိုးသမီးတိုင်းမှာ ဒီးန်၏ အသိတရားများ ဝင်ရောက်သင့်ပေသည် မဟုတ်ပါလော။ မုချဇကန် အသိတရားများ ဝင်ရောက်သင့်ကြပေသည်။

ဤနေရာတွင် အစ္စလာမ့်သမိုင်းမှ နဗီတမန်တော်ကြီး (၂)ပါးတို့၏ ဖြစ်ရပ်မှန်(၂)ရပ် အပေါ် စံနမူနာယူသင့်ကြပါကြောင်းကို ထပ်လောင်း၍ ပြန်လည်တင်ပြလိုက်ရပေသည်။

အစ္စလာမ့်သမိုင်းတွင် တမန်တော်နူးဟ်(အလိုင်ဟစ္စလာမ်) သခင်ကြီးတို့ သားအဖနှင့် တမန်တော် အီဘရာဟိမ်(အလိုင်ဟစ္စလာမ်) သခင်ကြီးတို့ သားအဖ(၂) ပါးတို့၏ ဖြစ်ရပ်-ဇာတ်ကြောင်းကို ပြန်ပြောင်း၍ အောင်းမေ့သတိရ ဆန်းစစ်သုံးသပ်သော် -

တမန်တော်နူးဟ်(အလိုင်ဟစ္စလာမ်)သည် အရှင့်အမိန့်တော်နှင့် ဒအ်ဝသ်သေ့-အစ်လေလ္လာဟ် (အမှန်တရားဘက်သို့ ဖိတ်ခေါ်ခြင်း) လုပ်ငန်းမွန်အား နှစ်ပေါင်း (၉၅၀) တိုင် ကျရောက်လာသော ဒုက္ခအမျိုးမျိုးကို ခံယူပြီး ကြိုးပမ်းလုပ်ဆောင်ခဲ့လေရာ အီမာန်ရှင်အဖြစ် အမျိုသား(၄၀)နှင့် အမျိုးသမီး(၄၀)တို့သည်သာ (ဒီးန်)ကို ရရှိခဲ့ကြပေသည်။ နဗီကြီး၏ဇနီးနှင့် သားပင် အီမာန်မယူခဲ့ကြပေ။ နူးဟ်နဗီသည် မိမိ၏အွမ္မသ်နောက်လိုက်များနှင့် စပ်လျဉ်း၍ ကျွန်တော်မျိုး မတတ်နိုင်တော့ပါကြောင်းကို လျှောက်ထားပြီး မိမိအွမ္မသ်အား အလ္လာဟ်အရှင် မြတ်ထံ အပ်နှံလိုက်လေသည်။

ထိုအခါ အလ္လာဟ်အရှင်မြတ်က နူးဟ်နဗီအား လှေသင်္ဘောကြီး တစ်စီးကို တည်ဆောက်စေပြီး ထိုလှေပေါ်သို့ အီမာန်ရှင် (၈၀)နှင့် တိရိစ္ဆာန်မျိုးစုံ တစ်စုံစီကို တင်စေရန် မိန့်တော်မူခဲ့လေသည်။ မကြာမီ ကမ္ဘာကြီးကိုရေနှင့် ဆေး၍သန့်စင်တော့မည်။ ကောင်းသူကယ်၍ မကောင်းသူများကို ဖယ်ရှားတော့မည်ဖြစ်ကြောင်းကို ဗျာဒိတ်တော်ထားတော်မူလေ၏။

အရှင့်အမိန့်တော်အတိုင်း လှေသင်္ဘောအပေါ်သို့အားလုံးကို တင်ဆောင်ပြီးလေသော အခါ နူးဟ်နဗီသည် သားဖြစ်သူ ကင်နာန်အား မသေစေလိုသော ဆန္ဒဖြင့် သာသနာကို လက်ခံပြီး လှေပေါ်သို့တက်ရန်အတွက် ပြောဆိုခဲ့လေသည်။ ရေ ကေယာမသ်ဖြစ်၍ ကမ္ဘာကို ဆေးကြောတော့မည်၊ ရေလွှမ်းမိုးတော့မည် ဖြစ်ကြောင်းကို သားအား သတင်းပေးခဲ့လေသည်။

သို့ရာတွင် ဒီးန်မရှိသောမိခင်မှ ဖွားမြင်ကြီးပြင်းလာခဲ့သော သားသည် ဖခင်၏ ဒအ်ဝသ်ကို လုံးဝသဘောမပေါက်ခဲ့ဘဲ (အို-ဖခင် ကျွန်တော်၏အရပ် အလွန်မြင့်ပါသည်။ ဖခင်၏ရေအဘယ်ထိတိုင် တက်နိုင်မည်နည်း)

မြင့်စွင့်လှသော တောင်ကို လက်ညှိုးညွှန်ပြလျက် (ရေတက်လာသော် ထိုတောင်၏ အပေါ်သို့ တက်နေပါမည်)ဟု ဖြေခဲ့လေသည်။ ဖခင်နဗီကြီး၏ အမိန့်ကို မနာခံ၍ လှေပေါ်သို့ တက်ရန်အတွက် ငြင်းဆန်ခဲ့လေသည်။

များမကြာမီတွင် အရှင်မြတ်ဘက်တော်မှ မိုးကြီးသည်းထန်စွာ ရွာသွန်းပြီး မြေပထဝီများ အက်ကွဲလျက် ရေများအရှိန်ပြင်းထန်စွာဖြင့် ပန်းထွက်လာခဲ့လေသည်။ ဤသို့ဖြင့် ကမ္ဘာကြီး တစ်ခုလုံး ရေများဖြင့် ဖုံးလွှမ်းသွားခဲ့လေသည်။ နူးဟ်နဗီ၏ သား ကင်နာန် တက်ရောက် ပုန်းခိုရာ တောင်သည်လည်း ရေအောက်၌ နစ်မြုပ်သွားခဲ့လေသည်။ ကင်နာန်လည်း သေဆုံး၍ သွားခဲ့လေပြီ။

နူးဟ်နဗီကြီးမှာ သားသေမှာ စိုးရိမ်ကြီး၍ လွတ်မြောက်ရာ လှေပေါ် ခေါ်တင်ခဲ့ သော်လည်း ဒီးန်မရှိသောမိခင်၏ လက်အောက်မှ သားဖြစ်သူသည် ဒီးန်၏ အသိတရားမရှိခြင်း အပေါ် ဖခင်နဗီ၏ အမိန့်ကိုမနာခံခဲ့ခြင်းကြောင့် နဗီ၏သားသည် မုချသေကြေပျက်စီး၍ သွားခဲ့ရ လေသည်။

အရှင်မြတ်၏ နဗီတမန်တော်တစ်ပါးဖြစ်သော တမန်တော် အီဗရာဟီမ် (အလိုင်-ဟစ္စလာမ်) သခင်ကြီးသည် အလ္လာဟ်အရှင်မြတ်ဘက်တော်မှ သားတော်လေး အီစမာအီလ် (အလိုင်ဟစ္စလာမ်) ကို(ကုရ်ဘာနီ) ပြုလုပ်ရန် အမိန့်တော်မြတ်ကျရောက်လာခဲ့လေသည်။

ဖခင်နဗီကြီးက သားတော်လေးအား (သားတော် ဖခင်ဟာ သားတော်ကို (ဇဘဟ်) ပြု လည်လိုးရတယ်လို့ ညကအိပ်မက်မက်ခဲ့တယ်)လို့ သတင်ပေးလိုက်သည်။ ဖခင်က သေရန် အတွက် ဖိတ်ခေါ်ခဲ့သည်။ ထိုအခါ သားတော်လေးကလည်း (ဖခင်၊ အရှင့်အမိန့် ဆိုရင် ကျွန်တော့်ကို ဆက်ဆက်(ဇဘဟ်)လုပ်ပါ။ ဖခင်လက်မတွန့်ပါနဲ့။ ကျွန်တော်ဟာ အဘယ်မျှလောက် (ဆွဗရ်)ကြံ့ကြံ့ခံနိုင်ရည် ရှိပါသလဲဆိုတာ မကြာမီ ဖခင် သိမြင်ရပါလိမ့်မယ်) လို့ ရဲရဲတောက် ပြောကြားပြီး ဖခင်ကို အားပေးခဲ့လေသည်။ အရှင့်အမိန့်တော် နာခံရန် (သေရန်) အတွက် အဆင်သင့်ဖြစ်သွားခဲ့လေသည်။

ဤဒွန္ဒယာလောကသည် ကျွန်ုပ်တို့အတွက် အရှင်မြတ်၏ အလိုကို ဖြည့်ရန် နေရာပင် ဖြစ်လေသည် မဟုတ်ပါလော။

ဖခင်၏အမိန့်သည် မိမိ၏အသက်ကို သေစေရန်အတွက် ဖြစ်ကြောင်းကို သားတော်လေး သည် သိပါသော်လည်း သေရန်အသင့် ဖြစ်သွားခြင်း တစ်နည်းအားဖြင့် အရှင်၏အမိန့်၊ အရှင်၏ အလိုတော်အား တသဝေမတိမ်း နာခံလိုက်ခြင်းသည် ဒီးန်ရှိသော မိခင်၊ အရှင့်အမိန့်တော်ကို နာခံလိုက်နာခဲ့သော မိခင်ဟာဂျေဒါသခင်မကြီး၏ သွန်သင်ညွှန်ကြား ဆိုဆုံးမမှုများအောက်မှ ကြီးပြင်း ရှင်သန်လာခဲ့ရခြင်းအပေါ်တွင် သားတော်လေးတွင်လည်း အရှင့်အမိန့်တော်ကို နာခံတတ်သောဉာဉ် ဝင်ရောက်လာခြင်းပင်ဖြစ်လေသည် မဟုတ်ပါလော။ မုချဇကန် ဟုတ်မှန် ပေ၏။

တစ်ချိန်တစ်ခါက ဟာဂျေဒါသခင်မနှင့် မွေးကင်းစ လူမမယ် ကလေးအရွယ် သားတော်လေးတို့အား အီဗရာဟီမ်(အလိုင်ဟစ္စလာမ်) နဗီသည် အရှင့်အမိန့်တော်အရ ယခု ကအ်ဘာကျောင်းတော်တည်ရှိရာ အရပ် ယခင်က လူသူမရှိသော လွင်တီးခေါင် သဲကန္တာရတွင် အစာရေစာအနည်းငယ်မျှနှင့် သွားရောက်၍ စွန့်ကာ ထားရစ်ခဲ့လေသည်။

ဟာဂျဒါသခင်မ ခမျာ သဘောမပေါက်ရှာသဖြင့် (ကျွန်မတွင် ဘာအပြစ်ရှိ၍ စွန့်ထားခဲ့ ပါသနည်း)ဟု ငိုယိုကာ မေးခဲ့ရှာ၏။ နဗီကြီးခမျာမှာလည်း မဖြေနိုင်ရှာ။ ရွေရင်ဆို့၍ နေခဲ့ လေသည်။

သခင်မကြီးသည် (၃) ကြိမ်မေးပြီး အဖြေမရလေသော် မေးခွန်းကိုပြင်ဆင်၍ (အရှင့်-အမိန့်တော်ကြောင့် စွန့်လွှတ်ခဲ့တာပါလား)ဟု မေးခဲ့လေသည်။ ထိုအခါ နဗီကြီးက ဟုတ်မှန် ကြောင်း ဦးခေါင်းငြိမ့်ကာပြရှာပါ၏။

ဟာဂျဒါသခင်မသည် အရှင့်အမိန့်တော်ကြောင့်ဖြစ်ကြောင်း သိရသည်နှင့် မျက်ရည်ကို အမြန်သုတ်ကာ (အရှင့်အမိန့်တော်အရ ဆိုပါလျှင် ကျွန်မတို့ သားအမိ(၂)ပါးအား ထားရစ်ခဲ့ပါ။ နောက်ဆံ့ မတင်းပါနှင့်။ မြို့ထဲတွင် ကျွေးသောအရှင်သည် တောထဲတွင်လည်း ကျွေးတော်မူလိမ့် မည်)ဟု ရဲရဲတောက် အဖြေပေးလိုက်ခြင်းသည် (အလ္လာဟ်နဲ့မှဖြစ်တယ်) ဆိုတဲ့ ပြည့်ဝသည့် ယကီးန်စကားရပ်များပင် ဖြစ်လေသည်။

ဟာဂျေဒါသခင်မ၏ ပြည့်ဝသော (အရှင်မြတ်အပေါ် အားကိုး အားထားမှု) ယကီးန် ကြောင့်ပင် အရှင်မြတ်သခင်က ထူးခြားလှသော (ဇမ်ဇမ်)ရေကို ဆုလာဘ်တော်အဖြစ် ပေးသနား

ချီးမြှင့်တော်မူခဲ့လေရာ ယခုထိအောင် ထိုရေမှ အကျိုးထူးများကို ကမ္ဘာသူ ကမ္ဘာသားတို့ အကျိုး-ကျေးဇူး ရယူခံစားကြလျက် ရှိနေကြပေသည်။

ဤသည် အမိန့်နာခံခြင်း၏ ဗရိကသ်တော်ပင် ဖြစ်လေသည်။ အရှင့်အမိန့်တော်နာခံခဲ့ပြီး တောတောင်ကြီးထဲတွင် နေရဲခဲ့ရှာသော(ဒီးန်)ရှိသည့် မိခင်မှ ဖွားမြင်လာခဲ့လေသော သားတော် လေးမှာလည်း ဖခင်၏ စကားကို နားဆင်၍ အရှင်အမိန့်တော်ကို နာခံရန်အတွက် သေရန် အသင့်ဖြစ်သွားခဲ့လေသည်။ ဖခင်၏ ထက်မြက်လှသော ဓါးအောက်တွင် လည်စင်း၍ ပေးခဲ့ ရှာလေသည်။ အရှင့်အမိန့်တော်နာခံကြရာတွင် နဗီသားအဖ (၂)ပါးစလုံးတို့မှာ သတ်ရန်၊ သေရန်အတွက် အသင့်ဖြစ်၍ သွားခဲ့ရလေပြီ။

လည်လှီး၍ ပြီးစီးသောအခါ နဗီကြီးက မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်သည်။ ဓါးအောက်တွင် ဒွန်ဘာခေါ်-သားကောင် တစ်ကောင်က ရောက်ရှိပြီး လှီးဖြတ်ပြီးဖြစ်နေကာ သားတော်မှာ ကား ဘေးကင်းစွာဖြင့် ဓါးလွတ်ရာ၌ တွေ့မြင်ခဲ့ရလေသည်။

နဗီကြီး(၂)ပါးတို့၏ သမိုင်းကြောင်းကို ပြန်ပြောင်း၍သုံးသပ်ကြည့်ပါလေ။

နူးဟ်နဗီကြီးက သားသေမှာ စိုးကြောက်သော်လည်း အမိန့် မနာခံခြင်း၏ အပေါ်တွင် သားသည် မုချမလွဲ သေဆုံးပျက်စီးခဲ့ရလေသည်။ သေမှာကြောက်သောသား အသေဆိုးနှင့် သေဆုံးခဲ့ရလေပြီ။

အီဗ်ရာဟီမ်နဗီကြီးက အရှင့်အလိုတော် အမိန့်တော်အရ သားကို သေရန် လိုလားခဲ့လေ သည်။ သား၏လည်ပေါ်ဓါးတင်ပြီး လှီးချခဲ့လေသည်။ သို့ရာတွင် အရှင်မြတ်သခင်က သားတော် ကို မသေစေခဲ့ဘဲ ရှင်သန်စေခဲ့၏။ ဤသည် အရှင့်အမိန့်တော်နာခံခြင်း၏ အကျိုးဆက်ပင် မဟုတ်ပါလော။

အမိန့်မနာခံတတ်သော ဒီးန်မရှိသည့် မိခင်မှ အမိန့်မနာခံတတ်သော သား ကင်နာန်ကို ဖွားမြင်ပေါ်ပေါက်လာသကဲ့သို့ အမိန့်နာခံတတ်သော ဒီးန်ရှိသည့် မိခင်ဟာဂျေဒါမှ အမိန့်နာခံ တတ်သော သားတော်လေး အစ်မာအီလ်ကို မွေးဖွားသန့်စင် ထွန်းကား၍ လာခဲ့ရလေသည်။

နူးဟ်နဗီသားအဖ၏ လက်ထက်တွင် ရေလွှမ်းမိုးမှုဖြင့် (ဘိုင်တွလ်မအ်မူရ်) ကို ကောင်းကင်ထက်သို့ ကြွယူတော်မူခဲ့သောကြောင့် ကမ္ဘာတွင် ဘိုင်တွလ္လာပျောက်ခဲ့ရသည်။

အီဘရာဟီမ်နဗီသားအဖ (၂) ပါး၏ လက်ထက်တော်တွင် အရှင်မြတ်ကို ခဝပ်ရာ ဝတ်ကျောင်းတော် ကအ်ဘာကို တည်ဆောက်ခဲ့ကြသဖြင့် ကမ္ဘာတွင် ဘိုင်တွလွာ ရောက်ရှိခဲ့ ရလေသည်။

ထို့ကြောင့် အမျိုးသမီးတို့၏ထံတွင် ဒီန်းဝင်ရောက်ရန်မှာ မည်မျှ အရေးကြီးလှပါကြောင်း ကို စဉ်းစား သုံးသပ်ကြည့်သင့်လှပေသည်။

“အဘွားတို့၏ သာသနာ့သောကမှ ပေါ်ထွန်းလာခဲ့သော နဗီ နှင့် မုဂျဒ်ဒိဒ်”

“နဗီ”သည်(မစီးဟ် အီစာ ရူဟွလွာ အလိုင်ဟစ္စလာမ်) “မုဂျဒ်ဒိဒ်”သည် မော်လာနာ အိလ်ယားစ် ကာန်ဒလ်ဝီ (ရဟ်မသွလွာအလိုင်းဟ်) သခင်များဖြစ်ကြလေသည်။

“နဗီတမန်တော်” ဟူသည်မှာ ရှေးရှုရှီအတ်တော်ကိုလည်းကောင်း၊ ယခုရှုရှီအတ်တော်ကို လည်းကောင်း ပြန်လည်ရှင်သန်စေသူ ဖြစ်၏။

“မုဂျဒ်ဒိဒ်” ဟူသည်မှာ သာသနာတော်အတွင်း၌ သာသနာရေးရာ မဟုတ်သော အညစ်-အကြေးများ ရောယှက်နေသည်ကို ပယ်ထုတ်ပစ်လျက် သာသနာတော်ကို သန့်စင်သောသူပင် ဖြစ်လေသည်။ ရစူလ်ကိုယ်တော်က“မုချဇကန် အလ္လာဟ်အသျှင်မြတ်သည် ရာစုနှစ်တိုင်း၏အစ၌ ဤအွမ္မသ်အတွက် သာသနာတော်အား ပြန်လည်သန့်စင်စေရန် (မုဂျဒ်ဒိဒ်) ပုဂ္ဂိုလ်ထူးတို့အား စေလွှတ်တော်မူလေသည်”ဟု မိန့်တော်မူခဲ့လေသည်။

“ဟန်နာ”မည်သော သူတော်စင်အမျိုးသမီးတစ်ပါးက ထားရှိခဲ့သော သာသနာ့သောက အပေါ်တွင် အင်နဲ်ဂျီလ်ကျမ်းရ နဗီ(မစီးဟ် အီစာ ရူဟွလွာ အလိုင်ဟစ္စလာမ်)အား အလ္လာဟ်အရှင်မြတ်က ဖွားမြင်ပွင့်ပေါ်စေတော်မူခဲ့လေသည်။ သမိုင်းကြောင်းကို အကျဉ်းချုပ်၍ တင်ပြရမည် ဆိုပါသော် -

(မစီးဟ် အီစာ ရူဟွလွာဟ် အလိုင်ဟစ္စလာမ်) သခင်သည် မွန်မြတ်သော အမျိုးသမီး အပျိုစင်စစ်(မရ်ယမ်) သခင်မကြီး၏ ရင်နှစ်သည်းချာ သားရတနာဖြစ်၏။ (မရ်ယမ်) သခင်မ၏ ဖခင်မှာ(အင်မ်ရားန်) သခင်မ၏မိခင်မှာ(ဟန်နာ) သခင်မဖြစ်၏။ မိဘ(၂)ပါးလုံး အမျိုးနွယ် မြင့်မြတ်၍ အင်မ်ရားန်သခင်ကြီး၏ အထက်ဆက်(၁၄) ဆက်မှာ စိုလိုင်မံနဗီဖြစ်တော်မူပြီး (၁၅)

ဆက်မှာ ဒါဂူးဒ်နဗီသခင် ဖြစ်လေသည်။ ဟန်နာသခင်မကြီးသည်လည်း ဒါဂူးဒ်နဗီသခင်၏ မျိုးနွယ်ဆက်မှပင် ဖြစ်လေသည်။

အင်မ်ရားန်သခင်ကြီးမှာ ဂျေရုဆလင်မြို့၏ ထွဋ်မြတ်သောဗလီ (မစ်ဂျစ်ဒ့အပ်က်စွာ) ခေါ် ဘိုင်တွလ်မုက္ကဒပ်စ် ဝတ်ကျောင်းတော်တွင် အေမာမ်လည်းဖြစ်၍ (ဖသ်ဝါ) ဓမ္မသတ် ပေးနိုင်သော ပညာရှင်၊ အမလ်အေဘာဒတ် လွန်စွာပြုလုပ်သော သူတော်စင်လည်း ဖြစ်လေသည်။ သောင်ရားသ်ကျမ်းတွက်နှင့်အညီ လိုက်နာကျင့်ကြံ အမလ်ပြုလုပ်သော ဝလီသူတော်စင်စစ်ဖြစ်သကဲ့သို့ ဇနီးဟန်နာ သခင်မသည်လည်း အပြစ်ရှောင်ကြဉ်သူ၊ နေ့ည မပြတ် အေဘာဒတ် ၌ မွေ့လျော်သူ သူတော်စင်မဖြစ်လေသည်။ ဗနီအစ္စရာအီလ် အမျိုးအနွယ်တို့သည် သူတော်စင် ဇနီးမောင်နှံ(၂)ပါးစလုံးတို့အား လွန်စွာလေးစားရိုသေကြလေသည်။ ဟန်နာသခင်မကြီး၏ အစ်မတော်သည် "အလီရှဘအ်(ခေါ်)အီရှာအ်"ဖြစ်၍ နဗီတမန်တော် ဇကရီယာ (အလိုင်-ဟစ္စလာမ်) သခင်၏ ကြင်ယာတော်ဖြစ်လေသည်။ အင်မ်ရားန်သခင်နှင့် ဇကရီယာ နဗီသခင်တို့သည် မယား ညီအစ်ကိုတော်စပ်ကြလေ၏။

တစ်နေ့သောအခါ ဟန်နာသခင်မကြီးမှာ အသိုက်အမြုံတစ်ခုမှ ငှက်မိသားတစ်ခုကို တွေ့မြင်တော်မူပြီး မိမိ၏မျိုးနွယ်ဆက်မှ သာသနာတော်ကို ဆက်ခံရန် သာသနာအပေါ် ကြိုးပမ်းရန်အတွက် သားရတနာကို လွန်မင်းစွာ လိုလားတောင့်တမိသောကြောင့် အလ္လာဟ်အရှင့်ထံ သားဆုပန်ခဲ့လေသည်။ တဆက်တည်းမှာပင် ထိုသားရတနာအား ဘိုင်တွလ်-မုက္ကဒပ်စ် ကျောင်းတော်၏ (ခစ်ဒ်မဒ်) ပြုစုရန် ပေးအပ်လှူဒါန်းပါမည်ဟုလည်း နဇရ်ကိုးလိုက်လေ၏။ အင်မ်ရားန်သခင်ကြီးမှာ သား သမီး မမွေးဖွားမီ ကွယ်လွန်ဝဖားသ် ဖြစ်တော်မူခဲ့လေသည်။

ဟန်နာသခင်မကြီး မွေးဖွားသောအခါ သမီးမိန်းကလေးဖြစ် နေသောကြောင့် မိမိ၏ အဓိဋ္ဌာန်(နဇရ်)ကိုးထားမှုကို ဝတ်ကျောင်းတော်မှ ကျမ်းတတ်ပညာရှင်များ အာလင်မ်အကြီး-အကဲများထံ တင်ပြ၍ အဆုံးအဖြတ်ကို တောင်းခံခဲ့ရှာလေ၏။ ပညာရှင်များက ကိုးထားသည့် အတိုင်း ဆောင်ရွက်ရမည်ဟု ဆုံးဖြတ်ချက် ချမှတ်သဖြင့် ငယ်ရွယ်လှသော (မရ်ယမ်) သခင်မလေးကို အုပ်ထိန်း စောင့်ရှောက်ရန် အကြောင်းသည် ပေါ်ပေါက်၍လာခဲ့လေသည်။ ကျောင်းတော်၏ဂေါပကများ၊ ပညာရှင်များ၊ တာဝန်ရှိသူများ အားလုံးကပင် သခင်မလေးအား မွေးစားစောင့်ရှောက်လိုကြပေရာ မွေးစားခွင့်ရစေရန်အတွက် ဇကရီယာနဗီသခင်နှင့် ကျမ်းတတ်ပညာရှင်များသည် နဇရ်ကိုးအဓိဋ္ဌာန်ထား၍ ကျမ်းကူးရေးသောမိမိတို့၏ ကလောင်တံများကို

အသီးသီးရေထဲတွင် ပစ်ချခဲ့ကြလေသည်။ အားလုံး၏ ကလောင်တံများရေတွင် နစ်မြုပ်သွားကြသော်ငြားလည်း ဇကရီယာ (အလိုင်ဟစ္စလာမ်)၏ ကလောင်တံသည်ကား ရေပေါ်တွင် ဖောဖော ပေါ်ပြီး အထက်ဘက်သို့ ဆန်တက်ကာ ကူး၍ နေလေတော့၏။ ထိုအကြောင်းကြောင့် မရ်ယမ်သခင်မလေးအား ဇကရီယာနဗီသခင်နှင့် အဒေါ်ဖြစ်သူ အလီရှဘအ် သခင်မတို့က အုပ်ထိန်းစောင့်ရှောက်ခွင့်ကို ရရှိခဲ့ကြလေသည်။

မရ်ယမ်သခင်မလေးကို ကျောင်းတော်၏ အနီးတွင် အဆောင်တော်တစ်ခု တည်ဆောက်၍ ထိုအဆောင်တွင် နေစေပြီး ညဥ့် အဒေါ်ဖြစ်သူ မွေးစားမိခင်၏ နေအိမ်တွင် ပြန်လည် အိပ်စက်ခဲ့၏။ သခင်မလေးသည် လူမှန်းသိတတ်ကာစမှပင် နေ့အချိန်တွင် အလွှာဟ်အေဘာဒတ်၌ အချိန်ကုန်စေပြီး အလှည့်ကျသော ရက်များတွင် ကျောင်းတော်၏ ဝေယျာဝစ္စများကို ဆောင်ရွက်ခဲ့၍ ညစဉ် ညတိုင်းမှာ ညကို(၃)ပိုင်းပိုင်းပြီး တစ်ပိုင်းတွင်သာ အိပ်စက်အနားယူကာ ကျန်(၂)ပိုင်း၌ အေဘာဒတ်တွင်သာ မွေ့လျော်နေပါ၏။

အစ္စရာအီလ်လူမျိုးတို့သည် လိမ္မာယဉ်ကျေး၍ အေဘာဒတ်တွင် လေးစားလိုက်နာပြီး ဘာသာတရားကို ကိုင်းရှိုင်းသည့် သခင်မလေးကို အထူးဂုဏ်ပြုကာ စံနမူနာယူဖွယ်ရာအဖြစ် မိမိတို့၏ သားသမီးများအား လမ်းညွှန်ပြသ သွန်သင်ဆုံးမကြကုန်၏။ ဇကရီယာ နဗီကြီးက သခင်မလေး၏ အဆောင်တော်သို့ အစားအစာများကို ပို့ဆောင်ပေးရ၏။ ထိုအခါ သခင်မလေး၏ ထံပါးတွင် ရာသီမဲ့ သစ်သီးဝလံများ၊ စားသောက်ဖွယ်ရာများကို တွေ့မြင်ခဲ့ရလေရာ မည်သို့ပါနည်းဟု အံ့သြကြီးစွာ မေးမြန်းတော်မူခဲ့လေသည်။ သခင်မလေးက (အလွှာဟ်ထံတော်မှ ပို့ပေးသော အစားအစာများ ဖြစ်ကြောင်း) လျှောက်တင်ခဲ့လေရာ သခင်မလေး၏ မွန်မြတ်မှု အဆင့်အတန်းအား မြင့်မားကြောင်းကို နဗီသခင်ကခန့်မှန်းနိုင်ခဲ့လေသည်။

တစ်နေ့သောအခါ မရ်ယမ်သခင်မလေး အချိန်တန်ရွယ်ရောက် အပျိုစင်ဘဝ ရောက်လာသောအခါ သမယအဆောင်တော် အတွင်း၌ တစ်ပါးတည်း စံမြန်းတော်မူနေစဉ် မည်သူမျှ မမြင်နိုင်စေရန် ခန်းစီးပရ်ဒါ ခြုံလွှာစောင် ကာရံ၍ စံနေတော်မူစဉ် ရုတ်တရက် ချက်ချင်း ပရ်ဒါအတွင်းသို့ ဂျစ်ဘရာအီလ် ဖရစ်ရှ်သာကောင်းကင်တမန်ကြီးသည် သူပျိုအသွင် စီရင်ကာ သခင်မလေး၏ ရှေ့တော်မှောက်တွင် ရပ်တော်မူခဲ့လေသည်။

သခင်မလေးက ကြောက်ရွံ့ထိတ်လန့်စွာနှင့် ဤသို့ပြောကြား တားမြစ်ခဲ့လေသည်။ (အသင်၏ ဘေးအန္တရာယ်မှ လွတ်ကင်းအံ့သောငှာ၊ အနန္တကရုဏာတော်ရှင်၏ အထံတော်၌ ခိုလှုံပါ၏။ သင်သည် အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုကျိုးလျှင် ကောင်းလေစွ)၊ (၁၉း၁၀)

ဂျစ်ဘရာအီလ် ဖရစ်ရှ်သာကြီးက (သူသည် (အင်နစ်စာန်)လူသား မဟုတ်ကြောင်း အလွှာဟ်အရှင် စေလွှတ်တော်မူသော ကောင်းကင်တမန်ဖြစ်ကြောင်း ထိုအရှင်က သင်မ၏ ဝမ်းကြောတိုက်တွင် မြင့်မြတ်သော အီစာ ရူဟွလ္လာ သခင်အား သန္ဓေစွဲယူစေတော် မူမည် ဖြစ်ကြောင်း မင်္ဂလာသတင်း ပြောကြားရန်အတွက် ရောက်လာရပါကြောင်း ထိုသခင် အီစာ ရူဟွလ္လာဟ်သည် ကောင်ကင်ကျမ်းရ ရစူလ်တမန်တော်တစ်ပါးဖြစ်ပြီး ထူးခြားသော မုအ်ဂျေဇာ တန်ခိုးပြဋိဟာများကို ရရှိမည်ဖြစ်ခြင်း၊ လူတို့အား ကောင်းရာဘက်သို့ ဖိတ်ခေါ်ညွှန်ကြားခြင်း၊ မကောင်းမှုများမှ တားမြစ်တော်မူခြင်း၊ တစ်ပါးတည်းသော အရှင်သခင် အလွှာဟ်အရှင်မြတ်ကို သာ ခဝပ်ရိုကျိုးစဂျဒါပြုရမည်ဖြစ်ခြင်းတို့ကို ဟောပြသွန်သင်တော်မူလိမ့်မည် ဖြစ်၍ သန္ဓေ၌ ရှိစဉ် အခါသမယ၌ပင် အရှင်မြတ်က နက်နဲသိမ်မွေ့သော ဉာဏ်တော်များကို ချီးမြှင့်ပေးသနား တော်မူပေလိမ့်မည်)ဟု လျှောက်ထားတော်မူခဲ့လေသည်။

ကောင်းကင်တမန်၏ ထူးဆန်းသော မင်္ဂလာသတင်းကြောင့် သခင်မလေးမှာ လွန်စွာ-မှပင် အံ့သြခြင်းကြီးမားစွာဖြင့် (အို-ကောင်းကင်တမန်တော်၊ ငါသည် အပျိုစင်ဖြစ်ပြီး မည်သည့် ယောကျ်ားနှင့်မှလည်း ထိမ်းမြားခြင်းကို မပြုခဲ့သည့်ပြင် ဧနာ ဖောက်ပြားမှုကိုလည်း မပြုခဲ့ပေ။ ထို့ကြောင့် အဘယ်ကဲ့သို့ သား ရတနာကို ရရှိနိုင်ပါအံ့နည်း)ဟု မေးမြန်းခဲ့လေသော် (အလွှာဟ် အရှင်မြတ်သည် အလိုရှိရာကို ဖန်ဆင်းတော်မူကြောင်း ကိစ္စရပ် တစ်ခုအား စီရင်ဆုံးဖြတ် သတ်မှတ်ပြဋ္ဌာန်းတော်မူပြီးလျှင် ထိုအရာ ကို "ဖြစ်စေ"ဟု မိန့်တော်မူရုံမျှနှင့် ထိုအရေးကိစ္စတို့မှာ တမဟုတ်ချင်း ဖြစ်ပေါ်လာလေသတည်း)။(၃း၄၇)ဟု လျှောက်တင်ပြီးနောက် (အို-မရိယမ် သခင်မ၊ အရှင်မြတ်၏ ရဟ်မသ်ကရုဏာတော်သည် သင်မအပေါ်လွှမ်းခြုံကျရောက်တော်မူပြီ။ သင်မ ဖွားလာမည့် ရစူလ်အလောင်းတော်သည် အလွှာဟ်အရှင်မြတ်၏ ရွေ နုတ်ကပါဋ္ဌတော်မှ "ဖြစ်စေ"ဟူသော အမိန့်တော်နှင့် နဗီဖြစ်ခြင်းကြောင့် (မုက္ခပါဋ္ဌတော်)ဟု ခေါ်တွင်မည် ဖြစ်ကြောင်း၊ (မစီးဟ်)ဟူသော ဘွဲ့တော်နှင့်လည်း ထင်ပေါ်ကျော်ကြားမည် ဖြစ်ကြောင်း၊ ဒုန္နယာ၊ အာခေရသ်(၂)ဋ္ဌာနတွင် ဂုဏ်အရှိန်အဝါ ကြီးမြင့်မည် ဖြစ်ကြောင်း၊ အရှင်မြတ်နှစ်မြို့ ချစ်နှစ်သက်သော ရစူလ်ဖြစ်ကြောင်း၊ ဖမိတို့၏(နွေတ်သ်ဖွာ) များမှကင်းရှင်းသန့်စင်တော်မူပြီး

အရှင်မြတ်၏ တန်ခိုးတော်နှင့် အဖန်ဆင်းခံရသောကြောင့် (ရူဟွလွာ)ဟူသည့် ဘွဲ့နာမဖြင့်လည်း ခေါ်တွင်ထင်ရှားစေမည် ဖြစ်ကြောင်း ကောင်းကင်ကျ ကျမ်းတော်(အင်နှ်ဂျီလ်)ကျမ်းတော်အား ပေးအပ် ချီးမြှင့်ခြင်း ခံရမည်ဖြစ်ကြောင်း၊ သန္ဓေသားဘဝမှာပင် မြင့်မားသော အသိဉာဏ်နှင့် အေလင်မ်ပညာများ ချီးမြှင့်ခြင်းခံရမည် ဖြစ်ကြောင်း၊ ဖွားမြင်ကာစ မွေးကင်းစ၌ပင် လူတို့နှင့် စကားပြောဆိုမည် ဖြစ်ကြောင်း၊ အချိန်သမယတစ်ခုတွင် ရန်သူများလက်တွင်းမှ ကယ်တင်ပြီး မြင့်မြတ်သော ကောင်းကင်ထက်ရှိ ဂျန္နသ်တွင် စံမြန်းခွင့် ပြုလိမ့်မည်ဖြစ်ကြောင်း၊ ကေယာမသ် နီးလာလေသော် ကောင်းကင်ဘုံမှ ဤလောကသို့ ပြန်လည်သက်ဆင်းတော်မူ၍ လူသားများကို လမ်းမှန်တရားဟောကြားတော်မူပြီး အရှင်မြတ်၏အလိုတော် ဆန္ဒအတိုင်းပြည့်စုံစွာ ဆောင်ရွက်တော်မူမည့်အကြောင်း)များကို သတင်းကောင်းပေးပြီးလျှင် သခင်မလေး၏ နှုတ်ခံတွင်းအတွင်းသို့ သန့်ရှင်းသောအဖန်ဆင်းခံ ရူးဟ်ဝိညာဉ်တော်အား မှုတ်သွင်းတော်မူခဲ့လေသည်။ အီစာ ရူဟွလွာဟ် သန္ဓေသားသည် မယ်တော်သခင်မ၏ ဝမ်းကြောတိုက်အတွင်း တမဟုတ်ချင်း သန္ဓေစွဲယူတော်မူခဲ့လေသည်။

ဤသည် ခြုံငုံစဉ်းစားသုံးသပ်နိုင်ရန်အတွက် အီစာ ရူဟွလွာဟ် သခင်၏ သန္ဓေစွဲယူခြင်းကို အကျဉ်းချုပ်၍ တင်ပြလိုက်ရခြင်းဖြစ်ပေသည်။ သူတော်စင်မ ဟန်နာသခင်မကြီး၏ သာသနာ့သောကနှင့် ဒိုအာဆုပန်မှုသည် မည်မျှထိရောက်သနည်းဟူမူ သားသမီး လက်ထက်တွင် မပြည့်ဝခဲ့သော်လည်း မြေးလက်ထက်အောက်တွင် ပြည့်စုံကုံလုံခဲ့ရလေပြီ။ ကျမ်းရ ရစူလ်တမန်တော်တစ်ပါးအဖြစ် ပွင့်လာတော်မူပြီး သာသနာတော်အား ဆက်လက်ရှင်သန်စေတော်မူခဲ့လေသည်။

ဤသည် သူတော်စင်အမျိုးသမီးတစ်ပါး၏ သာသနာ့သောကနှင့် ဒိုအာဆုမွန်၏ အကျိုးသက်ရောက်မှုပင် ဖြစ်လေသည် မဟုတ်ပါလော။

ထိုနည်းတူစွာပင် ယခု(၁၄) ရာစု၏(မုဂျဒ်ဒိဒ်) သာသနာ့သန့်စင်သူ မော်လာနာ အီလ်-ယားစ် ကာန်ဒလ်ဝီ (ရဟမသွလ္လာအလိုင်းဟ်) သခင်ကြီးသည်လည်း အဘွားဖြစ်သူ (ဘီအမသွရ်-ရဟမာန်(ခေါ်)အွမ်မီဘီ)၏ သာသနာ့သောကမှ ပေါ်ထွန်းလာခဲ့ရပေသည်။ အွမ်မီဘီသည် ကိုယ်တိုင်လည်း သူတော်စင်မ ဖြစ်ခဲ့သည်။ ဖခင်သည် မော်လာနာ မုဇဖရ်ဟုစိုင်န် ဖြစ်၍ ထိုသခင်မကြီးမှာ လောကီရေးရာများတွင် လုံးဝအကျွမ်းတဝင် မရှိခဲ့ပေ။ အစဉ်အမြဲ နမာဇ်၊ ဇကိရ်၊ သေလာဝတ် စသည်တို့တွင်သာ နစ်မွန်းနေလေ့ရှိ၏။ မုန့်၊ ထမင်းတို့ကိုလည်း

တောင်းလေ့မရှိ။ တစ်ယောက်ယောက်က လာချပေးလျှင် စား၏။ မချပေးသော် မစားဘဲ နေလေ့ရှိ၏။ တစ်ကြိမ်သော် တစ်ယောက်က (ယခုကဲ့သို့ အားအင်ပြတ်လပ်မည် စိုးရသော အရွယ်တွင် မစားမသောက်ဘဲနှင့် ဘယ်ကဲ့သို့ နေနိုင်ပါသလဲ)ဟု မေးရာ (သပ်စ်ဗီးဟ်၊ ဖတ်ခြင်းဖြင့် အာဟာရ ဖြစ်နေပါသည်)ဟု အဖြေပေးခဲ့လေသည်။

အွမ်မီဘီ၏သမီး (ဘီစဖီယာ)သည်လည်း ကုရ်အာန်ဟာဖေဇာဖြစ်ပြီး ရမဇာန်လတွင် နေ့စဉ် ကုရ်အာန်တစ်ခတမ် အစအဆုံး တစ်ကြိမ်ဖတ်လေ့ရှိ၏။ တစ်ချိန်တွင် မော်လာနာ မုဟမ္မဒ် အစ္စမာအီလ်၏ ဟောကြားသည့်တရားကို ကြားနာပြီး ဒွန္ဒယာရေးတွင် နစ်မွန်းပျက်စီးလျက် ရှိနေသော အွမ္မသ်၏ အခြေအနေပေါ်တွင် အွမ်မီဘီသခင်မသည် များစွာ သောကဝင်ခဲ့ရ၏။ မောင်လာနာ မုဟမ္မဒ် အစ္စမာအီလ်နှင့် သမီးဖြစ်သူ ဘီစဖီယာကို ကိုယ်တိုင်ပင် ကြောင်းလမ်း နေကာဟ်ပြုပေးခဲ့ပြီးလျှင် အွမ္မသ်အတွက် သောကဖက်လျက် သာသနာကို သန့်စင်ကူညီမည့် သားကောင်း ပေါ်ထွန်းမည်ကို မျှော်လင့်ကာ ဆုပန်ခဲ့ခြင်းအပေါ်တွင် အရှင်မြတ်က မောင်လာနာ မုဟမ္မဒ် အစ္စမာအီလ်နှင့် ဘီစဖီယာတို့မှ မုဂျဒ်ဒိဒ်သခင် ယခု သဗ်လိဂ်ခေါင်းဆောင်ကြီး မောင်လာနာ မုဟမ္မဒ် အိလ်ယားစ်(ရဟ်မသွလ္လာအလိုင်းဟ်) သခင်ကို ဖွားမြင်တော်မူလေသည်။ မုဂျဒ်ဒိဒ် အဖြစ်နှင့် သာသနာကို သန့်စင်စေခဲ့လေသည်။

အဘွားဖြစ်သူ သူတော်စင်မ ဟန်နာသခင်မကြီး၏ သာသနာ သောကအပေါ်မှာ မြေးတော်ဖြစ်သူ (မစီးဟ် အီစာ ရူဟွလ္လာ)ကို ပေါ်ထွန်းလာစေသကဲ့သို့ အဘွားဖြစ်သူ သူတော်စင်မ အွမ်မီဘီ၏ သာသနာ့သောကအပေါ်တွင် မြေးဖြစ်သူ မော်လာနာ မုဟမ္မဒ် အိလ်-ယားစ် သခင်ကို ဖွားမြင်ပေါ်ထွန်းစေပြီး သာသနာတော်ကို သန့်စင်စေခဲ့လေသည်။ အမျိုးသမီးတို့တွင် ဒီန်း၏ အသိတရားများ ဝင်ရောက်၍ ဒီးန်အတွက် သောကထားခြင်းအပေါ်တွင် ဤကဲ့သို့သော ရလဒ်များ ပေါ်လွင်ထင်ရှားခဲ့လေရာ ယနေ့အီမာန်ရှင်အမျိုးသမီးတိုင်း၏ထံတွင်လည်း ဒီးန်ဝင်ရောက်လာရန်မှာ မည်မျှအရေးကြီးလှပါဘိသနည်း။

ဒီးန်၏ အသိတရားများရှိကြမှသာလျှင် ဒီးန်အတွက်ကို သောကထားနိုင်ကြပေလိမ့်မည်။ ထို့အတွက်ကြောင့် ဒီးန်၏ အသိပညာများကို ရှာဖွေကြရာတွင် အမျိုးသမီးတို့အား မဟန့်တားသင့်ကြဘဲ နှစ်ခြိုက်လိုလားစွာပင် အားပေးသင့်ကြပေသည်။

အီမာန်ရှင်အမျိုးသမီးတိုင်းသည် ကိုယ်တိုင်ပင် အရှင့်အမိန့် တော်များအပေါ်နာခံ၍ အမလ်အေဘာဒတ်များကို ပြုလုပ်ဆောက်တည်ကြပြီး မိမိတို့၏ မျိုးနွယ်ဆက်များအတွက် သာသနာ့သောကများ ထားကြ၍ အရှင်မြတ်ထံ ဒုိအာဆုပန်မှုများကို များစွာပြုလုပ်ကြရန် ထိုက်သင့်လှပေသည်။

ထိုကဲ့သို့ သာသနာ့သောက ရင်ဝယ်ပိုက်မှုနှင့် လက်မြောက်၍ ဒုိအာဆုပန်မှုများ အပေါ်တွင် သနားကြင်နာတော်မူသော အရှင်မြတ်၏ ချီးမြှင့်မှုဖြင့် အဖိုးမဖြတ်နိုင်သည့် သားကောင်းသမီးကောင်း ရတနာ တန်ဖိုးကြီးမားလှသော အာလင်မ်များ ပေါ်ထွန်းလာပြီးလျှင် ဒီးန်သာသနာအပေါ်တွင် ဆက်ခံကြုိးပမ်းသွားနိုင်ကြပေမည် ဖြစ်၏။

ဤတွင် (**သင်၏ဇနီးကိုပြောပြပါ**) စာစဉ်ပြီးဆုံးပြီ ဖြစ်ပါသည်။ ဤစာစဉ်မှ အကျိုး-တရားများ ရယူခံစားနိုင်ကြပါစေ။

ချမ်းမြေ့ကြည်သာ (သာစည်)